


လုံးချင်းဝတ္ထုသစ်

# ဆုလေးနှယ်

(ရန်ကုန်တက္ကသိုလ်)

## စိုင်းအောင်ရှာလိုက်ပါ

စာမူခွင့်ပြုချက် ······ ၅၀၁၂၈၆၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက် ··· ၅၀၀၀၀၇၀၁၁၁

**ထုတ်ဝေခြင်း** - ပထမအကြိမ်

၂၀၁၁ မတ်လ

**အုပ်ရေ** - ၁၀၀၀-အုပ်

**တန်ဖိုး** - သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ** - L လင်း

**စီစဉ်သူ** -ဒေါ်ငွေးငွေးမော်

၈၉၅.၈၃

ဆုလေးနှယ်
စိုးအောင်ရှာလိုက်ပါ / ဆုလေးနှယ်။ - ရန်ကုန်
ညာဏ်ဝင်း စာပေ ၂၀၁၁၊
၂၆၅ - စာ ၊ ၁၂. ၅ x ၁၇. ၅ စင်တီ။
(၁) စိုးအောင်ရှာလိုက်ပါ

ဒေါ်ငွေးငွေးမော်၊ ညာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇) ၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်း ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# ဆုလေးနွယ်

# စိုးအောင်ရှာလိုက်ပါ

မယ်မှုုးက မွေးနေ့မနက်ခင်းမို့ ဖေဖေနှင့်အတူ ဘုရားက ပြန်လာပြီးလျှင် လက်မှ နာရီလေးကို တစ်ချက်ကြည့်လိုက်ပါသည်။

ဆယ်နာရီလောက်ဟု သူငယ်ချင်းတွေကို ဖိတ်ထားတာ။ ရင်းနှီးတဲ့ သူငယ်ချင်း ငါးယောက်လောက်ပဲ အိမ်ကို ဖိတ်တာပါ။

မွေးနေ့ကိတ်လှီးမယ်၊ ဟက်ပီးဘတ်ဒေးသီချင်း သံပြိုင်ဆိုကြမယ်၊ ပြီးရင် အိမ်မှာ ချက်ထားတဲ့ ရွှေတောင် ခေါက်ဆွဲ အတူစားကြမယ်၊ ဗီဒီယိုရိုက်ကြမယ်၊ ဒီလောက်ပါပဲ။

ဉာဏ်ဝင်းစာပေ

နေ့လည်ဆယ့်နှစ်နာရီထိုးရင် စီးတီးအက်ဖ်အမ်က ဆရာစံဇာဏီဘိုရဲ့ Happy Birthday အစီအစဉ် နားထောင် မယ်၊ ဗေဒင်ဟောတာ လိုက်မှတ်မယ်ဟု မယ်မှူးစိတ်ကူ ထားသည်။

ဒီနေ့တစ်နေ့လုံး ဒေါသမောဟတွေ မထားဘဲ အတတ်နိုင်ဆုံး ကုသိုလ်စိတ်မွေးကာ စိတ်ကို ကြည်ကြည် လင်လင်လေးထားဖို့လည်း ဆုံးဖြတ်ထားသည်။

ကောင်းမှုတွေလည်း ရှာကြံလုပ်ရမည်။

ဖယောင်းတိုင်ဗူးလေးကိုဆွဲကာ မီးခြစ်ပါ စားပွဲပေ အသင့်တင်ထားလိုက်သည်။

လူစုံမှ ကိတ်မုန့်လှလှကို လှီးရမည်။

မနေ့ကတည်းက အော်ဒါမှာထားတဲ့ ကိတ်ဗူးကြီးက အကြီးကြီး။ စက္ကူဗူးဖုံးကို အသာလေး မ,ကာ မယ်မှူးက တစ်ချက်ကြည့်လိုက်သည်။





နာမည်ရယ် .... ဟက်ပီးဘတ်ဒေး စာတမ်းရယ်ပဲ ရေးထိုးပေးဖို့ မှာထားခဲ့တာကြောင့် ကြည်နူးစွာ ဖတ်လိုက် သည်။

ဟင် ...

အခါလွန်မိုးတဲ့ ... ။

ဟက်ပီးဘတ်ဒေး စာတမ်းကအောက်မှာ ...။

ဒါ ဘယ်လိုဖြစ်ရတာလဲ။

မယ်မှူး မျက်မှောင်ကုတ်သွားပြီး ...

"မေမေရေ ... ကိတ်ကြီးက မှားနေပါလား"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"သမီးက ချော့ကလက်ကိတ်ပေါ်မှာ သမီးနာမည် ကို အနီရောင်စာတမ်း ထိုးခိုင်းတာ၊ အခုက အဖြူရောင် ခရင်မ်တွေနဲ့ တခြားတစ်ယောက် နာမည်ကြီး ဖြစ်နေပါလား"

"ဟော်တော့၊ ဟယ် ... ဟုတ်ပါရဲ့"

စားပွဲခင်းပေါ်က ဗူးထဲရှိနေတဲ့ ကိတ်ကို မေမေပါ လာငုံ့ဖတ်ပြီး အံ့ဩသွားသည်။

"ဒါ ဦးဖဲလုံး သွားရွေးတာ မဟုတ်လား"

"ဟုတ်တယ် မေမေ၊ ဦးဖဲလုံးကို မေးကြည့်ရမယ်၊ ဦးဖဲရေ"

"ဗျာ"

ကားဒရိုင်ဘာ ဦးလေးကြီးက အိမ်တံခါးဝမှာ ပေါ်လာသည်။

"ဘာခိုင်းစရာရှိလို့လဲ မမလေး"

"ဒီမှာ ဦးဖဲ ယူလာတဲ့ ကိတ်ကို ကြည့်ဦး။ သူများဟာနဲ့ မှားလာပြီ"

"ဗျာ ... ဟုတ်လား"

သူလည်း ခုမှ သိသည်။ မျက်နှာလည်း ပျက်သွားရသည်။





"ဦးလေးအပြစ်ပါ၊ ဦးလေး သွားလဲပေးပါ့မယ်"

"ဩော် ... ကျွန်မရဲ့ အော်ဒါကိတ်က ဆိုင်မှာ ရှိဦး ကိုး၊ တခြားကို မှားပေးမိလောက်ပြီပေါ့ ဒီအချိန်ဆိုရင်"

"ဒါဆို ဦးလေး ဘယ်လိုလုပ်ပေးရမလဲ"

ကားရေဆေးနေတာမို့ သူတစ်ကိုယ်လုံးပါ စိုရွှဲနေ သည်။

မယ်မှူးက ပင့်သက်ရှိုက်ရင်း ...

"ကဲပါ ... ဦးလေး အလုပ်ပဲ ပြီးအောင်လုပ်နှင့်ပါ၊ မယ်မှူး ကိတ်ဆိုင်ကို ဖုန်းဆက်ကြည့်ပါဦးမယ်"

"ကောင်းပြီ သမီး၊ သွားဖို့လိုရင် ဦးလေး ချက်ချင်း သွားပေးပါ့မယ်"

ဦးဖဲလုံးက အိမ်ပေါ်မှ ပြန်ဆင်းသွားသည်။

မယ်မှူးက ကိတ်ဆိုင်ကို ဖုန်းဆက်ကြည့်သည်။

မယ်မှူး ဘောက်ချာနဲ့ လာရွေးသွားပြီတဲ့။

ဒါဆို ဘယ်လိုလုပ်ရမလဲ။

မှားတာက မှားပြီးသွားပြီ၊ သူများ အမည်နှင့် ကိတ်ကို ပဲ လိုးရတော့မလား။

မွေးနေ့မှာ စိတ်အနှောင့်အယှက် မဖြစ်ချင်ပါဘူးဆိုမှ အလွဲလွဲအချော်ချော်က လာဖြစ်လိုက်သေးသည်။

ထိုအချိန်မှာပင် မီးခိုးရောင် ပရီဆီ ကိုးကကြီး နံပါတ်ကလေးတစ်စီးက ခြံရှေ့ ရပ်ကာ လက်ထဲက ဘောက်ချာကို ကြည့်လိုက်၊ ခြံနံပါတ်ကို ကြည့်လိုက် လုပ်နေသည်။

၁၂၃–D -1တဲ့ . . .။

ဒီဝမ်းကတော့ ဒီခြံပါပဲ။

ခြံတံခါးက စေ့ရုံစေ့ပိတ်ထားသည်။

သူ ခပ်တည်တည်ပဲ ဟွန်းတီးလိုက်သည်။

အသွားမည်းမည်း ခ၆၀၀ လူကြီးတစ်ယောက်က ပုဆိုးရေစိုနှင့် ခြံတံခါး လာဖွင့်ပေးသည်။





''ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ''

''မယ်မှူးဆိုတာ ဒီခြံကလား''

''ခင်ဗျာ . . . ဟုတ်ပါတယ် ဟုတ်ပါတယ်၊ မမလေး နာမည်ပါ၊ အထဲမှာ ရှိပါတယ်''

သူက ကားကို ခြံထဲ ဝင်ရပ်လိုက်ပါသည်။ ပြီးမှ တံခါး ဖွင့်ဆင်းလိုက်သည်။

''သမီးရေ . . . ဧည့်သည်ကား ထင်တယ်ဟေ့''

''ဘယ်သူလာတာလဲ ဖေမေ၊ မေမေပဲ ထွက်ကြို လိုက်ပါ၊ ဒီမှာ မယ်မှူး ဖုန်းမြည်နေလို့''

ကားမီးခိုးရောင်ဆီ တစ်ချက်လှမ်းကြည့်ရင်း မယ်မှူးက မျက်မှောင်ကုတ်ကာ လောလောဆယ်တော့ ဆမ်းဆောင်း (SAMSUNG) ခေါက်ဖုန်းလေးကိုပဲ ဖွင့်နားထောင်လိုက်ပါသည်။

ပေါ်လာတဲ့နာမည်က 'ကြယ်လင်း'လေ။

ကြယ်စင်လင်းထွန်းဆီကပါ။

"ဟက်လို"

"ဟက်ပီးဘတ်ဒေးပါ မမယ်မှူးရေ"

သူက စီးတီးအက်ဖ်အမ်က အသံမျိုးလုပ်ကာ နှုတ်ဆက်လိုက်သည်။

"ကြယ်လင်း ... နင် ဘယ်မှာလဲ"

"အခု ပဲခူးမှာ"

"ဟင် ... တကယ်"

"မယ်မှူး မွေးနေ့မှန်း ကိုယ်မှတ်မိပါတယ်ကွာ၊ ဒီနေ့နေလည် အရောက်ပြန်လာမယ်လို့ တွေးပြီးသား"

"မယ်မှူးကို ဘာလက်ဆောင်ပေးမှာလဲ"

"လက်ဆောင်ဆိုတာ ပစ္စည်းပါဟာ၊ ကိုယ်က နှလုံးသားကို ပေးချင်တာ"

"အံမယ် အပိုမပြောနဲ့ နှလုံးသားထဲက လာတယ်





ဆိုပြီး ပန်းတစ်ပွင့် ပေးမလို့လား၊ ဟိုနှစ်ကလို လုပ်ရင် နင့်ကို မုန့်မကျွေးဘူးနော် သိလား"

"နင် မကျွေးလည်း အန်တီက ငါ့ကို ဖိတ်ပြီးသားပါ"

"ဒီမှာ ကိတ်တောင် လှီးတော့မှာ"

"မလှီးနဲ့ဦးလေ၊ ငါလာမှ ဘတ်ဒေးအထမြောက်မှာဟ၊ သိပ်မလောနဲ့"

"မရဘူး၊ မယ်မှူးကို မွေးတာ ဆယ်နာရီမိနစ်နှစ်ဆယ်ဆိုတော့ အဲဒီအချိန် ကိတ်လှီးရမှာပဲ"

"ဒါဆို ချန်ထား"

"ကြယ်လင်းရယ် နင်က အရေးဆို ခရီးလွန်နေတာချည်းပဲ၊ ဘယ်တော့မှ ဒီမှာ အတူတူ မရှိဘူး၊ အဲဒါတွေကြောင့် နင့်ကို မခင်တာ"

မယ်မှူးက ဖုန်းထဲမှာ စကားနာထိုးနေဆဲ ဒေါ်ခင်မမက ညှော်သည်နှင့် စကားပြောနေပါသည်။

"မယ်မှူးဆိုတာ အန်တီ့သမီးပါကွယ်၊ ဘာကိစ္စများလဲ"

"ကျွန်တော့်တပည့်က ကိတ်မုန့်မှားယူလာလို့ပါ၊ အခါလွန်မိုးနာမည်နဲ့ ကိတ်က ဒီကို ရောက်နေတယ်ထင်လို့"

"ဟယ် ဟုတ်ပါရဲ့၊ ဒီမှာ နာမည်ဖတ်ကြည့်ပြီး အံ့သြနေတာ၊ အခါလွန်မိုးဆိုတာ သားလား။ နာမည်က အဆန်းပဲလို့ တွေးနေတာ။ လာ . . . လာ အိမ်ပေါ်တက်ပါဦး"

"ရပါတယ်ခင်ဗျာ"

အခါလွန်မိုးက တိုက်ထဲမဝင်။

ကားထဲက မုန့်ဘူးကိုပဲ အသာမ,ယူ လှမ်းပေးလိုက်သည်။

အခုန ခြံတံခါးဖွင့်ပေးတဲ့လူကြီးက သူ့အမှားဖြစ်ကြောင်း လာတောင်းပန်သည်။ အမှန်တော့ လူရှုပ်နေတဲ့ အချိန်မို့ ဆိုင်က ဘောင်ချာချင်း မှားပေးလိုက်တာဖြစ်မှာပါ၊





ဘယ်သူ့မှာမှ အပြစ်မရှိ။

"သားရဲ့ မုန့်ဘူးလည်း ပြန်ယူသွားပါဦး"

"ဟုတ်ကဲ့ အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးပါ အန်တီ၊ မမယ်မှူးကို ပျော်ရွှင်တဲ့ မွေးနေ့ဖြစ်ပါစေလို့ ပြောပေးပါ"

"ကောင်းပါပြီကွယ်"

ဒေါ်ခင်မမက ကိတ်ချင်း ပြန်လဲပေးလိုက်သည်။

"သွားလိုက်ပါဦးမယ်၊ ကျေးဇူးတင်ပါတယ်"

"အန်တီကလည်း သားကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် ခင်ဗျာ"

"အထဲဝင်ထိုင်ပါဦးလား"

"ကျွန်တော် ကိစ္စလေး ရှိသေးလို့ပါ"

အခါလွန်မိုးဆိုတဲ့ သူငယ်လေးက မွန်ရည်အေးဆေးသည်။

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် အထက်တန်းကျသော ဟန်မူရာမျိုး ရှိသည်။ ဒေါ်ခင်မမကို လက်ပြနှုတ်ဆက်ပြီး ကားကို ပြန်ကွေ့ထွက်သည်။

မယ်မှူးသည် ကြယ်လင်းနှင့် စကားအခြေအတင် ငြင်းခုန်ရင်းက မီးခိုးရောင်ကားပေါ် ပြန်တက်သွားသော လူတစ်ယောက်ကို မျက်ဝန်းက လှမ်းကြည့်နေမိသည်။

သူ လမ်းလျှောက်ပုံစတိုင်လ်က ကြော့မတ်သည်။ ဟန်မူရာ လှုပ်ရှားပုံက ကြည့်ကောင်းအဆင်ပြေသည်။

သူ ဘာကြောင့် ရောက်လာရသလဲဆိုတာ ခေါက်ဖုန်းကို ပြန်ပိတ်ပြီးနောက် မေမေ အကျိုးအကြောင်းပြောမှ သိရသည်။

"မွန်မွန်ရည်ရည်လေးပဲ သမီးရဲ့၊ အတော်ပဲ အချိန်မီ ကိတ်ချင်း ပြန်လဲလိုက်ရလို့ပါ၊ ကောင်လေးက သိတတ်မှု ရှိတယ်၊ အဲဒါ အခါလွန်မိုးတဲ့"





"ဟင် ... ဟုတ်လား"

ထိုအမည်က သူမဆီသို့ နေရင်းထိုင်ရင်း ရောက်လာခဲ့တာပါ။

လုံးဝ မမျှော်လင့်ပါဘဲ ခေါင်းထဲ ဝင်လာရတဲ့ အမည်။

ထိုသို့ပင် 'မယ်မှူး' ဆိုသော အမည်လေးကိုလည်း အခါလွန်မိုးက မှတ်မှတ်ရရ ရှိသွားရပါပြီ။

❤ ❤ ❤

ဒေဝီကြော့ရှင်း အသားတွေက ပူနွေးကာ ချွေးတို့နှင့် စိုလက်တောက်ပနေသည်။

အလိုလိုနေရင်း ပန်းနုရောင်ပြေးနေသော အသား ဖြူနုနုလေးကို ဝီဝီ ပိုင်ဆိုင်သည်။

သူမ ကိုယ်လုံးလေးက ရင် ခါး တင် အလွန် အချိုးကျသည်။ ကြည့်လိုက်တာနှင့် ကိုယ်လုံးကိုယ်ပေါက် အလွန်လှတဲ့ မိန်းကလေးဆိုတာ သိသာနေပါသည်။

ဒီကိုယ်လုံးလေးက မပြေပြစ်မလှပဘဲရော ခံနိုင်ဦးလား။





တစ်နေ့ကို ငါးနာရီခန့်လောက်က နေ့စဉ် အကမျိုးစုံကို ခုန်ပေါက်ကပြီး လှုပ်ရှားနေတာ မဟုတ်လား။

သူတို့ရဲ့ 'ဂိုးယ်အိန်ဂျယ်' အကအဖွဲ့ထဲမှာ ဒေဝီကြော့ရှင်းက မိန်းကလေး အကခေါင်းဆောင်တစ်ဦးပါ။

သူမက အကပါရမီပါလာသူ၊ ခန္ဓာကိုယ် အချိုးအဆစ်လေးတွေက အင်မတန် ပျော့ပျောင်းပြီး လိုသလို ကွေးဆန့်နိုင်သည်။ သူများနှင့်မတူ၊ လေ့ကျင့်သလောက် ကျွမ်းကျင် ပိုင်နိုင်သည်။

နိုင်ငံခြားက ဒီဗွီဒီ အခွေတွေကြည့်ပြီးတော့လည်း နည်းပညာယူ လေ့ကျင့်သည်။

ပြီးတော့ သူမမှာ ဆရာကောင်းရှိသည်။ သူမက ဆရာကောင်းတပည့်မို့ ပန်းကောင်း ပန်ရတာပါ။

ဝီဝီက သူမနဖူးမှ ချွေးတွေကို စည်းနှောင်ထားသော သက်က ပုဝါစကို ဖြုတ်ပြီး သုတ်သည်။

အသားကပ် ကိုယ်ကျပ်အင်္ကျီက လည်ပင်းဟိုက်ကျောဟိုက်ဆိုပေမယ့် အင်မတန် အချိုးကျ သပ်ရပ်ပြီး ကိုယ်မှာ ကပ်နေသည်။ ဆွဲသား အနက်ရောင်လေးပါ လှုပ်ရှားကခုန်လို့လည်း အဆင်ပြေသည်။ ကျောကို ကော့လှန်ချလိုက်ရင် ဦးခေါင်းက ဒူးဆစ် ကျော်ရောက်သည်။

ဒါပေမယ့် အင်္ကျီနှင့် ဘောင်းဘီက ဘာမှမဖြစ်။

ပခုံးမှာ သုံးမြှောင့်ပုံစံအပေါက်ပါသေးသည်။

ဒေဝီကြော့ရှင်းက က,နေနေ၊ မတ်တပ်ရပ်နေနေ ခွေခေါက်ထိုင်နေနေ အလွန်လှပကြည့်ကောင်းသူလေးပါပဲ။

ခုလည်း နံရံကိုမှီ၍ ဖုန်းခေါ်နေသည်။ ဖုန်းက ချက်ချင်းမဝင်။ သုံးလေးခါမှက ဧရိယာပြင်ပဖြစ်နေပြီးမှ... တစ်ချက်ဝင်သွားသဖြင့် ဝီဝီက ဝမ်းသာအားရ။

"အခါရေ... ဖုန်းက ခေါ်လိုက်ရတာ"

"ဘာလို့လဲ"





"နင့်ကြီးဒေါ်က ဧရိယာပြင်ပတဲ့လေ၊ အခု ဘယ်မှာ ရောက်နေလို့လဲ"

"ဒီနားမှာပဲ"

"ဘာ ဒီနားမှာလဲ၊ ခဏလေးဆိုပြီး ထွက်သွားလိုက် ဘာ ပေါ်ကို မလာဘူး၊ တကထဲ ဝီဝီတို့ အကတိုက်တာ နှစ်ခါ ပြန်ရှိနေပြီ၊ ဒီမှာ မောတောင်မောပြီး ဗွီစီဒီရိုက်ဖို့လည်း လူတွေ စုံနေပြီ၊ အခါရယ် ရှင်ဟာလေ လုံးဝ အားမနာတတ်ဘူး၊ လွန်လွန်းတယ်"

"အေးပါ၊ အခုပဲ ငါ ရောက်ပါပြီ"

"အခုနော် ... ထပ်မကြာနဲ့"

"စိတ်ချစမ်းပါ"

အဲဒီ ဝီဝီဟာ တစ်ခါတစ်ခါ သိပ်ရေးကြီးခွင်ကျယ် လုပ်တတ်သည်။ ဖုန်းထဲမှာ အသံကလည်း စူးပြာနေသည်။

လှပုံက လှပနူးညံ့ပေမယ့် သူမက ကြမ်းတမ်းသည်။

ဟောဟောဒိုင်းဒိုင်းသမား။ ကဗျာမဆန်ပေ။

စကားပြောလိုက်ရင်လည်း အော်ကြီးဟစ်ကျယ်။

လူကို ပိုးကနဲ ဘတ်ကနဲ ပိတ်ရိုက်တတ်သေးသည်။

အခါလွန်မိုးနှင့် ဒေဝီကြော့ရှင်းက အထက်တန်း ကျောင်းကတည်းက သူငယ်ချင်း။

ငယ်ငယ်ကတည်းက ကျောင်းကပွဲမှာ အတူဆင်နွှဲ နေကြပါ။

'က' ရမလားဆို လာခဲ့။

ဒီနေရာမှာတော့ အခါနှင့် ဝိဝိက ဝါသနာတူ အကျင့် တူသည်။ အနုပညာသာလုပ်နေရမယ်ဆိုရင် မအိပ်ဘဲ မိုးလင်း သွားပါစေ။ မညည်းမညူစတမ်း ဖွဲခပ်တတ်သည်။

ဒီလို ဝါသနာကြီးလို့လည်း အခုဆိုရင် နှစ်ယောက် စလုံး နေရာရ နာမည်ကြီးလာသည်။

အခါက ပထမဦးစွာ အကနည်းပြသင်တန်းဖွင့်သည်။





နောက်တော့ ကင်မရာအကောင်းစားဝယ်ပြီး ဓာတ်ပုံ စတူဒီယို ဖွင့်သည်။ အဲဒီကနေမှ အခု ဗီဒီယိုရိုက်ရင်း ဗီစီဒီရိုက်ရင်း တစ်စတစ်စ ဒါရိုက်တာ ဖြစ်လာခဲ့ပြီ။

အခု နာမည်ကြီးတစ်ယောက်ရဲ့ သီချင်းဗီစီဒီ ရိုက်ပေး ဖို့ လက်ခံထားသည်။ ထို ဗီစီဒီမှာ အက ပါဖော့မင့် (Per-formance) က သူတို့အုပ်စုနှင့် ကခုန်ကြဖို့ပါ။

ဒီတော့ ခုတလော အကတိုက်ကြ၊ လေ့ကျင့်ကြနှင့် အလုပ်များနေကြသည်။ အဆိုတော်ကလည်း ဝိဝိတို့ အက အဖွဲ့ (Gold Angel) နဲ့ပဲ က,ချင်သည်။ အဓိကထားပြီး ရိုက်ကူး တင်ဆက်ချင်သည်။

အခါလွန်မိုးက တံခါးနှင့် သူတို့ရဲ့ သင်တန်းခန်းမ သို့ ပြန်ရောက်လာပါသည်။

ရောက်တာနှင့် ဗီစီဒီရိုက်ဖို့ အကုန်ညွှန်ကြားတော့ သည်။

"မီးကို ဘယ်ရောညာရော တစ်ပြိုင်နက် ဖွင့်မယ်၊ သီချင်းကို ကျယ်ကျယ်ဖွင့်၊ အိမ်ဂျယ်အဖွဲ့ အသင့်နေရာယူထားပါ၊ ရီဟာဇယ်တစ်ခေါက် လုပ်ကြည့်မယ် ဟုတ်ပြီလား"

သူဟာ အလုပ်နှင့်ပတ်သက်ရင် တရစပ် ညွှန်ကြားချက်လေးကာ လောဘကြီးသူ တစ်ယောက်ပါ။

သူ့စိတ်ကို ဝိဝိ သေချာသိသည်။ သူ့စိတ်တိုင်းကျအောင် အမီလိုက်ပြီး က,ပေးနိုင်သူကလည်း ဝိဝိ ရှိတာ။

အရေးပါတဲ့သူ ဘယ်သူလဲဆိုတာ သူ မစဉ်းစား။

ဝိဝိ့ကိုဆို သူက ရယ်စရာ၊ စစရာ သတ္တဝါမလေးလောက်သာ သဘောထားတာ။

"ကဲ ... ဝိဝိ ပြန်စ,မယ်"

သူ မောင်းပြီဆိုရင် အသက်မရှူအားတော့ပါ။ လိုချင်တဲ့အကွက်မရမချင်း အနားက လူတွေကို အော်ဟစ်နေတော့တာပါ။





"သေချာလုပ်မယ်၊ စိတ်မပါသလို မက,ဘူး၊ ရီဟာယ် လုပ်ကတည်းက လုံးဝ အမှားမပါစေနဲ့နော်၊ တက်တက်ကြွကြွနဲ့ ရင်ထဲက ခံစားချက်ထည့်ပြီး က,ရမယ်၊ ရုပ်သေးရုပ်လို မလုပ်နဲ့၊ မင်းတို့ ရင်ထဲမှာ ခံစားချက်ရှိတာပဲ၊ ဒါကို အသုံးချစမ်းပါ၊ ဒါမှ ပီပြင်မှာပေါ့"

"မျက်နှာ အမူအရာကအစ သတိထားပါ၊ ဟေ့ မစိုးနင်က ဘာလို့ အံကြီး ကြိတ်ထားတာလဲ၊ မရတော့ဘူးလား သန့်စင်ခန်း အရင်သွားမှပဲ"

သူက ပြောချင်ရင် အဲလို ပြောချပစ်တာပဲ။

ဘာမှ ရှေ့နောက် မစဉ်းစား . . ။ လူပုံလယ်မှာ ကြ ခုန်ကြတယ်။

သတ္တိရှိတယ်ဆိုပေမယ့် မိန်းကလေးဆိုတာ ရှက်ရွံ့တတ်သေးတာပဲပေါ့။

အဲဒီအခါက နားမလည်ပါဘူး။

သူဟာ ဝိဝိတို့ကိုဆိုရင် သူ့အပေါင်းအသင်းရောင်းရင်းတွေလိုပဲ အားပါးတရ ပြောဆိုတတ်သည်။ ဒါ မိန်းကလေးတွေရယ်လို့ပင် သတိထားမနေ။ သင်ကြားပြသတဲ့နေရာမှာတော့ တကယ်စေတနာပြည့်ဝပါသည်။ သူ့စေတနာကိုမီအောင်၊ သူ ကျေနပ်အောင် ဝိတို့က မနည်းလိုက်ရတာ။

အခုတလော သူဟာ ဒါရိုက်တာဖြစ်လာပြီး ကားတွေလက်ခံထားပြီဆိုတာ အရင်လို အကသင်တန်းအတွက် ချိန်ဆပေးနိုင်တော့ပါ။ သူပေးတဲ့ အချိန်ကလေးမှာပဲ ပီပြင်အောင် အားသွန်ကြိုးစားရတာမျိုးပါ။

ထပ်ခါတလဲလဲ က,ရ ခုန်ပေါက်ရလွန်းလို့ အနက်ရောင် ဝတ်စုံလေးက ချွေးနှင့် စိုကပ်နေရပြီ။

သူတို့အားလုံး အဲကွန်းခန်းထဲ ချွေးပြိုက်ပြိုက် ကျနေကြသည်။ ဝိဝိကတော့ ရှေ့ဆုံးမှာ က,ရတဲ့ ခေါင်းဆောင်မို့ ပိုပင်ပန်းသည်။





သီချင်းရဲ့ တီးလုံးစည်းချက်နှင့်အညီ အားနှင့် ဟန်နှင့်က,တာမို့ ကြည့်တဲ့လူတွေ မျက်စိမလွှဲနိုင်။

ပိုနီတေးချည်နှောင်ထားတဲ့ မဟော်ဂနီရောင် ဆံပင်လေးက သူမတစ်ချက် ခုန်လိုက်တိုင်း တစ်ခါလှုပ်ရှားသွားတာတစ်မျိုး ချစ်စရာ။

ဝိဝိက မျက်နှာလေးကလည်း ဆွဲဆောင်မှုရှိသည်။ တစ်ခြားယောက်ျားလေးတွေကတော့ ဝိဝိတို့ရဲ့ ဂိုးလ်အိန်ဂျယ် အကအဖွဲ့ထဲ ဝိဝိကို သဘောအကျဆုံး နှစ်သက်ကြဆုံးပါ။

တခြား လူတွေရှေ့မှာ နာမည်ကောင်းနှင့် ကျော်ကြားပေမယ့် အနီးအနားက အခါက သူမကို တစ်စက်ကလေးမှ အထင်မကြီးတာ အတော်ဆိုးတာပါပဲ။

ဝိကတော့ သူ့ရင်ထဲမှာ 'နေရာရသူတစ်ယောက်ဖြစ်ချင်မိသည်။

ညြဗာသီးတွေ ဇကာအနီလေးနှင့် ထည့်ထားပြီး မယ်မှူးနှင့် သင်းသင်းဆွေက တစ်လုံးစီစားရင်း ဒန်းပေါ် ထိုင်ကာ MP 4 အမ်ပီဖိုး နားထောင်နေကြသည်။

သင်းဆွေ နားထောင်နေတာ သူ ကျူးထားတဲ့ ဂျေမီရဲ့ သီချင်းပါ။

နားကြပ်ကို တစ်ဖက်စီ တပ်ထားသည်။

''ဒါပြီးရင် စိုင်းစိုင်းဖွင့်ဟာ''

''အင်းပါ''

မယ်မှူးက တေးဂီတဝါသနာပါသည်။





ဖြစ်နိုင်ရင် ကြယ်လင်းက ဂစ်တာတီး၊ သူမက သီချင်းဆို အဲဒါမျိုး နေချင်တာ။

သို့ပေမယ့် ကြယ်လင်းက အနုပညာဝါသနာမပါ။

သူက စီးပွားရေးလုပ်ငန်းရှင်ပဲ ဖြစ်ချင်တာ။ ခုလော လောဆယ် သူ့အဖေရဲ့ ကွန်စထရပ်ရှင်လုပ်ငန်းမှာ စီမံခန့်ခွဲ ရေးမှူး လုပ်နေသည်။

အလုပ်ကိစ္စနှင့် နယ်သွားရတဲ့အခါ သွားရသလို တစ်ခါတစ်ရံ နိုင်ငံခြား ထွက်ရသည်။

သင်းဆွေက စိုင်းစိုင်း မဖွင့်သေးသဖြင့် မယ်မှူးက သူမ အနားထဲမှာ နားကြပ်လေးကို ခွဲဖြုတ်လိုက်ပါသည်။

''ညြဗာသီးတွေ တအားချိုတယ်နော်''

''အင်း''

''အဲဒါ ကြယ်လင်း လက်ဆောင်လာပို့တာ''

''ဟုတ်လား''

သင်းဆွေက ပြုံးစိစိနှင့် သူ့ပါ နားကြပ်ဖြုတ်ပြီး ...

"ငါတို့ဖို့တော့ ဘယ်သွားသွား အပြန်လက်ဆောင် တစ်ခါမှ မပါဘူး၊ ဒင်းက တော်တော်မျက်နှာလိုက်တာပဲ။ ရှင့်ကို ကြိုက်နေတာပဲ ဖြစ်မှာပါ"

"ဟယ် ... သင်းဆွေရယ် မဟုတ်တာ"

မယ်မှူးက အလန့်တကြား ငြင်းပယ်ကန့်ကွက်သည်။

"ဘာလို့ မဟုတ်ရမှာလဲ၊ သူ့ဆက်ဆံရေးကို ကြည့်ရင် အသိသာကြီး တစ်နေ့တစ်နေ့ နင့်ဆီကို ဖုန်းဆက်ရတာနဲ့ မက်ဆေ့ချ်ပို့ရတာနဲ့ အလုပ်ကို ရှုပ်နေတာပဲ။ သင်းဆွေတို့ဆီ တစ်လနေလို့မှ ဖုန်းတစ်ခါ ဆက်တာ မဟုတ်ဘူး"

"ဒါက သူနဲ့ မယ်မှူးနဲ့က ငယ်ပေါင်းသူငယ်ချင်းမို့ လို့ပါ"

"ငါတို့နဲ့လည်း ဆယ်တန်းကတည်းက ခင်လာတာပဲ"





"မယ်မှူးတို့က မိဘတွေလက်ထက်ကတည်းက ရင်းနှီးကြတာကိုး"

"ကဲပါ ... အဲလောက်လည်း အကြောင်းပြဖြေရှင်း မနေပါနဲ့၊ မကြိုက်ဘူးဆိုလည်း ပြီးတာပဲ၊ စောင့်ကြည့်ရသေး တာပေါ့"

သင်းဆွေက သူ့မေးစိ သူ့ပွတ်ကာ ဆရာမကြီးလေ သံနှင့် ဆိုပါသည်။

မယ်မှူးအတွက်တော့ ကြယ်လင်းဟာ သူငယ်ချင်း လေးပါပဲ။ ချစ်သူပုံစံမျိုး မဖြစ်နိုင်ပါ။

သူမရဲ့ စိတ်ကူးယဉ် ချစ်သူဟာ ကြယ်လင်းလို မဟုတ်။

အနုပညာ ဝါသနာပါရမည်။ ခွေးချစ်တတ်ရမည်။ သူမရဲ့ နှလုံးသားကို ဆွဲဆောင်နိုင်ရမည်။ ယောက်ျားပီသပြီး အကျင့်စာရိတ္တ စိတ်နေစိတ်ထား ကောင်းရမည်။

စကားပြောချိုသာယဉ်ကျေးရမည်။ ကြယ်လင်းက ဘော်ဒါတွေနှင့် စကားပြောရင် အဆဲအဆို ပါတတ်လွန်းလို့ ကြင်နာသဘောကောင်းပြီး သူမကို ဂရုတစိုက်နှင့် အလိုလိုက် အကြိုက်ဆောင်ရမည်၊ သူမအပေါ် နားလည်မှုအပြည့်ရှိရမည်။

"ကောင်းပြီလေ . . . စောင့်ကြည့်ပေါ့၊ မယ်မှူးရဲ့ မင်းသားဆိုတာ မပေါ်သေးပါဘူး"

"မမွေးသေးတာလား"

"တစ်နေရာမှာတော့ ရှိမှာပါ"

"မယ်မှူးရယ် ရှင်က တော်တော်စိတ်ကူးယဉ်တာပဲ"

"အချစ်ရေးနဲ့ ပတ်သက်တဲ့ စိတ်ကူးအိပ်မက်တွေ ဆိုတာ ဒီလိုပဲ ရှိတတ်တာပဲ"

"သင်းဆွေဖြင့် စိတ်ကူးမယဉ်ပါဘူး၊ အိမ်က အဒေ ပေးစားရင် ယောကျ်ားယူမယ်၊ မပေးစားရင် မယူဘူး။ အပျိုကြီး လုပ်မယ်"





"ပစ်စလက်ခတ် ဆန်လိုက်တာ၊ ရင်ထဲမှာ အသည်းနှလုံး ပါမလာတဲ့အတိုင်းပဲ"

"ယောကျ်ားတွေက ယုံကြည်ဖို့ ခက်တယ်ဟ"

"ဒါလည်း ဒါပေါ့"

"ရှင်က ဖွဲ့ကြီးနေပါလား၊ ဘာလဲ အချစ်ဆိုတာကို ရှာဖွေကြည့်မလို့လား၊ ဒါမှမဟုတ် မယ်မှူးရဲ့ ရှေ့ကို ဘွားကနဲ ရောက်လာမယ်လို့ ထင်နေတာလား"

"ဘယ်ပြောနိုင်မလဲ သင်းဆွေရယ်"

"လက်တွေ့ကျကျအမြင်နဲ့ ပြောရရင် ရှင့်ဆီမှာ အကောင်းဆုံး အဖော်တစ်ယောက်ရှိနေပြီ၊ အဲဒါ ကြယ်လင်းပဲ စိတ်ကူးမလွဲနဲ့"

"ဟင့်အင်း... မယ်မှူးတော့ မထင်ဘူး၊ ဖူးစာရှင်က သပ်သပ်ပါ"

"နောက်တော့လည်း ကြယ်လင်းပဲ ဖူးစာရှင်ဆိုတာ မယ်မှူး လက်ခံလာမှာပါ"

"မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်ပါတယ်"

"လာမငြင်းနဲ့နော်၊ သင်းဆွေ နင်ကြိုက်ရင် ငါ ပြော ပေးလိုက်မယ်၊ မယ်မှူးကတော့ မကြိုက်သေး"

မယ်မှူးက ခေါင်းမာမာနှင့် ငြင်းပယ်သည်။

ဒီလို အနီးအနားက ခင်မင်သော ကောင်လေးတစ် ယောက်က စိတ်ကူးယဉ်ချင်စရာ အိမ်ထောင်ဖက်လား။

ဟင့်အင်း . . . မဟုတ်နိုင်ပါဘူး။

အိပ်မက်မင်းသားလေးက သပ်သပ်တစ်ယောက် ပါနော်။ ဘယ်သူမှန်းသာ မသိရသေးတာ။

အချိန်တန်ရင်တော့ မယ်မှူးရှေ့ကို သူ ဘွားကနဲ ရောက်ကိုရောက်လာမှာပါ။ ယုံကြည်ထားသည်။

"ကြယ်လင်းက သင်းဆွေကိုမှ စိတ်မဝင်စားတာ သူ အာရုံကျတာက ဒီ ရွှေမင်းသမီးချောချောလေး"





"မချောပါဘူး"

ကန့်ကွက်ငြင်းဆန်လိုက်ပေမယ့် မယ်မှူးဆိုတာ သူငယ်ချင်းတစ်ဖွဲ့ထဲ အလှဆုံး အချောဆုံးဖြစ်တာ အားလုံး ဝိုင်းသတ်မှတ်ပြီးသားပါ။

မယ်မှူးမှာ ထူးခြားသော ရုပ်ရည်ပိုင်ရှင်ပါ။

စကားပြောသော သူ့ရဲ့ ခံစားချက် မျက်နက်ဝန်း းလက်လက်ကြီးက အားလုံးထဲ သာတဲ့အချက်ပဲ။

ထိုမျက်လုံးလေး တစ်ချက်ဝေ့ကြည့်လိုက်လျှင် ာ်ရဲ့ ပုရိသ မခံနိုင်။ လှုပ်လှုပ်ရှားရှား ဖြစ်သွားစမြဲပါ။

အနားမှာရှိတဲ့ ကြယ်လင်းကရော ဘာသားနဲ့များ ထု ားလို့လဲ၊ ဒီကောင်လည်း ကြွေတာပဲပေါ့။ ဘေးကနေ မြင် ပါလျက် မယ်မှူးက မသိယောင်ဆောင်နေတာ။

"မယ်မှူးရယ် . . . ရှင်ဖွတ်ငြင်းနေပေမယ့် အန်တီ င်တောင် ကြယ်လင်းကို မျက်စိကျပါတယ်ကွာ"

"ဘာရယ်"

"ဒီလို သားမက်မျိုး ရှားတယ်လေ၊ အားလုံးအတွင်း သိအစင်းသိ၊ ကိုယ့်သမီးကို အလိုလိုက် ကြင်နာမယ့်သူဆို တော့"

"မဆိုင်တာတွေ မပြောနဲ့ဟာ"

မမေ ကြယ်လင်းကို အရေးပေးတာတော့ အမှန်ပဲ

သူ့သူငယ်ချင်း အန်တီချိုလင်းရဲ့သားမို့ အစောကြီး ကတည်းက သားတစ်ယောက်လို ချစ်တာ။

"ရှင် အသိတရား ဝင်လာတဲ့တစ်နေ့ ကြယ်လင်းကို ကျေကျေနပ်နပ်ကြီး လက်တွဲမှာပါ"

"သူ့ကိုယ်သူ ဗေဒင်ဆရာမကြီးကျနေတာပဲ"

"တကယ်သင့်တော်လိုက်ဖက်နေလို့ပါ"

"တော်စမ်းပါ"

မယ်မှူးက သင်းဆွဲကို မျက်စောင်းခဲပစ်လိုက်သည်





မကြားချင်ပါဘူး... ဒီမိန်းမ ဘာတွေ လျှောက်ပြော နေမှန်းကို မသိ။

"မယ်မှူးကလေ လူတစ်ယောက်ကို အူလှိုက်သဲ လှိုက် ချစ်မြတ်နိုးမှ လက်ထပ်မှာ သိလား"

"စောင့်ကြည့်ရသေးတာပေါ့"

"ရတယ်၊ တစ်သက်လုံးစောင့်ကြည့်ထား"

❤ ❤ ❤

ကျွန်းတံခါးမကြီးက ဟစိလေး ပွင့်နေသဖြင့် သူ လက်နှင့် တွန်းလိုက်သည်။

"ကျွီ"

အသံတစ်ချက်နှင့် တံခါးက ဘေးကပ်သွား၏။

တိုက်ခန်းကျယ်ကြီးရဲ့ ညှော်ခန်းမှာ ဘယ်သူမှမရှိ အဲ့ကွန်းဖွင့်ထားသဖြင့် တစ်ခန်းလုံး အေးစက်နေသည်။

ကောဇောထူကြီးကို ခန်းလုံးပြည့်ခင်းထားပြီး လယ်သာဆက်တီ မီးခိုးရောင်လှလှကြီးကို ဝိုင်းထားကာ ဒီဘက်မှာ ဖလက်တီဗီပဲ နှစ်လုံး၊ ဟိုဘက် သည်ဘက် ထားသေးသည်။





နံရံထောင့်မှာ ကြီးမားခန့်ထည်သော ပန်းချီကားကြီး များနှင့် လူတစ်ရပ်စာနီးပါး ကြွေပန်းအိုးကြီးများနှင့် လိုက်ကာ ဖားဖားဝေဝေများနှင့် ကွန်ပျူတာစားပွဲနှင့် ကြည့်လိုက်တာနှင့် လူချမ်းသာတို့ရဲ့ ညှော်ခန်းဆိုတာ သိသာနေပါသည်။

ဒီဂျပုမက အဆင့်အတန်းမြင့်မြင့်တော့ သိပ်ကြိုက် သည်။ အခန်းက ဝင်လိုက်တာနှင့် ဝါစပရေးနံ့လေး ပျံ့ပျံ့ သင်းလျက်။

"ဗီဗီ"

အခါလွှန်မိုးက ဆက်ဝင်မသွားသေးဘဲ အသံပြု လိုက်သည်။

"ဟော့ ...ဗီဗီ"

"အပြင်က ဘယ်သူလဲ"

အခန်းထဲမှ လှဲအိပ်ရင်း မြူးဇစ်နားထောင်နေသော ဒေဝီကြော့ရှင်းက မျက်မှောင်ကုတ်နှင့် ပြန်မေးလိုက်သည်။

အဲဒီ တုန်တုန်က ဈေးသွားတာ တံခါးမပိတ်သွားဘူ
လား။ သံပန်းကို သော့ပြန်ခတ်သွားဖို့ အကြိမ်ကြိမ်မှာထာ
ပါလျက် နားမဝင်။

ကျွတ် . . .။

"အိမ်ရှင်တို့ . . . ဘာလို့ တံခါးကြီးဖွင့်ထားတာလဲ"

"တုန်တုန် . . ဟော့ . . . တုန်တုန်ဖွင့်သွားတာ"

ဝိဝိ့အသံကြားရာဆီ လာကြည့်လိုက်တော့ အခု
အိပ်ရာပေါ်မှာ ဇိမ်ယူနေဆဲ။

"ဘယ်အချိန်ရှိပြီလဲ၊ ဒါ မိန်းကလေးတစ်ယောက်
အိပ်ရမယ့်အချိန်လား"

"အိပ်တော့ ဘာဖြစ်လဲ"

မိဘတွေ နိုင်ငံခြားမှာရှိနေတုန်း ဒီမှာ တုန်တုန် ...
ထားပြီး တိုက်ခန်းအကျယ်ကြီးထဲ တစ်ယောက်ထဲ လွတ်လွ
လပ်လပ်နေပါတယ်ဆိုမှ ဒင်းက လာလာ ဆူပူချင်သေးသည်





သူ့ကိုယ်သူ ဘာများ မှတ်နေသလဲ မသိ။

အခါက သူမ ဖွင့်ထားတဲ့ သီချင်းသံစဉ်ကို တစ်ချက်
နားစွင့်ရင်း . . .

"ဒါ ငါ့စီဒီ မဟုတ်လား"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ် . . . ကားထဲကနေ ပျောက်သွားတာ၊
ကြည့်စမ်း . . . နင်ယူသွားတာပေါ့ အခုမှ တရားခံမိပါလား"

ဝိဝိက အဟီးဟု ရယ်လိုက်သည်။

ဒီလိုပါပဲ။ ဝိဝိဟာ သူ့ပစ္စည်းဆိုရင် ပိုင်စိုးပိုင်နင်းနှင့်
မပြောဘဲ ယူတတ်သည်။

အခါလွန်မိုးဆီမှာ သူမ နှစ်သက်တဲ့ ပစ္စည်းတွေ့လို့
ကတော့ အပိုင်သိမ်းပြီးသားပင်။

ကင်မရာပဲဖြစ်ဖြစ်၊ ဘောပင်ပဲဖြစ်ဖြစ်၊ အမ်ပီသရီးပဲ
ဖြစ်ဖြစ်၊ Hand set လုလုပဲဖြစ်ဖြစ်၊ နောက်ဆုံး နားတစ်ဖက်

မှာ ပန်ထားတဲ့ အခါရဲ့ နားကပ်ကိုတောင် သူမ ကြိုက်မိလို့ ရအောင် ဖြုတ်ယူတာပါ။

ဒီအပေါ်မက သူ့ကို တော်တော်နိုင်သည်။

အခါလွှန့်မိုးကလည်း အလျှော့မပေး။

သူမကက်ဆက်ကို ထောက်ခနဲ ရီမုတ်နှိပ်ကာ ဝီဝီကို ပြန်ထုတ်ယူလိုက်သည်။

"ဟင် … ဘာလုပ်တာလဲ၊ ပြန်ထည့်ပေး၊ ဝီ နား ထောင်နေတာ မမြင်ဘူးလား"

"ဥစ္စာရှင်မှန်လို့ လက်ထဲ ပြန်ရောက်တာလေ"

"ဘာဥစ္စာရှင်လဲ၊ ဥစ္စာရှင်က ဒီမှာ ဒေဝီကြော့ရှင်းတဲ့"

"အရုပ်ပုပုနဲ့ နင့်နာမည်က တစ်ခြားစီပဲ ဘယ် ကြော့ရှင်း သပ်ရပ်လို့လဲ၊ တစ်ခန်းလုံးလည်း ရှုပ်ပွနေတာလဲ"

"မရှင်းသေးလို့ ပွနေတာ အဆန်းလား"

"အေးပါ … မဆန်းပါဘူး၊ ကွက်သိုက်မ"





"နင်ဟာလေ မိန်းကလေးတစ်ယောက်အပေါ် ငဲ့ညှာမှု မရှိပါလား"

"မိန်းကလေး … ဟုတ်လား၊ ဒါကြီးက မိန်းကလေး လား"

လက်ညှိုးထိုးပြီး ဟားသည်။

တကယ်ပါပဲ။ သူ့မျက်စိထဲ ဝီဝီကို မိန်းကလေး တစ်ယောက်အဖြစ် မြင်ကို မမြင်နိုင်တာပါ။

အတူတူ ကကြတဲ့အခါ ဝီဝီ့ ခါးကို သူကိုင်မြှောက် ရရင်တောင် ရင်ခုန်ဖို့ နေနေသာသာ ရှုံ့မဲ့ချင်တာ၊ လုံးဝ ဘယ်လိုမှ မနေ။ ဝီဝီ့မှာသာ ရင်ဖိုချင်သလိုလို တစ်ဖက်သတ် ဖြစ်ရတာ။ သူကတော့ အေးဆေး …။

"ဟုတ်တယ်၊ မိန်းကလေးအပျိုလေး … သွား၊ သွား ညှော်ခန်းကစောင့်"

"အောင်မာ ဂျပုမ၊ ကြီးကြီးကျယ်ကျယ်ကွာ"

သူမကို နားရင်းတစ်ချက် လာအုပ်၏။

"ဟင် . . . ကြည့်စမ်း"

ဝိဝိက သူ့လက်ကို ဖမ်းပြီး ကုန်းကိုက်ပစ်၏။

"ခွေးမ၊ ဂျပုမ၊ မညီးတူးမ၊ အသံပြဲမ"

လူကို ခေါ်လိုက်တဲ့ အမည်တွေက ရစရာကို မရှိ။

ဒင်းကို အသားနာအောင် အကွင်းလိုက်ပါအောင် တအားဖိကိုက်မှ . . .

"ဟ . . . လွှတ်လေ၊ ငါ လက်လိမ်ပစ်မှာနော်"

"လုပ်လေ . . . လုပ်ကြည့်စမ်း"

သူတို့နှစ်ဦးတွေ့ရင် ပြောင်းဆန်တတ်မြဲ ထုံးစံနှင့် ရှုပ်ယှက်ခတ်သွားရပါသည်။

ထုရိုက် ကုတ်ခြစ်တတ်တဲ့ ဒီကောင်မလေးရဲ့ လက်နှစ်ဖက်ကို အခါက တဟားဟား ရယ်ရင်း ရအောင် ဖမ်းချုပ်လိုက်ပါသည်။





"လွှတ်စမ်း . . . ဖယ်စမ်း၊ နင် ယောကျ်ားမဟုတ်ဘူးလား"

"ဟေ့ . . . ခွေးပုမ၊ ဘာတွေ စွပ်အော်နေတာလဲ၊ သူများတွေကြားရင် ဘယ်လိုထင်မလဲ"

"ဘယ်လိုထင်ထင်ပေါ့၊ အား . . . လက်နာပြီ အခါ စုတ်ရဲ့"

"ဘယ်လိုခေါ်တယ်၊ ကိုအခါလို့ ပြန်ခေါ်စမ်း"

"နွားဘူး အခါလွန်"

"ဟာ . . ကြည့်စမ်း"

"ကောင်မလေးတွေမြင်ရင် လိုက်ငမ်းတာပဲ၊ ဗိစိဒိ ရှိက်ရင် ကောင်မလေးတွေကို လှည့်ပတ်ပြီး ကိုယ့်အိတ်ထဲ ပဲထည့်ဖို့ . . အား"

"ပြန်ပြောစမ်း"

"အား . . . တော်ပြီ၊ အခါနော် နာတယ်"

အခါက နောက်ပြောင်ပြီး လက်ကို လိမ်ထားပေမယ့် ဝိဝိ တကယ် နာကျင်သည်။

သူဟာ ဝိ့ကိုဆို ဘယ်တော့မှ မကြင်နာ။

ရင်ထဲမှာ ဝမ်းနည်းသလို ဖြစ်မိသည်။

''ဝိ ငိုမှာနော်''

တကယ် ငိုသံပေါက်အောင် လုပ်တတ်သဖြင့် အခါက လက်ကို လိမ်ထားရမှ နည်းနည်း လျှော့ပေးလိုက်သည်။ သူမ မျက်နှာကိုလည်း တကယ် ငိုချလိုက်မလား အကဲခတ်ရသေး၏။

''ဝိဝိ နင်ကိုက်ထားတာ ဒီမှာကြည့်စမ်း''

အခါက သူ့လက်ဖျံကို မကျေမနပ် ထိုးပြသည်။

''နင်က ဝိ စိတ်ဆိုးအောင် ပြောတာကိုး''

''တော်ပြီဟာ ... ငါပြန်မယ်''

''နေပါဦး၊ လာရင်းကိစ္စတောင် ဘာမှ မပြောရသေးတာ''





''နေပါစေ ... မပြောတော့ဘူး''

''လိမ္မာပါတယ်ဟာ၊ အခါကလည်း ကော်ဖီသောက်မလား၊ အအေးဖျော်ရည်သောက်မလား''

''ဘာမှ မသောက်ဘူး''

''စတော်ဘယ်ရီတိုက်မယ်လေ၊ စတော်ဘယ်ရီသီးများကို ဖျော်ကာကွယ် အိုး ... တိုက်ပါမယ်''

ဝိဝိက သီချင်းသံနှင့် ရွတ်နောက်နောက် ဆိုလျှင် အခါ မျက်နှာရှုံ့ပြီး ...၊

''အိုး တိုက်ရင် နောက်ဖေးမှာ သွားတိုက်ပေါ့''

''ရှင့်ကို တိုက်မှာ၊ ဟောဒီက ရှင်ကြီးကို တိုက်မှာ၊ သိရဲ့လား''

အခြောက်ကဲ့သို့ ဟန်မူရာလုပ်ပြန်သဖြင့် အခါ ယွန်မိုး မရယ်ဘဲလည်း မနေနိုင်။

ဝိဝိတစ်ယောက်ဟာ တကယ် ပြောင်မပါ။

ဘာမှ အလေးအနက်မထား၊ အင်မတန် ပျော်ပျော် ပါးပါးနေတတ်တဲ့ မိန်းကလေးပါ။

တော်ရုံနှင့်လည်း စိတ်မဆိုး၊ စိတ်မကောက်။ တခြား ကောင်မလေးတွေလို ဟန်တွေပန်တွေလည်း မလုပ်၊ ပဲလည်း မများ။

က,စရာရှိရင် ယောက်ျားလေးတွေနှင့်တန်းတူ မမောမပန်း ခုန်ပေါက်ကနိုင်သူလေး။

ပါးစပ်က ပေါက်ပေါက်ဖောက်သလို တရစပ် စကား များတတ်ပေမယ့် စိတ်ရင်းကောင်းပြီး မနောဖြူသူလေးပါ။

ထို့ကြောင့်လည်း အခါလွန်မိုးက ငယ်ပေါင်း သူငယ် ချင်းမလေးအပေါ် အနွံအတာခံ အပြုံးမပျက် သည်းခံ ပေါင်းသင်းလာတာ တကယ့် ငယ်ပေါင်း ရောင်းရင်းကြီးပါ။

ဝိဝို့အိမ်ကိုဆိုလည်း သူက တံခါးမရှိ၊ ဓားမရှိ ဝင် ထွက်သွားလာသည်။





သင်တန်းမှာ အလုပ်ခွင်ထဲမှာဆိုလည်း သူနှင့်ဝိဝီဟာ တိုင်ပင်ဖော်တိုင်ပင်ဖက်ပါ။

ဒီကောင်မလေးမှာ အံ့နုပညာအရည်အသွေးတွေ သည်း အပြည့်ရှိသည်။

ထိုအချက်ကို 'အခါ' အလွန် သဘောကျသည်။

ဒီည သူငယ်ချင်းတွေနှင့် စကားပြောရင်း ဘီယာ နှစ်လုံးခန့် သောက်မိသွားသည်။

ကရဝိတ်ဥယျာဥ်ထဲက ဆိုင်လေးမှာထိုင်ရင်း တစ်စစ နှင့် ည ကိုးနာရီခန့်ရှိသွားပြီ။

ညနေကတည်းက ဒီမှာ ဗီစီဒီလာရိုက်ရင်း အခါ မပြန် ဘဲ သူငယ်ချင်းတွေနှင့် ချိန်းဆိုလိုက်တာ။ အလုပ်တွေ ပိနေ သဖြင့် အေးအေးလူလူ ဘီယာ မသောက်ရတာ ကြာပြီလေ။

ဟိုတလောက ရာသီဥတု ပူလွန်းအိုက်လွန်းသဖြင့် သူ မသောက်ရဲဘဲ ဖြတ်ထားတာပါ။





အခု ဖွန်လထဲရောက်ပြီး မိုးလေး တဖြောက်ဖြောက် ရွာလာမှပဲ ဟန်ကျသွားသည်။

ဟိုတစ်ရက်ကဆို ရွာလိုက်တဲ့မိုး . . . ။

ကားထားတဲ့ ကုန်းမြင့်မှာတောင် ရေတွေဝပ်ပြီး သူ့ ကားက လှည်းချင်တဲ့ဖက် ခေါင်းလှည့်သွားသေးတာ။

ရေကျသွားမှ ကားကို နဂိုနေရာ ပြန်တည့်မတ်ခဲ့ရ သေးတာ။ သူတို့ ရယ်စရာအဖြစ် ပြောမဆုံး . . ။

သူ့သူငယ်ချင်းတချို့ရဲ့ ကားတွေဆို ကွန်ဒိုတိုက်ခန်းရဲ့ မြေအောက်ကားပတ်ကင်မှာ ထားတာကြောင့် တစ်စီးလုံး ရေမြုပ်သွားသေးတာ။

သူတို့ စကားဝိုင်းထဲ ရေလျှံတဲ့ မိုးအကြောင်းလည်း ပါသည်။

စင်္ကာပူ၊ ဂျပန်မှာ အလုပ်သွားလုပ်လာခဲ့တဲ့သူတွေ ရဲ့ အတွေ့အကြုံတွေအကြောင်းလည်း ပါသည်။

ရည်းစားသနာ ကိစ္စတွေကတော့ အကြောင်းအရာ အများဆုံးပေါ့။

"ငါ့ကောင်မလေးက သူ့ကို ယူတော့လို့ ဝမ်းနင်ပေး ထားတယ်၊ သုံးဆယ်ပြည့်လို့မှ လက်မထပ်ရရင် နောက် ဘယ်တော့မှ လက်မထပ်ဘူးတဲ့ကွာ၊ ရာဇသံပေးထားတယ်၊ အဲဒါ ငါ့ကို အလုပ်ရှာပေးစမ်းပါကွာ"

ဟု နားပူနားဆာ လုပ်တဲ့ကောင်လည်း ပါတယ်။

"ငါတို့ရဲ့ 'ရှော့ကီးစတား' မီဒီယာကို လာခဲ့ကွာ၊ အလုပ်တစ်ခုခုပေးမယ်လို့"

အခါ့မှာ ကတိပေးရသည်။

သူက အခုတလော နာမည်ရစပြုလာတဲ့ ဒါရိုက်တာ မို့ မင်းသားဖြစ်ချင်သူတွေကလည်း လက်တွဲခေါ်ယူဖို့ တောင်း ဆိုသည်။

အခါလွှန်မိုးက မငြင်း။





အားလုံးကို ခေါင်းပဲညိတ်သည်။

သူလည်း ပုတ်သင်ညို ဖြစ်နေရပါပြီ။

အဲဒါနှင့် ကိုးနာရီထိုးမှပဲ စကားဖြတ်ပြီး လူစုခွဲသည်။

အခါလွှန်မိုးက သူ့ရဲ့ ပရိဆိကားပေါ် သူတက်ပြီး မောင်းထွက်လာရင်းမှ အပေ့ါသွားဖို့ သတိရသည်။

အိမ်အထိ မောင်းမသွားနိုင်တော့။

အား . . . ဘီယာတန်ခိုးက ပြလာပြီ။ မအောင့်နိုင်။

ဒါနှင့်ပင် ကားကို မုန့်ဆိုင်တန်းတွေရှိကာ ကတ္တရာ လမ်းဘက် ချိုးကွေ့ပြီး သန့်စင်ခန်းအနီးမှာ ရပ်လိုက်ရပါသည်။

သော့ချပြီး သန့်စင်ခန်းရှိရာ ကုန်းနိမ့်လှေကားထစ် လေးမှ ပြေးဆင်းခဲ့သည်။

ပတ်ဝန်းကျင်မှာလည်း လူရှင်းနေပြီ။ စောစောက ကြားနေရတဲ့ တေးဂီတစင်မြင့်လည်း ပွဲသိမ်းသွားပြီ ထင်သည်။ အသံတိတ်သွားလေပြီ။

သန့်စင်ခန်းက ဒီဘက် ဝင်ဝင်ချင်းက လေဒီ၊ ဟိုဘက်က ယောက်ျားလေးတို့ အခန်း . . . ။

မိန်းကလေးခန်းတံခါးဝမှာ လိုက်ကာနှင့် ကာထားသေ ကောင်းပါသည်။ သူလည်း မကြည့်မိအောင် သတိထားပြီး ဟိုဘက်ခန်းဖက် လျှောက်ခဲ့သည်။

အခန်းထဲဝင် တံခါးဆွဲပိတ်ပြီး ကိစ္စရှင်းသည်။

ပြီးတော့ ဘောင်းဘီဇစ်ကို ပြန်ဆွဲရင်း ခုန ကြားခဲ့ရတဲ့ R ဇာနည်သီချင်းတစ်ပုဒ်ကို ခပ်ဖွဖွလေချွန်နေမိသည်။

သန့်စင်ခန်းတစ်ခုလုံးလည်း အခါလွန်မိုးတစ်ယောက်တည်း မဟုတ်လား။ သန့်ရှင်းနေတော့ စိတ်လက်ကြည်လင်စွာ လေချွန်လိုက်မိတာပါ။

မယ်မှူးက ဒီဖက်ခန်းအစွန်မှာ မှန်ကြည့်လက်ဆေးရင်း တစ်ဖက်က နီးနီးကပ်ကပ် လေချွန်သံကြောင့် မျက်မှောင်ကြုတ်သွားရသည်။





သင်းဆွေကလည်း အပြင်ထွက်သွားပြီ။

သူမလက်ဆေးပြီးတာတောင် မစောင့်။

အခါကလည်း ဟိုဘက်ခန်းက ရေဖွင့်သံကို ကြားနေ၏။

ထိုအခိုက်မှာ ဖြစ်ချင်တော့ မယ်မှူး ပခုံးပေါ်သို့ အိမ်မြှောင်နှစ်ကောင်တွဲက ဖတ်ကနဲ ပြုတ်ကျလာပါသည်။

"အမယ်လေး"

အကျယ်ကြီး လန့်ဖျပ်အော်သံ။

ဘာဖြစ်လို့ပါလိမ့်။

အခါ လေချွန်သံ တိတ်သွားရပါသည်။

မိန်းကလေးတစ်ယောက်တည်းဆို ကူညီရမယ့် ဝတ္တရား ရှိသည်။ ထို့ကြောင့် အသံကိုမြှင့်ပြီး . . .

"ဟေ့ . . . ဘာဖြစ်တာလဲ"

"ရှင် . . . ဟို . . . အိမ်မြှောင်ပါ"

"ဩော် ... ဟား ... ဟား"

အခါ ခပ်တိုးတိုး ရယ်လိုက်မိသည်။

ရယ်ချင်လို့ပါ ဟား ... ဟား။

မိန်းကလေးတွေများ အိမ်မြှောင်ကိုပင် ကြောက်သည်။ ဘာများ ကြောက်စရာရှိလို့လဲ။

ရယ်သံကြောင့် မယ်မှုံးစိတ်တိုတိုဖြင့် နှုတ်ခမ်းကိုက်မိသည်။ မျက်နှာကြက်ကို မော့ကြည့်ပြီး အသည်းတွေ ယားလိုက်တာ။ ကြည့်စမ်း ... အခုမှ မော့ကြည့်မိတာ။

ဟိုမှာတစ်ကောင်၊ ဒီဘက်မှာနှစ်ကောင်၊ ဟင် ... ဟိုမှာရော အား ... အများကြီးပါလား၊ မျက်နှာကြက်တစ်ခုလုံး အိမ်မြှောင်အကောင် နှစ်ဆယ်ပင်မက။

ဘယ်လိုက ဘယ်လို ဒီလောက်များပါလိမ့်။

မယ်မှုံးသည် အသည်းတယားဖြင့် သူမ ပခုံးလေးကိုလည်း ခါလို့မဆုံး။





လက်ရေစိုနှင့်ပင် အပြင်ဘက်သို့ အမြန် ပြေးထွက်လာသည်။

သင်းဆွေနှင့်အတူ ကားနားရပ်ရင်း ဒီဘက်ကို ပြန်လှည့်ကြည့်တော့ လူတစ်ယောက် ထွက်လာသည်။

ခုန လေချွန်နေတာ၊ သူမကို လှမ်းမေးတာ၊ ပြီးတော့ ဟားတိုက်ရယ်လိုက်တာဟာ ဒီလူကြီးပဲပေါ့။

အခါလွန်က ကောင်မလေးနှစ်ယောက် ရပ်နေတာ လှမ်းတွေ့ပေမယ့် ခုန လန့်အော်တာ ဘယ်ကောင်မလေးမှန်းမသိ။

သေချာစေ့စေ့လည်း သူမကြည့်ရဲ။

တစ်ယောက်က အပြတ်အသတ် ပိုလှသည်။

ပိုးသားမျှင်လို ဆံပင်ရှည်ရှည်တို့နှင့် မီးရောင်မှာ အဖြူရောင် စပို့ရှပ်လက်ရှည်လေးနှင့် ထင်းနေပါသည်။ အင်္ကျီ လည်ပင်းက စီးကွင့်နှင့် ပန်းထိုးထားတာက ဆွဲကြိုး လက်

လက်ပြောင်ပြောင် တစ်ကုံးလို ဖြစ်နေသည်။ ဘောင်းဘီက ခပ်ဖွဖွ အသားဖျော့ဖျော့ ပန်းသီးစိမ်းရောင်လေး... ဘောင်းဘီ အနားမှာက အဖြူရောင်ကြိုးစလေး ကျနေသေးသည်။

ဖိနပ်က ရှေ့က လေဒီရှူးလို အပိတ်ဖြစ်ပြီး နောက် ဖက်က ခွာချွန်ကြည်ကြည်လေးပါသည်။

ကားကို မှီရပ်ကြည့်နေပုံက သူ့ကို အကဲခတ်သလို လိုမို့ အခါ မြန်မြန်အကြည့် ပြန်လွှဲသည်။

မကောင်းဘူးလေ။ အားနာစရာကြီးမို့လား။

ပရိဆိကားပေါ်တက်ပြီး ထွက်သွားသော ထိုလု သဏ္ဌာန်ကို ကြည့်ရတာ တစ်နေရာမှာ မြင်ဖူးသလိုလို။

စတိုင်လ်ကျပြီး အင်မတန် ကြည့်ကောင်းတဲ့ ခတ် မတ်မတ်လမ်းလျှောက်ဟန်။

မယ်မှူး မြင်ဖူးတာတော့ သေချာသည်။

ဘယ်တုန်းက ဘယ်မှာ မြင်ဖူးမှန်းသာ စဉ်းစားမရတာ





''ဟဲ့... လူကြီးက ချောတယ်နော်၊ မယ်မှူး''

''အင်း''

''ရှင့်ကို သေချာကြည့်သွားတယ်''

''ဟွန်း... ဘာမှန်းလဲမသိပါဘူး၊ သင်းဆွေကလည်း ကျုပ်ကိုတောင် မစောင့်ဘူး၊ တွိုင်းလက်မှာ အိမ်မြောင်တွေ က များလိုက်တာဆိုတာ''

''အိုး... အိမ်မြောင်က ဘာလုပ်လို့လဲ''

မယ်မှူးက ဆက်မပြောတော့ဘဲ ဟိုလူကိုသာ စိတ် ထဲက မျက်စောင်းရွယ်လိုက်မိသည်။

မယ်မှူးကြောက်သွားတာကိုပဲ, သူက ရယ်စရာ သဘောထားရတယ်လို့.. ဟင်း..။

❤ ❤ ❤

"ဝိဝိ . . . နင် အိမ်မြောင် ကြောက်တတ်လား"

"ဟင်"

အမှတ်မထင် အခါ့မေးခွန်းကြောင့် ဝိဝိ မျက်လုံးဝိုင်းသွားရသည်။

"ဘာလုပ်မလို့ မေးတာလဲ"

"ဟား . . . ဟား . . . ဘာမှ မလုပ်ပါဘူး"

အခါလွန်မိုးရဲ့ မျက်လုံးတွေက ချိုရီ ရယ်မြူးနေပါသည်။ ဘာတွေများ ပျော်စရာတွေ့လာတာလဲ။

"ဝိဝိ မကြောက်ဘူးပေါ့၊ ထင်ပါတယ် . . . နင်က ကြောက်မှာမဟုတ်ပါဘူး"





သဲ့စကားကို သိပ်မကျေနပ်ချင်။

အဲလို အကောင်ပေါက်စလေးတွေကို မကြောက်တတ်ရင်ဘဲ မိန်းမ မပီသလိုလို။

"အခါ မေးတာ အကြောင်းရှိမှာပါ"

"မရှိပါဘူး၊ ဒီလိုပါပဲ"

"ဝို့ကို မညာနဲ့နော်"

"တချို့ကောင်မလေးတွေက အိမ်မြောင်မြင်တာ သရဲမြင်တာကျနေတာပဲ"

ဝိ အံ့အားသင့်သွားမိရင်း . . .

"ဘယ်သူလဲ အခါ"

"မသိပါဘူးကွာ"

အခါလွန်က နဖူးစပ်က သူ့ဆံပင်တွေကို အပေါ်သို့ သပ်တင်ပြီး အနည်းငယ် ဖွလိုက်ပါသည်။

ဒါက ဘာအမူအရာမှန်း မသိ။

သူ့စိတ်ထဲ နည်းနည်းပါးပါး လှုပ်ရှားရင် ပြုမူတတ်တဲ့ အပြုအမူပါ။

ဝီဝီ မျက်မှောင်လေးကုတ်လျက် သူ့ကို ကြည့်နေမိကာ. . .

"အခါ တစ်ယောက်ယောက်နဲ့ တွေ့လာပါပြီ"

"သိပ်မှန်တာပေါ့ . . . အရမ်းလှတဲ့ကောင်မလေး တစ်ယောက် ဆံပင်ရှည်တွေက ကျောပေါ်မှာ ပြည့်နေတာပဲ၊ ပျော့ဝဲပြီး တုန်ခါနေတယ်၊ မျက်လုံးလေးက ဘာလေးမှန်း မသိဘူး။ သူ ကြည့်လိုက်ရင် အသည်းယားစရာပဲ၊ ငါတောင် အသက်ရှူမှားသွားတယ်"

"အပိုတွေ လာမပြောနဲ့နော်"

ကြားရတာ အတော်နားခါးသည်။ ဝမ်းနည်းချင်စရာလည်း ကောင်းသည်။ အခါ့နှုတ်ခမ်းဖျားက တခြားမိန်းကလေး တစ်ယောက်ရဲ့ အလှအပကို ညွှန်းဖွဲ့နေတာ ဝီဝီ မကြားချင်။





နားကလောသည်။ မုန်းသည်။

"တကယ်ပြောတာ ဝီဝီ၊ သူက တစ်မျိုးလေးပဲ"

"ဆံပင်ရှည်ကြီးနဲ့ဆိုရင် သရဲမပဲ ဖြစ်မယ်"

"ဟာကွာ . . . အဲလို မပြောပါနဲ့"

အခါ့ပုံစံက ဆတ်ဆတ်ထိ မခံတဲ့ပုံပါလား။

"ဒါမှမဟုတ်လည်း ကဝေမ၊ သူယောင်မယ်၊ စုန်းမ"

ဝီဝီ အမြင်ကပ်ကပ်နှင့် ရေရွတ်လိုက်သည်။ အခါတော့ ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားလာပုံ ရသည်။

ဘယ်မှာတွေ့လာသလဲ စကားအစ်အောက်ကြည့်ရမည်။

"ဟဲ့ . . . အဲဒီစုန်းမက ဘယ်ကလဲ"

"မသိဘူးလေ"

"အခါနဲ့ ဘယ်မှာတွေ့တာလဲ"

"ကရဝိတ်မှာ"

ဉာဏ်ဝင်းစာပေ

"ဈေးရောင်းပွဲတော်မှာလား"

"မဟုတ်ပါဘူး ဟား... ဟား"

အခါလွန်မိုးက သူမ မေးခွန်းကို သဘောကျသလို ရယ်မောလိုက်သည်။

"ဘာရယ်နေတာလဲ"

"ဘယ်မှာတွေ့တာလဲဆိုတော့ အဲဒါပြောလို့ မကောင်းဘူး"

"မာဆတ်ရှိမှာလား။ နင် အနိုင်ခန်းသွားလို့လား အခါ"

"ဟာ.. ပေါက်ပေါက်ရှာရှာ၊ သူက တကယ် ဖြူဖြူ စင်စင်လေးပါ၊ အရမ်းလည်း ဆွဲဆောင်မှုရှိတယ်။ ပုံစံလေးက ချစ်စရာလေး၊ အသည်းယားစရာလေး၊ ကောက်ချီချင်စရာလေး"

"အံမယ်... ဖယ်"

ဝိဝိက နားကြားပြင်းကပ်သလို နားရွက်ထဲ လက်ညှိုး နှင့် ဟန်ပါပါ ခါထုတ်၏။





"ပိုပါပြီ... နာဘူးရယ်"

"အဲဒါကြောင့် ဝိဝိ စိတ်ပုပ်မလို့ နာမည်ထွက်တာ"

သူက ဝိဝိ ဆံပင်လေးကို တစ်ချက် ခပ်စောင့်စောင့် ဆွဲ၏။

"အခါနော်"

မျက်လုံးပြူးနှင့် ဝိဝိ ကြိမ်းဝါးသည်။ တစ်ပါးသူ အကြောင်း ချီးမွမ်းတဲ့ သူ့နှုတ်ခမ်းထူထူကို ကုတ်ဖဲ့ပစ်ချင်မိ သည်။

ဝိဝို့အသည်းမှာ ဒါလေးပြောတာနှင့်ပင် ဆတ်ဆတ် ခါအောင် နာကျင်သည်။

သူများ တကယ် တခြားမိန်းကလေးနှင့် တွဲခဲ့သည် ရှိသော်... ဝိဝိ ဆက်မတွေးရဲ။

ဒါပေမယ့် အခါရဲ့စကားက နောက်နေတာလည်း မဖြစ်နိုင်။

မကြားရဲပေမယ့် သေချာချင်သေးတာကြောင့် ...

''ဘာတဲ့လဲ ... သူ့နာမည်က''

အခါက မဖြေ။ ပြုံးစိစိနှင့် ဟိုဘက်လှည့်သွား၏။

''ပြောစမ်းပါ''

''နာမည်က အရေးမကြီးပါဘူးကွာ၊ အရေးကြီးတာက သူ့မျက်လုံး ငါ့ကို ကြည့်ပုံလေးက ရက်နေသလိုလေ။ ပြီးတော့ ကိုယ်တို့နှစ်ယောက်စလုံး အဲဒီခဏလေးမှာ စိတ်လှုပ်ရှား သွားတယ်''

''နင့်ဘက်က ဖြစ်တာနေမှာပါ အခါရယ်၊ ဟိုဘက်က သိမှာတောင် မဟုတ်ပါဘူး''

''သူ့အသံလေးက အလန့်တကြားနဲ့ ချစ်စရာလေး''

ဟောဒီ အခါလွန်က 'ချစ်စရာလေး'ချည်းပဲ နှုတ်မှာ ကမချ ဖြစ်နေပါလား။

ဝီဝီ ရင်ထဲမှာ မနာလိုခြင်းတွေ အုံဖွဲ့လာသည်။





ဖြေနေပုံက ရေရေရာရာ မရှိသေးလို့သာပေါ့။ လမ်းမှာ အမှတ်မထင် ဆုံရသူလေးတစ်ယောက်ကို အလွန်အမင်း မျက်စိကျလာပုံရသည်။

ဘယ်လောက်များ လှလို့ အခါ မျက်စိကျရတာလဲ။

သူမ သိချင်စမ်းပါဘိ။ သူမထက် လှလို့လား၊ သူမ တရော အခါ့မျက်စိထဲ မြင်လောက်စရာ ရုပ်ကာမျိုး မဟုတ်ဘူးတဲ့လား။

မလိုတမာ အတွေးတို့နှင့် လူက ပူလောင်လာရသည်။

အချစ်ဆိုတာဟာ ဘာကြီးလဲ... သူနှင့်ပတ်သက်သမျှတာ ဘာမှ နှုးညံ့သိမ်မွေ့တာ မရှိ။ အားလုံးဟာ ခံစားလိုက်ရင် အပြင်းအထန်။ ချစ်မိလေလေ အရှိန်က ပြင်းလေ။ ရင်ထဲက အချစ်၏ အရှိန်အဟုန်ပြင်းအားကို ဝီဝီ တကယ်ပဲ ကြောက်လာသည်။

ဘာမဆို လုပ်ရဲသည်။ ဘာမဆို ပေးဆပ်ဝံ့သည်။ အချစ်ကြောင့် ဖြစ်လာတဲ့ သတ္တိဆိုတာ ရှိကိုရှိမည်။

ဝီလည်း တစ်နေ့နေ့ ထိုသတ္တိမျိုး ရှိလာလိမ့်မည်။

အဲဒီအခါကျရင် သူမ ဘာပြောမိလို့ ဘာတွေ လုပ်မိ မလဲ မသိနိုင်။

အခုအချိန်ထိတော့ မိန်းကလေးပီပီ သိမ်းဆည်းပြီး သိပ်ထားခဲ့သည်။ အခါကသာ ဝီဝီကို မိန်းမ မပီသဘူးထင် နေတာ။ တကယ်တော့ တိတ်တိတ်ကလေး မျှော်လင့်စောင့် စားရတာ မိန်းမသားဘဝပါ အခါရယ် ...။

ဝီဝီက အလွန်မိုးရဲ့ မျက်နှာလေးကို ချစ်မြတ်နိုးစွာ ကြည့်နေမိသည်။ အနုပညာဝါသနာတူ၊ ပြောမနာဆိုမနာ ငယ်ပေါင်း သူငယ်ချင်း ဒီ့ထက်အကြောင်းသိတာ ဘာရှိဦးမလဲ။

သူမထို့သာ တစ်ဆင့်တက်ပြီး ပုံစံပြောင်းလိုက်မယ် ဆိုရင် ဘာမှ မခက်ဘူးဟု ဝီဝီ ထင်သည်။





တချို့တွေလည်း သူငယ်ချင်းကနေ နောက်နေ့ တစ်မျိုး တဖုံ ပြောင်းပြီး သမီးရည်းစားဖြစ်သွားတာပဲ မဟုတ်လား။ အဓိကက ရင်ထဲက သံယောဇဉ်နဲ့ မေတ္တာတရားပါနော်။

"ငါလိုချင်တာ အပျိုလေး .... အပျိုလေးဟေ့ ... အပျိုလေး ..."

အောက်ထပ် ထီဆိုင်ကားက ဖွင့်ထားတဲ့ သီချင်း တစ်ပိုင်းတစ်စကို သူလိုက်ဆိုတာမို့ ...

"ဟဲ့ ... ဘာတွေ လျှောက်အော်နေတာလဲ"

"သီချင်းကောင်းတယ်၊ မကြားဘူးလား"

"အခါ တွေ့လာတာ အပျိုမဟုတ်ဘူးလား"

"ဟာ ...ဖွ ...ဖွ ဘာလို့ အပျိုမဟုတ်ရမှာလဲ၊ မှတ် ထား သူ့မျက်လုံးလေးက ကြည့်လိုက်ရင် ရှက်ရွံ့နေတဲ့ အမူအရာလေးနဲ့ အဲဒါ တကယ့် အပျိုစင်အဖြူထည်လေး သာပါတယ်"

"ဟွန်း"

ဝီဝီ့မျက်နှာလေးက အစွမ်းကုန် ရှုံ့မဲ့သွားသည်။

တစ်ခြားကောင်မလေးကျတော့ တန်ဖိုးထားလို

တာ။

ဝီဝီကျတော့ တန်ဖိုးမဲ့လား၊ သူ ဘာကြော

ပစ်စလက်ခတ် သဘောထားရတာလဲ။

သူ့ရင်ထဲမှာ အချစ်ရှိလာရင် အဲဒီအချစ်ကို ဝီ

ပိုင်ဆိုင်သင့်တာပါ။ နှစ်ရှည်လများ စောင့်စားလာခဲ့ရတာ

ဝီဝီပါ။

ပင့်သက်ခွေးလေးဖြာရင်း ရင်ထဲ အားမလို အား

ဖြစ်မိသည်။

အရာရာဟာ ကိုယ်မျှော်လင့်ထားသလို မဖြစ်နိုင်

ဆိုတာ ဝီဝီ သိပါသည်။ ဒါပေမယ့် နှလုံးသားလေ

အားငယ် ဝမ်းနည်းနေတာ ခက်သည်။





နှလုံးသားလေးရယ် . . . မင်းကို ဝီဝီ တောင်းပန်ပါ

တယ်။ မင်းလိုချင် တောင့်တတဲ့ ချစ်သူကို ရနိုင်မရနိုင် ခုထိ

ပြောနိုင်သေးပါဘူး။

မရရင်လည်း မင်း ဝမ်းမနည်းပါနဲ့ကွာ။

ရေကန်ထဲမှာ ကြာပန်းဆိုတာ တစ်ပွင့်ထဲရှိတာ

ဟုတ်ဘူးလေ။ အပွင့်ပေါင်း မြောက်များစွာ ရှိနိုင်ပါတယ်။

သူတို့ဟာလည်း အားလုံးအတူတူ ကြာပွင့်တွေချည်း

ပဲ။ တစ်ပွင့် မပိုင်ခဲ့လို့ နောက်တစ်ပွင့် အစားထိုးပေးရင်

င်း စိတ်မဆိုးပါနဲ့ နှလုံးသားလေးရယ် . . .

ဝီက တကယ်တောင်းပန်တယ်နော်။

စိတ်လျှော့ထားလိုက်ပါ။

စူးစူးနစ်နစ် မျှော်လင့်ချက်ကြီးတစ်ခု ထားနေရင် မင်းပဲ

ပန်းလိမ့်မည် အသည်းလေးရဲ့။ မာန နည်းနည်းတော့

ားနိုင်မှာပေါ့။ မင်း အားမငယ်နဲ့ . . ပြုံးလိုက်ပါ။

ဝီဝီက ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့်သည်

နှလုံးသားထဲက မွှတ်သိပ်မှုကြောင့် သူမ မငိုချင်။ မျက်ရည်

မကျချင်ပါ။ ဒါတွေ အခါ နားလည်မှာလည်း မဟုတ်ပါဘူး

"ဝီဝီ"

"ဘာလဲ"

"ကိုယ်တို့ ပြန်ဆုံပါစေလို့ ဆုတောင်းပေးနော်"

"အံ့မယ်... ဘာလို့ ဆုတောင်းပေးရမှာလဲ ဝေးသေ

"ခွေးပုစိတ်တို့၊ ဝက်ပုရန်လို"

သူမ ခေါင်းကို ဖိအုပ်မိုးကာ လက်ဝါးနှင့် တအ

ဖိရင်း အခါ ရယ်သည်။ ကိုယ့်သေတွင်းကိုယ်တူးတဲ့ တော

ဆုမျိုး ဘယ်သူက မိုက်မိုက်မဲမဲ ပြုမှာလဲ အခါရဲ့...။

နားလည်မှု မရှိလိုက်တာနော်။

❤ ❤ ❤



မယ်မှုးက ယိုးဒယားဖြစ် အင်္ကျီအပျော့စား အုတ်

ဲရောင်လေးကို သူမ ကိုယ်မှာ ကပ်ကြည့်သည်။

အင်္ကျီအသားလေးက ကိုင်ရတာ အိတိတိနှင့်

ာက်ထဲ ဆုပ်ထားရင် လက်တစ်ဆုပ်စာပဲ ရှိမှာ... ပုခုံးမှာ

ကြိုးနှင့် ခါးလည်မှာလည်း ရှုံ့ကြိုးနှင့် ပုံစံလေးက အချိုးကျ

သည်။

"သင်းဆွေ... ဒါလေးကြည့်စမ်း"

"ဟယ်...လှတယ်၊ ဘာရောင်ရှိသေးလဲ"

"ဒီတစ်ထည်ပဲ ကျန်တယ် အစ်မ၊ မရှိတော့ဘူး"

"မယ်နဲ့ လိုက်လား သင်းဆွေ"

"သွားဝတ်ကြည့်လေ"

"အခန်းထဲမှာ သွားဝတ်ကြည့်လို့ ရပါတယ်"

ဆိုင်က အရောင်းစာရေးမလေးကပါ တိုက်တွန်းသဖြင့် သင်းဆွေကိုခေါ်ပြီး အဝတ်လဲခန်းရှေ့ ရောက်လာသည်။

"သင်း အပြင်က စောင့်မယ်၊ ဝတ်ပြီးရင်ပြနော်"

"အင်းပါ"

မယ်မှုး တံခါးလေး ဆွဲအစေ့မှာပဲ ထိုအဝတ်အစားမျိုးစုံရှိရာ အထပ်သို့ စုံတွဲလေးတစ်တွဲက တက်လာပါသည်။

"မညောင်းသေးဘူးလား ဝိဝိရာ၊ ငါအဲဒါကြောင့် မိန်းကလေးတွေနဲ့ ရှော့ပင် မလိုက်ချင်တာ"

"အခါနော် ဘယ်လိုဖြစ်နေတာလဲ"

ဝိဝိက သူ့လက်မောင်းကို ဆွဲခေါ်လာသည်။ ပလာ... ထဲ လျှောက်ကြည့်နေတာ တစ်ထပ်ပြီး တစ်ထပ်ပါပဲ။





ငွေရ ငမ်းရမယ်ဆို မိန်းကလေးတွေများ ညောင်းကို မညောင်း။ သူတို့ ဝယ်စရာတွေကလည်း စုံလင်သည်။

ခေါင်းပေါ် ထပ်ဆင့်တဲ့ ဖဲပြားတို့ ကလစ်တို့ကလည်း ဆိုင်ကြီး နှစ်ခန်းတွဲနှင့်အပြည့် . . .။

အလှဆင်ပစ္စည်းတွေ ဒီလောက်ရောင်းကောင်းတာ ဟာ မိန်းကလေးတွေရဲ့ လှချင်စိတ်ကြောင့်ပင်။

ဂမုန်းပွင့်ပဲ ကြည့်မလား။ စီးတီးမတ်၊ ဗလေရုံပဲ ကြည့်မလား။ ဝင်လိုက်တာနှင့် မိန်းမတို့အတွက် ကော့စမတ်တစ်နှင့် အသားအရေ ထိန်းသိမ်းပစ္စည်းတွေ ရောင်းချတဲ့ Brand အသီးသီးကို အရင်ဆုံးတွေ့ရတော့တာပဲ။

ဒီတစ်ခါ ဝိဝိနှင့် လိုက်လာမိတာ အခါ အကြီးအကျယ် ားနေပါပြီ။

သူက အမ်ကေဖက်ရှင်ထဲဝင်ပြီး ရုပ်အင်္ကျီနှင့် နက်ခ်တိုင်လေးတစ်ခုဝယ်ပြီးတာနှင့် ပြီးပြီ။

အခု လျှောက်သွားရသမျှတို့က ဝီဝီ့ကြောင့်သာ။

အခုလည်း ဝီဝီ ဆွဲခေါ်သဖြင့် ကောင်မလေးတွေက သူတို့နှစ်ယောက်ကို ကြည့်နေကြပြီ။

"ငါ့ကို မဆွဲနဲ့လေကွာ၊ သူများတွေ ကြည့်ကုန်ပြီ"

"ကြည့်ကြည့်ပေါ့၊ ဒီမှာ ကြည့်စမ်း ... စပို့ရှပ်တွေ ဘယ်လောက် အရောင်စုံထားလဲ၊ ဒီ မရမ်းရောင်လေးဆို နင်နဲ့ အရမ်းလိုက်မှာ အခါရဲ့"

ပြောပြောဆိုဆို ချိတ်က ဖြုတ်ယူပြီး သူ့ကိုယ်မှာ လာကပ်ကြည့်သည်။

"မှန်သွားကြည့်လိုက်"

တကယ်လည်းပဲ ကော်လံအနက်နှင့် မရမ်းရောင် စပို့ရှပ်လေးက အင်မတန် ထင်းနေအောင် ဆွဲဆောင်မှု ရှိသည်။

"အရောင်တောက်တယ်"

"ဩော် ... ဒါလေးက မျက်စိအေးပါတယ်"





ဝီဝီ ပြောတာလည်း မှန်ပါသည်။ တောက်ပပေမယ့် မစူးရှ။

ရုတ်တရက် ထိုအရောင်ကို သူလည်း သဘောကျမိသလို ဖြစ်သွားသည်။

သူ့မှာ ဘောင်းဘီရှည်အနက်တွေ က တစ်ပုံကြီးပါ။ ဘောင်းဘီအနက်နှင့် ဝတ်လျှင် အဆင်ပြေနိုင်သည်။

"မယုံရင် သွားဝတ်ကြည့်စမ်းပါ အခါရယ်၊ နင့် အသားက ဖြူတော့ အင်္ကျီလေးနဲ့ အရောင်ကိုဟပ်လို့ အရမ်း လိုက်တယ် တကယ်ပြောတာ"

"အေးပါ ... အေးပါ ယူလိုက်၊ ပြီးရင် သွားမယ်"

"ခဏနေပါဦး ... ဝတ်ကြည့်စမ်းပါဆိုနေ"

"ဝတ်ကြည့်လို့ ရပါတယ်ရှင်"

ပြပေးတဲ့ ကောင်မလေးကလည်း ဖော်ရွေ၏။

ဒီလိုနှင့် အဝတ်လဲခန်းရှေ့သို့ သူ ရောက်လာရသည်။

စိတ်မြန်လက်မြန်နှင့် စေ့ပိတ်ထားသော တံခါးကို ဖျပ်ကနဲ တွန်းဖွင့်ဝင်ဖို့ ပြင်သည်။

"အို . . . လူရှိတယ်ရှင့်"

မိန်းကလေးတစ်ဦးက ခပ်ဆတ်ဆတ် ပြောရင်း အထဲကနေ ဒိုင်းဆို တံခါးကို ပြန်စောင့်တွန်းလိုက်၏။

အသံလေးက ရှက်ပြီး ခပ်ဆတ်ဆတ်ဖြစ်သွားတာ။

လူကို သေချာမမြင်လိုက်ရပေမယ့် ဒီအသံကို အခါလွန် ကောင်းကောင်းမှတ်မိသည်။

ဒါ . . . ဒါ . . . ဟိုမိန်းကလေး . . . ။ အိမ်မြှောင်ကြောက်တဲ့ ကောင်မလေး။ သူ မျက်နှာပူပူနှင့် နောက်ပြန်ဆုတ်လိုက်ရသလို ရင်ထဲလည်း အခုန်မြန်သွားရသည်။

"ခဏစောင့်ပါ၊ အထဲမှာ လူရှိတယ်"

ဟိုဟိုဒီဒီ ငေးနေမိသော သင်းဆွေက သူ တံခါးသွားတွန်းတာ မတွေ့ဘဲ အခုမှ လှမ်းပြော၏။





"စိတ်မရှိပါနဲ့ရှင်၊ ယောကျ်ားလေးအဝတ်လဲခန်းက ပြင်နေလို့ပါ။ လောလောဆယ် ဒီတစ်ခန်းကိုပဲ မျှသုံးနေရလို့ပါ"

ကောင်မလေးက အားနာပြုံးနှင့် ဖြေရှင်းစကားဆိုသည်။

"ရတယ် . . . ရပါတယ်ဗျာ"

အခါလွန်မိုးက မဝတ်ကြည့်ဘဲ ကောင်တာမှာ ငွေရှင်းပြီး အကျီကို အိတ်ထဲ ထည့်နိုင်းလိုက်သည်။

"အခါရေ . . . ဖုန်းမြည်နေပြီ"

အခါလွန်မိုးက ပိုက်ဆံအိတ်ဖွင့်ပြီး ငွေရေတွက်နေသဖြင့်_ လက်မအားတာကြောင့် ဝီဝီကပဲ သူ့ခါးက ဟင်းန်းခန်းကို ဖိုးဖိုးဖက်ဖက် ဖြုတ်ယူနားထောင်လိုက်သည်။

"ဩော် . . . ကိုရာပြည့်လား၊ ရှိတယ်၊ ရှိတယ်၊ သူနဲ့ ပြောလိုက်ပါ"

အခါလွန်မိုးရဲ့ မန်နေဂျာ ရာပြည့်ဆီကဖုန်း။

အခါက ဟိုဘက် ဖုန်းသွားပြောသည်။ ဒီဘက်မှာဆို အသံက သိပ်မရှင်းတာနှင့် အရှေ့ဘက်အစွန်နားထိ လျှောက် သွားရသည်။

ဟို မိန်းကလေးကို စောင့်ကြည့်နေချင်ပေမယ့် ဘေးက ဝိဝိကတစ်မျိုး။ ရာပြည့်ဖုန်းက တစ်မျိုးမို့ ကောင်း လေးနှစ်ယောက် ထွက်သွားတာပဲ တွေ့လိုက်သည်။

သေချာတာကတော့ ဒါ ကရဝိတ်မှာ ဆုံလိုက်ရတဲ့ နှစ်ယောက်ပါပဲ။ ကျောပြင်က ဆံပင်ရှည်ရှည်လေး လှုပ်ခါ သွားတာ ကြည့်ရင်း သူ မှတ်မိသည်။

ဒါ အိမ်မြောင်လေးမှ အိမ်မြောင်လေးအစစ်။

❤ ❤ ❤



ရှေ့က စင်မြင့်ကို ကောင်းကောင်း မမြင်ရအောင်ပင် ရှေ့က စုံတွဲက ခါးဖက်ပြီး စည်းချက်လိုက်ကာ လှုပ်နေသည်။

R ဇာနည်ဆိုနေချိန်မို့ ယောကျ်ားလေး ပရိသတ်က ...က်ကို စုံမြှောက်ပြီး အသားကုန် ယိမ်းထိုးနေကြပါသည်။

ဝိဝိက သူမနံဘေးမှ အခါ့မျက်နှာကို မော့ကြည့် ...ိုက်သည်။

သူလည်းပဲ R ဇာနည်ကို အားပေးကာ လက်ဝါးကို ...ပေါင်မှာ တဖတ်ဖတ်ရိုက်ရင်း စည်းချက်လိုက်နေသည်။

...းဝပ်ကလည်း သူများ နည်းတူ အော်ဟစ်ဆိုနေသည်။

ညာ ချစ်သူဆိုတာ ... ကြွေရွှေတွေနဲ့ ...

ဆက်ယုံနေရင် ... ရုန်းထွက်ခက် ...

ကြာနေမယ် ... မင်း ငါ့ကို ဖြတ်လိုက်တော့ ...

ငါ အသက်ရှင်ချင်တာ ပျော်သလိုပဲ ...

ချစ်တာ မင်းရဲ့သဘော ပျော်ရွှင်ဖို့ ...

မင်း ငါ့ကို ဖြတ် ... လိုက် ... တော့ ....

ဝိဝိ နားတွေပင် အူလာသည်။

"ရှီး ... R ကြီး နောက်တစ်ပုဒ်"

ဘေးက အသံတွေက ဆူညံလှသည်။

သီချင်းဆိုတာကို ကောင်းကောင်းပင် ခံစားလို့မ

လူငယ်ပရိသတ်တွေက ယုဇနဂါးဒင်းစင်မြင့် ဖျေ

ဖြေပွဲမှာ အပြည့် ...။

ဒီနေ့က ဗာလင်တိုင်းဒေး (Valenttine Day) ဆိုတေ

ပိုဆိုးသည်။ မျက်စိရှေ့မှာ စုံတွဲတွေချည်းပဲ။





နှင်းဆီပန်းတွေဆိုတာလည်း ရောင်းကောင်းလိုက်

တာ။ R . ဇာနည်ဆိုပြီး သွားတော့ လူကြပ်တာ နည်းနည်း

ရှင်းချောင်သွားပြီမို့ သူမတို့ နှစ်ယောက်လည်း လူအုပ်ကြားမှ

ာက် အပြင်နားသို့ ထွက်ခဲ့သည်။

အပြင်မှာ စီဒီ ရောင်းတာမို့ နှစ်ချပ် ဝယ်လိုက်သည်။

"ဝိဝိ ဘာစားမလဲ"

သူက အကင်ဆိုင်နားရောက်တော့ မေးသည်။

သူနှင့် ဝိဝိက ဗာလင်တိုင်းမှာ စတိတ်ရှိုးကြည့်ပြီး

လျှောက်လည်ရအောင် ထွက်လာတာ။

မြင်တဲ့သူတွေကတော့ ဝိဝိတို့ကို စုံတွဲထင်မှာပဲ။

စားသောက်ဆိုင်တွေမှာ ညနေကတည်းက စုံတွဲမှ

က်ရတဲ့ နေရာတွေ လျှောက်ဝင်ပါပြီး လက်ဆောင်အရုပ်

တွေ ရခဲ့ပြီးပြီ။

"မစားချင်ပါဘူး"

''ငါတော့ ဘီယာသောက်မယ်''

''ဟင် . . . မသောက်ပါနဲ့ . . . အခါကလည်း''

''ပျင်းစရာကြီး . . . အိုကေ ကော့တေး သောက်မ
အဲဒါက မမူးပါဘူး''

ဝိဝိ့ကို ညာပြီး သူက ကော့တေးတစ်ဖန်ခွက် သွား
သောက်သည်။

ပြီးလျှင် တစ်နေရာမှာ အတူထိုင်ပြီး လက်ထဲ
ဆိတ်သားကင် ထုတ်ထိုးကို ကိုက်ဖြုတ်ဝါးနေသည်။

ဒီလိုနေ့မျိုးမှာ အခါလွှန် သတိရမိတာ အိမ်မြော
လေးကိုပါပဲ။

သူမ အမည်လည်းမသိပါဘဲ အခါလွှန်မိုး ရင်
မှတ်မှတ်မိမိ စွဲလန်းနေခဲ့တာပါ။ လမ်းသွားရင်း အမှတ်
တွေ့မလားဟု ရှာရတာ မောနေပြီ။ ဆံပင်ရှည်ရှည်လေး
မိန်းကလေးတွေ တွေ့တိုင်း လိုက်ကြည့်မိသည်။





သူမကို မြင်တွေ့ချင်စိတ်ဖြင့် တမ်းတနေမိတာ ဘာ
ကြောင့်လည်း အဓိပ္ပာယ် မရှိလှပါဘူး။ အခါလွှန်မိုးက
ငေးငေး ကြည့်နေရင်း သက်ပြင်းချသည်။

''အခါ''

''ဟင်''

''စုံတွဲတွေ အရမ်းများတယ်နော်''

''အင်း''

အခါက ခေါင်းညိတ်ရင်း ပြုံးကျဲကျဲဖြင့် . . .

''ဘာလို့လဲ ဝိဝိ၊ နင် အားကျနေပြီလား''

''အံမယ်''

''အတွဲရှာချင်ရင် ပြောနော်''

''ဘာလို့ ရှာရမှာလဲ''

''ရှိတော့လည်း ချော့ကလက်တွေ ဘာတွေ လက်
ဆောင်ရမှာပေါ့''

"ချော့ကလက်များ ဘာလုပ်ရမှာလဲ"

"ဒါဆို နှင်းဆီပန်း"

"မလိုချင်ပါဘူး"

"ငါ ဝယ်ပေးရမလား၊ ကောင်မလေးတစ်ယောက် ရည်းစားလည်း မရှိဘူး သနားပါတယ်"

"အပိုတွေ လာပြောမနေနဲ့"

ဝီဝီက ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရင်း သူ့ကို မျက်စောင်းဖိထိုးမိသည်။

သူကတော့ ပေါ့ပေါ့လေး နောက်ပြောင်နေတာပါ။ ဝီဝီမှာ ချစ်သူများနေ့ ရောက်တိုင်း စိတ်ထဲ ဝမ်းနည်းရသည်။

ချစ်သူမဟုတ်ဘဲနှင့် သူ့ဆီက လက်ဆောင်ပန်းတစ်ပွင့်လောက် လိုချင်လို့ ရမှာလား။

ဒီပန်းတစ်ပွင့်ရဲ့ တန်ဖိုးနှင့် အဓိပ္ပာယ်ကို သူ နားလည်ဟန်မတူပါ။ အရေးအနက်ထားဟန်လည်း မရှိ





ချစ်သူတွေရဲ့ မြတ်နိုးမှုနှင့် သစ္စာတရားရဲ့ သင်္ကေတပါ။ သူများစုံတွဲတွေ ကလေးရတဲ့အထိ ဗာလင်တိုင်းဆို နှင်းဆီအဝါလေးတစ်ပွင့် လက်ဆောင်ပေးတုန်းပါ။

ကြည့်မြင်ရတာ ဘယ်မျှ စိတ်ချမ်းသာ ကြည်နူးဖို့ကောင်းသလဲ။

ဝီဝီ့အနားမှာ ရှိတဲ့လူက တကယ် ကျောက်တုံးကြီး၊ ရေခဲတုံးကြီးပါ။ တစ်စက်မှ စိတ်လှုပ်ရှားပုံမရ။

ဝီဝီသည် စုံတွဲလှလှ ငယ်ငယ်လေးတွေ မြင်ရင် ငေးကြည့်ချင်ပေမယ့် ဘေးကနေ အခါ စ,မှာစိုး၍ မငေးရဲ။

ဝီဝီက သူ့ဘေးနားရှိပေမယ့် တကယ့် အဖော်မဟုတ်ဘဲနော်။

ကိုယ့်အဖြစ်ကိုယ် ဝမ်းပန်းတနည်းလည်း မတွေးချင်တော့ပါ။ အခါ ထင်သလို ဝီဝီဆိုတာ သံမဏိနှလုံးသားနှင့် မိန်းမလို့ပဲ ထားပါတော့ . . ။

"အခါ ... ပြီးရင် ထလေ၊ သွားရအောင်၊ ခဏ
နေရင် စိုင်းစိုင်းဆိုမှာ"

"ဟုတ်လို့လား"

"ကြော်ငြာထားတာပဲ ဥစ္စာ"

"အသံကြားမှ သွားတာပေါ့ဟ ဘာဖြစ်လဲ"

"အို ... အဲဒီကျရင် လူတိုးမှာ"

"အားပေးလုချည်လား"

"လာပါ ... အခါရဲ့၊ ဝီဝီက စိုင်းစိုင်းကြိုက်တယ်"

"ကလေးကျနေတာပဲ"

"ကလေးပဲပေါ့"

"ဒါ ... ကလေး ... ဟား ... ဟား"

အခါက သူမပခုံးကို တွန်းလိုက်ပြီး ရယ်သည်။

ဟွန်း ... ရယ်သံကြီးက မုန်းစရာ။

❤ ❤ ❤



အခန်းပြတင်းပေါက်ကနေ ကြည်လင်သာယာသော
ကောင်းကင်ကြီးကို မယ်မှူးဘာရယ်မဟုတ် မော့ပြီး ငေးနေ
သည်။

ဒီညဟာ လပြည့်ည။

ထူးထူးခြားခြား ဇာလင်တိုင်းဒေးနှင့် တိုက်ဆိုင်နေ
သည်။

ညမိုးချုပ်တဲ့အထိ မယ်မှူးအိပ်မပျော်သေး။

စိတ်ထဲမှာ လွမ်းဆွတ်နေသလိုလို .. ဘာကိုရယ်
... သူမ အမည်မတပ်နိုင်။

ကြယ်လေးတွေကို ကြည့်မိတော့လည်း ကြယ်လင်
ကို သတိရသွားသည်။ သူ ဒီနေ့ ရောက်မလာတာ အ
ရောက်နေလို့ပါ။

အလုပ်ကိစ္စနှင့် စက်ဘူ တစ်ပတ်သွားမယ်ဟု လာ
ဆက်သွားတာ သုံးလေးရက်ပဲ ရှိသေးသည်။

"ငါပြန်လာရင် လက်ဆောင်ဝယ်လာမယ်"

ဟု ဆိုသေးသည်။

မယ်မှူးဆီမှာ သူပေးထားတဲ့ လက်ဆောင် အရုပ်
က အခန်းထဲ ပြည့်နေပြီး အိပ်ရာပေါ်မှာပင် လေးငါး
သိပ်ထားရသည်။

မယ်မှူးက အိမ်မှာတစ်ဦးတည်းမို့ ငယ်စဉ်ကတည်
က အရုပ်တွေလဲ အဖော်လုပ် ကစားခဲ့ရတာ။

ပြီးတော့ သူမဟာ မေမေတို့ရဲ့ မွေးစားသမီးပါ။

မိဘရင်းတွေ ကားအက်ဆီးဒင့်နှင့် ဆုံးပါးသွား





နောက်ပိုင်း မေမေ့သူငယ်ချင်း အန်တီဒေါ်ခင်မမက သူမကို
လာခေါ်ယူပြီး စောင့်ရှောက်ခဲ့တာ။

ဒေါ်ယဉ်ပိုင်း မူကြိုကျောင်းမှာ ထားပေးတာ၊ ကျောင်း
အပ်ပေးခဲ့တာတွေ အခုထိ မြင်ယောင်နေဆဲပါ။

မယ်မှူးကို သမီးရင်းလို စောင့်ရှောက်ခဲ့တဲ့ ကျေးဇူး
တွေက ဆပ်မကုန်နိုင်ပါ။

မယ်မှူးက စာချုပ်စာတမ်းနှင့် အမွေစား အမွေခံ
တစ်ဦးတည်းသော သမီးပါ။ မယ်မှူးဘဝမှာ မိဘတွေ စောစီး
စွာ ကွယ်လွန်ခဲ့ပေမယ့် အထီးကျန် မဖြစ်ဘဲ အရာရာ ပြည့်စုံ
စွာ နေခဲ့ရသည်။

ထိုက်တရားကိုလည်း ကျေးဇူးတင်ရသည်။

ပြီးတော့ သူငယ်ချင်းကောင်း အဖော်ကောင်လေး
ကြယ်လင်းကို သူမအနားမှာ ရှိစေခဲ့သည် မဟုတ်လား။

ဘယ်လိုပဲဖြစ်ဖြစ် မယ်မှူးဘဝက ကျေနပ်စရာပါ။

ဘာမှ လိုလေသေးမရှိ။

"တီ . . . တီ"

အတွေးနှင့် ငေးနေမိတုန်းမှာပဲ ဖုန်းက မြည်လာ၏။

"ဟက်လို"

မယ်မှူးက ဖုန်းခွက်ကို ကောက်ယူနားထောင်လိုက်သည်။

"ဟေ့ . . . ဟေ့ . . . ဖုန်းမချနဲ့နော်၊ စိတ်ကောက်စရာလားဟာ၊ နင့်ကိုယ်နင် မိန်းကလေးဆိုတာ မေ့နေလား၊ ငါ့ကို အရွဲ့တိုက်ရင် နင်ပဲ နာမှာ၊ နောက် အဲလို တစ်ယောက်တည်း မသွားပါနဲ့"

"ဒီမှာ"

"ခင်ဗျာ"

တစ်ဖက်က ဖြတ်အော်လိုက်သံကြောင့် စကားသံ တုန့်ခနဲ ရပ်သွားလျက် အခါ မျက်ခုံးကြီး စုံပင့်လိုက်မိသည်။





သူ နှိပ်တဲ့နံပါတ် မှားသွားပြီလား။

"ဖုန်းနံပါတ် (617 −−−−=) က မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဒါဆို မှားသွားတာ ထင်တယ် . . . ဆောရီး"

သူက ရယ်သံနှင့် တောင်းပန်သည်။

"စိတ်မရှိပါနဲ့၊ လူမှားသွားလို့ပါ"

"ရပါတယ် ကိစ္စမရှိပါဘူး၊ ကျွန်မ ဖုန်းချလိုက်မယ်နော်"

"ခဏလေး၊ မင်း ဖွင့်ထားတာ စီဒီလား၊ ဗီစီဒီလား"

"ရှင်"

မဆီမဆိုင် သူ့မေးခွန်းကြောင့် မယ်မှူးအံ့ဩရ၏။

အခန်းထဲမှာ ခပ်တိုးတိုး ဖွင့်ထားတဲ့ တီဗီဖန်သားပြင်ဆီ လှမ်းကြည့်မိသည်။

"ဗီစီဒီဆိုရင် အဲဒါ ကိုယ်ရိုက်ထားတာ ပြောမလို့ပါ၊ အင်းလေ . . . မင်းက ဘယ်သိမလဲ"

ဘာတွေပြောနေသလဲ မယ်မှူး တကယ် နားမရှင်း

"ကျွန်တော်က ဒါရိုက်တာလေ၊ အိုကေ စကား ရှည် နေမိတယ်၊ မင်း အနှောင့်အယှက် ဖြစ်သွားရင် ဆောရီးပဲနော်"

"ဒါပဲ မဟုတ်လား"

"ဟုတ်ကဲ့ ဒါပါပဲ"

ဖုန်းခွက်ကို ချပြီးမှ ဗီစီဒီသီချင်းခွေရဲ့ ဒါရိုက်တာ အမည်ကို မယ်မှူး အံ့အားတသင့် ကြည့်မိလေသည်။

ဒါရိုက်တာက 'အခါလွန်မိုး' ဆိုပါလား။

ဒါဆို မယ်မှူးနဲ့ ကိတ်မုန့်ချင်း မှားရောက်လာတဲ့သူပဲ သူနှင့် မယ်မှူးက မွေးနေ့ချင်းလည်း တူနေပါရောလား။

ဘုရားရေ... ဒါဆို သူ တမင်တကာ ဖုန်းမှားချင် ယောင် ဆောင်တာလား။

ခေါင်းထဲ အတွေးများသွားမိသည်။

ဒါပေမယ့် မဖြစ်နိုင်ပါဘူး။





သူ ဖုန်းစပြောတုန်းက တခြား မိန်းကလေးတစ် ယောက်အနေနှင့် စကားတွေ တရစပ် တောက်လျှောက်ပြော သွားခဲ့တာပဲ။

မတော်တဆ မှားတာပဲ နေမှာပါလေ။

ထိုသို့သော မယ်မှူး ကောက်ချက်ချမိသည်။

သို့သော် ဩဩရှရှ သူ့အသံချိုချိုက ရယ်မြူးသံ ပေါက်နေတာကို နားထဲ စွဲသွားမိ၏။

အသံကောင်းတဲ့ လူတစ်ယောက်ပါပဲ။ တကယ် ဆွဲအားရှိတဲ့ လေယူလေသိမ်းမျိုးပါ။

လူကို မမြင်ဘူးပေမယ့် အခါလွန်မိုးဆိုတဲ့ အမည်က သူမဆီ ထပ်တစ်ကြိမ် ဝင်ရောက်လာပြန်ပါပြီ။

❤ ❤ ❤

"ဟော့"

နောက်ဘက်ကနေ သူမမျက်စိကို လာပိတ်သဖြ
ရင်ထဲ ဒုတ်ကနဲ မြည်အောင် လန့်ဖျပ်သွားမိသည်။

"ဘယ်သူလဲ . . . ဖယ်"

မယ်မှူးက လက်ဖဝါးနှစ်ဖက်ကို ဆွဲဖယ်သည်
လက်က နွေးထွေးကြီးမားသော ယောကျ်ားလက်မျိုး။ ပြီးတော
သူမ ဦးခေါင်းက သူ့ရင်ခွင်ထဲ ကပ်နေတာ သိုင်းဖက်ထ
သလို ဖြစ်နေမို့ ရှက်ရွံ့ရင်ဖိုသွားရသည်။

ရနေကျ ရနံ့တစ်မျိုး။





မယ်မှူး ချက်ချင်း မှတ်မိသွားရသည်။

"ကြယ်လင်း"

"ဟာကွာ . . . တော်လှချည်လား"

"မယ်မှူးကို ဒီလို နောက်တတ်တာ ရှင်ပဲရှိတာ ဥစ္စာ"

မယ်မှူး စကားကြောင့် ကြယ်လင်း ကျေနပ်သွားမိသည်။ အခုအချိန်ထိ သူမအပါးမှာ တခြားသူစိမ်း ဘယ်ယောကျ်ားမှ မရှိသေးဘူးဆိုတဲ့ အဓိပ္ပာယ်လေ၊ အရင်းနှီးဆုံးသူက ကြယ်လင်းပဲ။

"ထိုင်ဦးလေ . . . ဘယ်တုန်းက ရောက်တာလဲ"

"ဒီမနက်ပဲ"

"ဖုန်းတောင် မဆက်ဘူး"

"ဗာလင်ထိုင်းတုန်းက ငါ့ကို သတိရလား"

"အံမယ် . . . ဘာလို့ ရရမှာလဲ"

"ငါတော့ နင့်ကို လွမ်းတယ် မယ်မှူးရာ"

"လွမ်းစရာလား"

"ဒါပေါ့"

"ကဲ . . . ဘာလက်ဆောင်ပါလဲ"

"ဟ . . . လက်ဆောင်က အရင်မေးတာပဲ၊ ကြယ်လင်းရယ် . . . နေကောင်းရဲ့လား၊ ဘာလား အရင်မမေးဘူး"

"နှင့်ပုံစံကြီးက နေမကောင်းတဲ့ပုံလား"

"ငါ နည်းနည်းဖျားနေတယ်၊ မယုံရင် နဖူးစမ်းကြည့်"

အခုန လက်ဖဝါးတွေ နွေးပူနေတာတော့ သတိထားမိသည်။ သူက ဖျပ်ခနဲ မယ်မှူးလက်ကို ဆွဲယူပြီး သူ့နဖူးကို ထိတွေ့စေသည်။

"ဒါ နော်မယ်လ်ပါ"

"ဟန်ဒရက်လောက် ရှိမှာပါကွာ၊ ငါ့ကို အဖျားတိုင်းပေး"

"အို . . . မယ်မှူးက ဆရာဝန်မှ မဟုတ်တာ"





"အဖျားရှိရင် ပါရာနှစ်လုံးနဲ့ ကော်ဖီနဲ့ တိုက်ဟာ၊ ...ာ နှင့်အတွက် ဖိနပ်ဝယ်လာတယ်၊ အဲဒါ ပေးချင်လို့ ...က်ချင်း ထွက်လာတာ"

သူက စက္ကူဗူးထဲမှ ဖိနပ်နှစ်ရံကို ပါကေးခင်းပေါ် ...ဝ် ချပြ၏။

စက်ပူက ဝယ်လာတဲ့ ဖိနပ်လေးနှစ်ရံက ဆင်တူ ...ရောင်ပဲ ကွဲသည်။ လေဒီရှူးပုံစံကို ကြိုးသိုင်းပါသည်။ ခွာက ...ပ်ချွန်သိပ်မြင့်တာ မဟုတ်ဘဲ အနေတော် ချစ်စရာလေး။

"လှလား . . . လာစီးကြည့်"

"အို . . . မယ်မှူးနဲ့ တော်ပါ့မလား"

တစ်စုံတစ်ယောက်ဟာ ကိုယ့်အတွက် ဖိနပ် လက်...ဆောင်ပေးတဲ့ ခံစားချက်က တစ်မျိုးကြီးပါပဲ။ အားနာစရာ...ကောင်းသလို တစ်ဖက်သားရဲ့ ဂရုစိုက်မှုက ရင်ခုန်စရာလည်း ...ကောင်းသည်။

တစ်ရုံက အနီရဲလေး၊ တစ်ရုံက ချော့ကလ ရောင်လေး။ မယ်မှူးက ခြေတံလက်တံ သွယ်ပျောင်းလှ လေး။

ခြေဖဝါးအရှည်က ပုလည်းမပု၊ ရှည်မျောမျောလ မဟုတ်။ ခြေဖမိုးလေးက မို့သည်။ အသားက ဖြူဝင်းသ ခြေချောင်းလေးတွေက ခြေမကနေ ခြေသန်းထိ ကြီးစဉ် လိုက် တဖြည်းဖြည်း နိမ့်သွားတာမို့ အင်မတန် ကြည့်ကော သည်။

တချို့ဆို ခြေညှိုးက ခြေမထက် ရှည်ထွက် အချိုမကျလှတာ မြင်ဖူးသည်။ မယ်မှူးခြေထောက်လေ တော့ ကြယ်လင်း မြင်ဖူးသမျှထဲ အလှပဆုံးပါ။

"တော်ပါတယ်၊ စီးကြည့်"

ကြယ်လင်းက ဒူးထောက်ထိုင်ချလိုက်ကာ ခြေထောက်မှာ စွပ်ပေးဖို့ ပြင်သည်။





"ရပါတယ် ကြယ်လင်းရယ်၊ ငါ့ဘာသာစီးပါ့မယ်"

"လာစမ်းပါ"

သူက ဖိနပ်အတင်းစီးပေးပါသည်။ သူ့အမူအရာက မယ်မှူးနှင့် ပတ်သက်လျှင် နှိမ့်နှိမ့်ချချ ရှိုးသားလှ၏။

"ဟယ် . . . အတော်ပဲနော်"

"မယ်မှူးက ဆိုက်လေးဆယ့်သုံးစီးတာ မှတ်ထား ပြီးသား"

"ဈေးကြီးမှာပဲနော်၊ ဘယ်လောက်တောင် ပေးခဲ့ရ လဲ"

"မများပါဘူး"

သူက ဘယ်လောက်ဟု မဖြေပါ။ မယ်မှူးက ညှော်ခန်း မှာ ဖိနပ်စီးလျှောက်ရင်း ခပ်လှမ်းလှမ်းက မှန်ထဲ ကြည့်ပြီး သဘောကျမိသည်။

အံဝင်ခွင်ကျမို့ ခြေမှာ အသားကျကာ လျှောက်ရ

တာလည်း ပျော့ပျောင်းသည်။ လုံးဝ စိတ်အနှောင့်အယှက် မဖြစ်။ ကွာလတီကောင်းမှန်း စီးလိုက်မှ ပိုသိရသည်။ ဈ ရှိလေးပဲ လှတာမဟုတ်။

"နင်က အရွေးတော်သားပဲ ကြယ်လင်းရဲ့"

"ကြိုက်တယ်မို့လား"

"အင်း . . . ဒါပေါ့"

"ဒါဆို ညှေသည်ကို ကော်ဖီတိုက်ဖို့ သင့်နေပြီ"

"အဟင်း . . . ဟင်း"

ကြယ်လင်း ပြောပုံကြောင့် သူမ ရယ်လိုက်မိသည် ဒေါ်ဒေါင်းကို ခေါ်ကာ ကော်ဖီဖျော်ခိုင်းပြီး သူမကတေ ကြယ်လင်းနံဘေးက ထိုင်ခုံပေါ် ထိုင်ချလိုက်ပါသည်။

စကား လက်ဆုံ မပြောဖြစ်တာ ကြာပြီလေ။

❤ ❤ ❤



သူတို့ အကအဖွဲ့ထဲက 'ဆုံဆုံ' ရဲ့ မင်္ဂလာညှေခံပွဲ ပြုလုပ်ရာ ခြံထဲမှာ လူငယ်တွေချည်း ပျော်ရွှင်ဆူညံနေ ကြ၏။

ညစာစားပွဲ သီးသန့် လုပ်ပေးတာမို့ အဖျော်ယမကာ လေးပါသည်။ ယောကျ်ားလေးတို့က ယမကာသောက်ကြရာ ဝိုင်က ဒီဘက်မိန်းကလေးအုပ်စု စားပွဲမှာ သွားထိုင်ရ၏။

အခါကတော့ ဒီည ဘီယာပွဲတော်ဖြစ်နေ၏။ တစ်ယောက်က လာဆွဲခေါ်လိုက်။ ထိုဝိုင်းမှာ သောက်လိုက်၊ နောက်တစ်ယောက်က လာဆွဲခေါ်လိုက်၊ နောက်တစ်ဝိုင်းမှာ သောက်လိုက်နှင့် အခါလွန်မိုး မိုက်ထဲ ရေတွေနှင့် ပြည့်နေရ ပါပြီ။

''သူတို့ဘာကြောင့် ဘီယာကြိုက်တာလဲ၊ ဝီ သိချင်လိုက်တာ သက်မာရယ်''

''နင်က မိန်းကလေးပဲ ဝီဝီရယ်''

''ဒါပေမယ့် သိချင်သေးတာပေါ့''

''မရဘူး . . . မလုပ်နဲ့''

''ဝီလည်း မသောက်ရဲလို့ပေါ့''

သက်မာတို့အဖွဲ့က ခေတ်ဆန်သည်။ ဝီဝီက သူတို့နှင့်နှိုင်းဆလျှင် အေးတိအေးစက်နှင့် အတွေ့အကြုံ မရှိသူလေးလို့ ပြောနိုင်သည်။

''ငါတို့အဖွဲ့ထဲမှာ ဆုံဆုံ လျှော့သွားပြီ၊ အပျိုလိုတော့ ဘယ်လွတ်လပ်တော့မှာလဲ''

''အင်းနော် . . . ဆွေးချင်စရာလေး''

''နင်ကသာ ဆွေးနေ၊ ဟိုမှာ သူ့ဘဲကြီးနဲ့ ပျော်နေပြီ ဒီတစ်ညလုံး နှုတ်ခမ်းမစေ့သေးဘူး''





''ဟုတ်ပါရဲ့''

မင်္ဂလာမောင်နှံကို လှမ်းကြည့်ပြီး အတင်းအုပ်ကြ ပြောသလို ခံစားကြနှင့်ပါ . . .။

သက်မာဘေးက တစ်ယောက်က ဝီဝီ ဟိုဘက်ကို ည်ပင်းလေး လိမ့်လျက် ငေးကြည့်နေတုန်းမှာ သက်မာနှင့် န့်တဲ့သူတွေကို မျက်စိတစ်ဖက် မှိတ်ပြပြီး ဝီဝီရဲ့ လီမွှော် ည်ဖန်ခွက်ထဲ ဘီယာနည်းနည်း အသာရောလိုက်၏။

အားလုံးက ရယ်ချင်သလို ပြုံးစိစိ ဖြစ်ကုန်သည်။

ဝီဝီက ဘာမှမသိ။

သူမကို မြည်းစမ်း ဖူးစေချင်လို့ပါ၊ သက်သက် ရယ် ာလုပ်တာပါ။ သို့သော် ဖန်ခွက်ကို ပြန်ကောက်ယူ မော့ချ က်တဲ့ ဝီဝီက ဘာမှ မရိပ်မိ။

ကုန်အောင်သောက်လိုက်သည်။ ပြီးတော့ ခဏ ကြာမှာ ရီဝေဝေ မြူးပျပျနှင့် က,ချင်လာသည်။

သီချင်းဖွင့်ပြီး 'က' နေတဲ့ အုပ်စုဆီ ထလျှောက် သွားမိသည်။ သူငယ်ချင်းတွေကလည်း အားပေး၏။

ထိုနေရာမှာ ဒစ္စကို လိုက်ထိတွေလည်း ထိုးေ ထားသည်။ တီးလုံး တီးကွက်ကလည်း မြောက်သည်။

နဂိုကပင် ဝိဝိဟာ တေးသံကြားရင် ရွစိရွစိနှင့် အလို ခြေတွေ လက်တွေ ခေါင်းတွေ ခါးတွေ လှုပ်ရှား ယိမ်းထိုးလ ငြိမ်ငြိမ်မနေနိုင်သူပါ။

သီချင်းသံကြားတာနှင့် လူက က,ချင်လာပြီ။

ဝိဝိ တစ်နှစ်သမီး အရွယ်လောက်ကတည်းက ဒ က သူမကို ချီပိုးပြီး လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက် လူကြီးလက်ပေါ်မှာ ကော့ကော့ထိုးပြီး တစ်လမ်းလုံး ဧ သွားတတ်တဲ့ ကလေးမို့ မြင်တဲ့သူက သဘောတကျ ပြုံးရ သွားတတ်သတဲ့လေ။

ဝိဝိ့ဝါသနာက ဒီလို ရာဇဝင်နှင့်ပါ။





ကြီးလာတော့လည်း အက သင်တန်းမျိုးစုံတက်ပြီး ဒန့်ဆာ Dancer တစ်ယောက် ဖြစ်လာရသည် မဟုတ်လား။

ဒန့်ဆာ တစ်ယောက်ပီပီ က,လိုက်မှဖြင့်လည်း ရင်သပ်ရှုမော အသက်ရှူမှားချင်စရာပါ။ သူမက ခုန်သဖြင့် ကျန်တဲ့သူတွေလည်း ဝင်လာ က,ကြသည်။ အညောင်းအညာ ပြေပြီး စိတ်လက်ပေါ့ပါး ရွှင်ပြစေတဲ့ လေ့ကျင့်ခန်းတစ်ခုပါပဲ။ ဝိဝိကတော့ တစ်ကမ္ဘာလုံးမှာ ရှိတဲ့လူတွေကို က,စေချင်၊ ပျော်စေချင်သူပါ။

တအောင့်အကြာမှာ ဝိဝိ့နားသို့ အခါလွန်ရောက်လာ၏။ တီးလုံးသံတစ်ချက် နှေးသွားစဉ် . . .

"မမောသေးဘူးလား ဝိဝိ"

"ဟင့်အင်း"

"ပြန်ရအောင်လေ"

"နေပါဦး"

"ညဉ့်နက်နေပြီ၊ အချိန်လေး ဘာလေး ပြန်ကြည့်ဦး"

"ဘယ်သူမှတောင် မပြန်သေးဘူး"

"ဘယ်ကလာ၊ ပြန်ကုန်ကြပြီ သက်မာတို့ အုပ်စုပဲ ကျန်တာ"

အခါလွန်က ပြောပြောဆိုဆို သူမလက်ကို ဖွတ်ဆွဲခေါ်၏။

"အခါနော်"

"လာစမ်းပါ"

"မလာဘူး"

"ငြိမ်ငြိမ်နေစမ်း၊ ဘယ်လိုဖြစ်နေတာလဲ"

ရှန်းကန်နေတော့ သူက ပိုပြီး အတင်းအကြပ်မာန်မဲခေါ်ဆောင်သည်။

ညပိုင်း ယောက်ျားတွေချည်းပဲ ကျန်တော့တာ။

မိန်းကလေးပဲ ... ဒီလောက်ဆို တော်ရောပေါ့။





ဝိဝိုကြည့်ရတာ သိပ်မဟန်၊ ဘီယာများ ဝင်ထားသလား သူ မသင်္ကာချင်။

"ကိုအခါရေ ... ဝိဝိုကို ပြန်ပို့လိုက်ဦး"

"ပို့မှာပါဗျာ"

ဒီည အခါက ကားဒရိုင်ဘာပါ ခေါ်လာတာ။ နှစ်ယောက်သား နောက်ခန်းထဲ ထိုင်ပြီးမှ ဝိဝိက ရှေ့ကို ငိုက်ကျနေပါသည်။

အခုနေ ဘာမှ သွားပြောနေလို့လဲ ရမှာမဟုတ်။

"ဝွတ်နိုက် ... ဝွတ်နိုက် ကိုယ်တို့လစ်ပြီ"

ကားထဲကနေ လက်ပြလိုက်၏။

"အခါရေ"

"ဘာလဲ"

"ဝိဝိ ဗိုက်နပ်ကြိုးသိုင်းက ကျပ်နေတယ်၊ ဖြုတ်မရဘူး"

"နေပါစေပေါ့ ... ထားလိုက်"

"ဟင့်အင်း ... စိတ်ရှုပ်တယ်"

ဝိဝိက အပေါ်ကုတ်အင်္ကျီတွေ၊ စီးထားတဲ့ ဖိနပ်တွေ

စိတ်အိုက်အိုက်နှင့် ဖွဲချွတ်ပစ်နေ၏။

"အဲဒါ အခု ဘယ်သွားမှာလဲ"

"အိမ်ကိုပေါ့"

"ဟင် ... မပြန်ချင်သေးပါဘူး"

ဘေးကနေ ဂျိကျလာသည်။ တစ်လမ်းလုံး စကား

တွေ အဆက်မပြတ် ပြောလာ၏။

အခါပင် သူမကြောင့် စိတ်ညစ်နေရ၏။ မူးတာတော

ပင် ပျောက်သွားရပါပြီ။

"ကဲ ... ရောက်ပြီ ဆင်း"

"ရောက်ပြီလား"

"အေး"

ဝိဝိက မျက်လုံးပင် သိပ်မဖွင့်ချင်တော့။





သက်မာတို့ ဝိဝိ့ကို ပညာပေးလိုက်ပြီ ထင်သည်။

"ဝိ မလျှောက်ချင်ဘူး ... ချီခေါ်"

"အောင်မာ နင့်ကိုယ်လုံးကို နိုင်မလား ဖက်တီးမ

ချေးပုမရဲ့"

"အခါစုတ်၊ ဝိဝိ ကိုက်ပစ်မှာနော်"

"အေးအေးဆေးဆေး လာစမ်းပါကွာ"

ဝိဝိက စကားနားထောင်ပြီး လှေကားပေါ် တက်၏။

အခါလွှန်က သူမခါးကို ဖက်ပြီး တွဲခေါ်ရတာ၊ ဘယ်လို

ကောင်မလေးမှန်းမသိ။

"အခါ ... ဝိ တစ်ယောက်တည်း ပစ်မထားပါနဲ့"

သူ့ကို တိုးတိုးခတ်ခတ် အာလေးလျှာလေး ဆို၏။

"အေးပါ ... အပေါ်ထိ လိုက်ပို့မှာပါ"

"ဝိဝိ့အနားမှာ နေပါ"

အခါလွှန်မိုး စိတ်ရှုပ်လာသည်။

ဒီကောင်မလေး ရီဝေဝေနှင့် ဘာတွေလျှောက်ပြော

မသိ။

"နော် ... အခါ"

"အင်းပါကွာ"

အခါလွန်က ပြီးပြီးရော ခေါင်းညိတ်ရ၏။

"အခါ ... ဝိဝိ့ကို ချစ်လားဟင်"

အမူးပါးက ထပ်တစ်ဆင့် တက်လာပြန်ပါသည်။

ဒါတော့ ခေါင်းညိတ်လို့မဖြစ်ပါ။ မကြားသလို

လိုက်သည်။

"အခါ ချစ်လားဆို"

"စကားမများနဲ့၊ မြန်မြန်လာ"

"ဝိဝိက အခါ့ကို ချစ်တယ်ဆိုရင်ရောဟင်"

"ဒီကောင်မလေး အူကြောင်ကြောင်နဲ့ ပေါက်က

မပြောစမ်းနဲ့ အခန်းထဲဝင်တော့"





တုန်တုန်က အိပ်ချင်မူးတူး တံခါးထဖွင့်ပေး၏။

"တုန်တုန်၊ နင့်အစ်မကို အိပ်ရာထဲ ပို့ပေးလိုက်

ကြားလား၊ သူ နိုးရင် သံပုရာရည်တစ်ခွက် ဖျော်တိုက်လိုက်

နော်"

"ဟုတ်"

"တံခါးသေချာပိတ်"

အခါလွန်က မှာကြားကာ အောက်ထပ် ပြန်ဆင်း

လာခဲ့သော်လည်း နားထဲမှာ ဝိဝိရဲ့ 'ချစ်လားဟင်' ဆိုတဲ့

စကားသံကိုသာ ကြားယောင်နေမိပါသည်။

ဝိဝိဟာ သူ့အတွက် ချစ်စရာမိန်းကလေးတစ်

ယောက်လား။

ထူးဆန်းလိုက်တာ၊ တစ်ခါမှပင် မတွေးကြည့်ခဲ့ဘူးပါ။

"အား"

ဝိဝိက နားထင်ကို နှိပ်ရင်း . . .

"ကျွတ် . . ကျွတ်"

ဟု ရေရွတ်ညည်းတွားလိုက်သည်။

မနက်လင်းတော့ ခေါင်းတွေ ကိုက်နေသည်။

အပြင်မှာ နေပင် လင်းဖြာနေပြီ။ ရုစ်နာရီကျော်မှ သူမ အိပ်ရာနိုးလာတာ ဖြစ်သည်။

"တုန်တုန်ရေ"

"ရှင်"





အရင်ဆုံး တုန်တုန့်ကို လှမ်းခေါ်ပြီး နံနက်ခင်းစာ ...ည်နိုင်းရ၏။

ခေါင်းက တောတော်ကိုက်နေတာ။ ဆေးသောက်မှ ...တော့မည်။ တုန်တုန်က အခါမှာသွားတယ်ဆိုပြီး သံပုရာ ...ည် ချဉ်ချဉ်လေးတစ်ခွက် အရင်ဆုံးဖျော်ပြီး လာပို့သည်။

ဝိဝိ မျက်နှာသစ်ရင်း စဉ်းစားမိသည်မှာ ညက အပြန် ...းပေါ်မှာ သူမ ဘာတွေပြောနေမိပါလိမ့်ဆိုတာပင်။

အခါက သူမကို တတွတ်တွတ် ချော့မော့လာသည်။ ...မက ရီဝေအိပ်ချင်မူးတူးဖြင့် အခါ့ပုခုံးကို မှီထားခဲ့သည်။

ထို့နောက် အိမ်သို့ ရောက်လာသည်။ အခါက သူမ ...တွဲခေါ်သည်။ ဓါးကလေးကို သိမ်းဖက်ထားခဲ့သလိုလို။

အို . . . မဟုတ်လောက်ပါဘူး။

အခါရဲ့ ရင်ငွေ့နွေးနွေးကို အခုပင် ပြန်လည်ခံစားနေမိ ...သည်။

အခါဟာ အလွန်စွဲမက်ဖွယ်ကောင်းသော ယော
တစ်ယောက်ပါ။

သူမကို အထင်သေးသွားမလား။ သူမ နှ
ဘာတွေများထပ်ပြီး ပြောမိသေးလဲ။ ပြန်စဉ်းစားတော့ အိ
ဆန်နေသည်။

ညတုန်းက အခါ့ပါးပြင်က ပါးသိုင်းမွှေးရေး
သူမ ပွတ်သပ်ကြည့်ခဲ့မိသေးတာတော့ သေချာသ
လက်ဖျားမှာ ခုထိ ထိုအထိအတွေ့ကို မှတ်မိနေသလို

အင်း . . . မျက်နှာပူလိုက်တာနော်။

ဝိဝိ အခုမှ ရှက်သွေးဖြန်းလာမိ၏။ အမြ
သိမ်းဆည်းမြိုသိပ်ခဲ့တာပါ။ ဒီတစ်ခါမှ ပွင့်လင်းမိတယ်ဆို
မတတ်နိုင်။ အခါနဲ့တွေ့ရင် ဘာမှမဖြစ်သလို မသိ
ဆောင်နေတာပဲ ကောင်းမည်။ ဝိဝိက ရှက်စိတ်ကို ဖယ်
ကာ ဆုံးဖြတ်လိုက်သည်။ အခါရယ် . . ။





ဝိဝိက ဣန္ဒြေသိက္ခာမဲ့တဲ့ မိန်းကလေး မဟုတ်ဘူးနော်၊ အခါ တန်ဖိုးမထားလည်းပဲ ဝိဝိ ဝမ်းမနည်းဘူးနော်။ စိတ်ကို ဖြေသိမ့်ကြည့်မိ၏။ တကယ်တမ်း အခါနှင့် ပတ်သက်လျှင် ဝိဝိ အမြဲ အားငယ်ရပါသည်။ ဝိဝိ အားငယ်တတ်တယ်ဆိုတာ သူ တစ်ခါမှပင် စဉ်းစားကြည့်မိမှာ မဟုတ်ပါ။

ကဲပါလေ . . . သူ့အကြောင်း မေ့ထားလိုက်မှပါ။

ဝိဝိက နံနက်စာ စားသည်။ ပြီးတော့ ရေမိုးချိုးအလှပြင်သည်။

အားလုံး ပြီးစီးလို့ ရေမွှေးဆွတ်ပြီးလျှင် ကျောပိုးအိတ်လေး အသင့်ကောက်လွယ်ကာ အခန်းပြင်ထွက်ခဲ့သည်။

ဘုန်တုန်နဲ့ကို မှာစရာရှိတာ မှာကြားပြီးလျှင် အိမ်ကနေတက်ကြွစွာ ထွက်ခွာလာပါသည်။

ဒီနေ့ အက,တိုက်ရဦးမယ်လေ။

ညည့်ခန်းမှာ ဆက်တလိုက်သံတိုးတိုး ကြားနေ
တစ်ပါး အားလုံး ငြိမ်သက်နေ၏။

ကြယ်လင်းက ခြေသံဖွဖွနှင့် အသာလှမ်းဝင်လ
သည်။

မယ်မှုးကို လှမ်းကြည့်တော့ ဆိုဖာခုံရှည်ပေါ် 
မောင်းလေး ခေါင်းအုံးလျက် အိပ်ပျော်နေသည်။

သူ အနားကပ်လာသည့်တိုင် မနိုးပေ။

နှစ်ထပ်ဂါဝန် ပြာလွင်လွင်လေးဖြင့် အိပ်ပျော်နေ
မှာ ကလေးငယ်တစ်ဦးပမာ အပြစ်ကင်းကင်းရှိလှသည်





ကြယ်လင်း ရင်ထဲမှာ ရုတ်တရက် သူမကို ငုံ့နမ်းလိုက်
ချင်စိတ် ပေါက်မိသည်။

ငယ်စဉ်ကတည်းက နှလုံးသားမှာ ကိန်းဝပ်ခဲ့ရတဲ့
ံးယောဇဉ်တွေက မနည်းလှပါ။

သူ့စိတ်တွေ လှုပ်လှုပ်ရှားရှားနှင့် ရင်ခုန်မြန်လာ၏။

မယ်မှုးရယ် . . .

ကိုယ်ချစ်လိုက်ရတာ . . .

အသားကလေးကို တို့ထိကြည့်မိသည်။

''အိပ်ပုတ်မလေး''

သူ ချစ်စနိုးနှင့် တီးတိုးခေါ်ကြည့်မိသေး၏။ လက်ထဲ
မှာ ရီမုတ်ကိုင်ရင်း ဘယ်အချိန်ကများ အိပ်ပျော်သွားသည်
သေိပါ။

အခုတော့ အသက်ရှူမှန်မှန်နှင့် နှစ်နှစ်ခြိုက်ခြိုက်
ံဝပင်ဖြစ်နေပြီ။

ကြယ်လင်းက စချင်သဖြင့် ပင်နှိဟို့ဒါခွက်အမည်း လေးထဲက ဆော့ပန်နီတစ်ချောင်း သွားယူလိုက်သည်။

ပြီးလျှင် ပေါ်လွင်နေတဲ့ မျက်နှာတစ်ခြမ်းရဲ့ နှုတ်ခမ်းအထက်မှာ နှုတ်ခမ်းမွေး ဆွဲပေးလိုက်၏။

ဟား... ဟား... ဟား ကြောင်မလေးနှင့် တူသွားလိမ့်မည်။ ကြောင်မလေးရဲ့ နှုတ်ခမ်းမွေးထောင်ထောင်ပေါ့။

သူ နောက်တစ်ခေါက် အခြစ်မှာပင် သူမ လူးလွန့်လာသည်။ မျက်နှာပေါ် ပိုးကောင်တက်တယ် ထင်ပြီး ပုတ်ချတာမို့ သူမရယ်ဘဲ မနေနိုင်။

''ဟား... ဟား... ဟား''

ရယ်သံကြားတော့မှ မယ်မှူးက မျက်လုံးဖွင့်ကြည့်သည်။

ဆိုဖာရှည်ရှည်ရဲ့ နံဘေးမှာ ဒူးထောက်ထိုင်ချပြီး သူမ မျက်နှာပေါ် အုပ်မိုးကြည့်နေသူက ကြယ်လင်း။





ဖြုန်းကနဲမို့ ရှက်သွေးဖြန်းကာ မျက်နှာလေး နီသွား ည်။

''နင် ဘာလုပ်တာလဲ''

''ကြောင်မလေးကို နမ်းတာ''

သူ့ရဲ့ ခပ်တိုးတိုး အဖြေနှင့် ပြုံးစစ မျက်နှာကြောင့် ယ်မှူး ရင်ဖိုသွားရကာ ကမန်းကတမ်း ထထိုင်သည်။

မျက်နှာကိုလည်း လက်ကလေးနှင့် ရှက်တက်တက် ာ်သပ်မိလေသည်။ ကြယ်လင်းက သူမ အမူအရာကို တ်မသုန် ပြုံးကြည့်နေ၏။

''နေ့ခင်းနဲ့ ညနဲ့ မှားနေတာပေါ့ ဟုတ်လား။ အိပ် ပ်လေးက ချစ်စရာကောင်းလို့ ထိုင်ကြည့်နေတာ''

''ကြယ်လင်းနော်''

ဒင်းမျက်နှာက ပြောင်ချော်ချော်လေးနှင့်..။ သူမ ပ်မသက်ာချင်ပေ။

''မိန်းကလေးဆိုတာ အိပ်ရာထရင် မှန်လေး ဘာလေး ကြည့်၊ ဆံပင်လေး ဘာလေး ဖြီးဦးမှပေါ့''

သူ့ရဲ့နောက်ဖက် ဝှက်ထားတဲ့လက်ကို မယ်မှု လိုက်ကြည့်သည်။ သူ့ရယ်သံက ထိန်းမရအောင်ပင်။

မှန်ကို ပြေးကြည့်တော့မှ သူ့လက်ရာ ကြောင်မျ ခမ်းမွေး ထိုးထိုးထောင်ထောင်တွေကို တွေ့ရသည်။

''ဟင် ... ကြည့်စမ်း''

မယ်မှုံ့က သူမ မျက်နှာပေါ်က ဆော့ပင်နိရာတွေ လည်း တအားဖျက်၊ ကြယ်လင်းကိုလည်း လိုက်ပြေးထု ပြောင်းဆန်သွားပါသည်။ ကြယ်လင်းက ညှော်ခန်းက ဆင်းပြေးပြီး ခြံထဲ ရောက်သွားသည်။

''ဟဲ့ ...ဟဲ့''

ပန်းပင်ပြုစုနေသည့် ဒေါ်ခင်မမကိုပါ ပတ်ပြေး ရှောင်ရာ မေမေခမျာ တဟဲ့ဟဲ့ အော်နေရပါသည်။





''ဟဲ့ ဒါ ဘယ်လိုဖြစ်ကြတာလဲ၊ ငါတောင်မူးတယ် အလိုလေး ... ဒုက္ခပါပဲ''

မယ်မှုံ့ကလည်း မေမေ့ကို ကျော်ပြီး သူ့ကို မိုရာ လှမ်းရိုက်၏။

''သမီးကို စ,ပြန်ပြီပေါ့လေ''

မေမေလည်း သူတို့နှစ်ယောက်ကို အော်ဟစ်တား မြစ်လို့မရ။ သူ့ကို မိအောင်ဖမ်းပြီး လက်သီးဆုပ်နှင့် ဆင့်ကာ ဆင့်ကာ ထုပစ်ရမှ မယ်မှုံ့ ကျေနပ်မှာ။

''ကြယ်လင်းနော် ... နင် မပြေးနဲ့''

''အေးပါ၊ ခဏလေး နားထောင်၊ ငါပြောစရာရှိတယ်''

''မရဘူး၊ နောက်မှပြော၊ နင့်ကို ဟောဒီလို ထုရမှ ကဲ ... ဟယ်''

ကြယ်လင်းက ထုရိုက်နေတဲ့ သူမ လက်နှစ်ဖက် စလုံးကို ဖမ်းချုပ်ကိုင်လိုက်၏။

"လွှတ် . . . သူ့ကို ရိုက်ရင်တော့ ကြောက်တတ်တယ် ဟွန်း"

"ဒေါသတွေလည်း လျှော့ပါဦး"

"မေမေကြည့်နေလို့ သက်သာတယ်မှတ်"

မယ်မှုံးက သူ့လက်မှ ရုန်းလိုက်ပါသည်။ ငယ်ငယ်ကတည်းက မယ်မှုံးနှင့် သူဟာ ကစားဖော် ရန်ဖြစ်ဖော်ဖို့ နှစ်ယောက်သား ရှုပ်ယှက်ခတ် ဝုန်းဒိုင်းကြဲနေကြမို့ မေမေ့အဖို့က မထူးဆန်းပါ။

ဒီလိုပါပဲ ကြယ်လင်းမိဘတွေကလည်း မယ်မှုံးကို သမီးလိုပဲ ချစ်ကြသည်။

ငယ်ငယ်ကဆို သူတို့သားအတွက် အင်္ကျီတစ်စုံဆို မယ်မှုံးအတွက်လည်း တစ်စုံ၊ သူ့ကို ကလေးစီး စက်ဘီးဝယ်ပေးရင် မယ်မှုံးကိုလည်း တစ်စီးဝယ်ပေးရသည်။

ကလေးမို့ မယ်မှုံးကလည်း ပူဆာသည်။





ဘာရယ် ညာရယ် မတွေးတတ်ခဲ့ပါ။

အခု အသက်အရွယ် ရလာတဲ့အထိလည်း ကြယ်လင်းမိခင်က သူမအပေါ် အလိုလိုက် ချစ်ခင်ဆဲပါ။

"လာ . . . ဒန်းပေါ် သွားထိုင်ရအောင်"

ကြယ်လင်းက သူမလက်ကို ဆုပ်ကိုင်ဆွဲခေါ်သွား၏။

"နင်ဟာလေ . . . အမြဲတမ်း ဖွတ်ပဲ"

ဒီလိုနှင့် သူမ ဒန်းဆီ ပါလာရ၏။

"မယ်မှုံး"

"ဘာလဲ"

"ငါ မနက်ဖြန် လေဆိပ်ဆင်းရမယ်ကွ"

"အဲဒါ ဘာဖြစ်လဲ"

"မယ်မှုံး လိုက်ပို့"

"အဲဒါက ဘာဖြစ်တာလဲ၊ ခါတိုင်းလဲ နင့်ဘာသာသွားနေကျပဲ ဥစ္စာ"

သူက ဘာမှ မပြောသေးဘဲ မယ်မှူးမျက်နှာလေး ကို စူးစူးဝေဝေ ကြည့်နေပါသည်။

"ဒီတစ်ခါ အကြာကြီး ခွဲရမှာလား၊ သုံးလလောက် ကြာမယ်"

ဒီလိုဆို ပြန်တော့လည်း မယ်မှူး နှုတ်ဆိတ်သွား ရပါသည်။ ကြယ်လင်းက မျက်နှာမကောင်းရှာ။ မရွှင်မပျနှင့် သူမကို အကြည့်ဝေးလေးနှင့် ကြည့်နေပါသည်။

"သုံးလဆိုတာလည်း ခဏလေးပါ ကြယ်လင်းရယ်"

"နင့်အတွက်ကတော့ ဟုတ်မှာပါ မယ်မှူးရယ်၊ ငါ့ အတွက်ကသာ သုံးကမ္ဘာလောက် ကြာမှာ"

"အံမယ် ... မပိုပါနဲ့"

"ဟိုရောက်ရင် ငါ နင့်ကို အရမ်းသတိရတယ် ဗာလင်တိုင်းတုန်းကဆို ပြန်ပြေးလာချင်တာ"

မယ်မှူးက မျက်လွှာလေး စင်းချလိုက်သည်။





ဒီ တစ်ကြိမ် ကြယ်လင်းရဲ့ အကြည့်ဝေးဟာ တစ်မျိုးကြီးပါ။

အဓိပ္ပာယ်တွေ အများကြီး ပါဝင်နေသည်။

ဘာကြောင့်မှန်းမသိ မိန်းကလေးတို့ သဘာဝအရ ထိုမျက်လုံးတွေကို သူမ အကဲခတ်နားလည်မိသည်။

ခုတလော ကြယ်လင်း မျက်လုံးတွေက အဓိပ္ပါယ် ဖော်ရခက်လှသည်။ မယ်မှူး ရင်ထဲ ခုန်သည်။ ဘာကိုမှန်းမသိ စိုးလည်း စိုးထိတ်မိသည်။

ဟင့်အင်း ... နင် အဲလို မကြည့်ပါနဲ့ ကြယ်လင်း။

မယ်မှူးတို့က ဖြူစင်တဲ့ သူငယ်ချင်းတွေပါ။ စည်း တစ်ခုက အမြဲတမ်း ရှိနေတယ်လေ။ ဒီစည်းကို နင်ကျော် မလို့လား ကြယ်လင်းရယ်။ ငါ လန့်လိုက်တာ။

မယ်မှူး သူ့ကို မကြည့်ရဲဘဲ မျက်ဝန်းလွှဲဖယ်ထား မိသည်။ ရင်ထဲလည်း ပူနွေးတုန်ယင်လာသည်။

ကြယ်လင်းက နင့်ဖူးစာဖက်ပါပဲဆိုတဲ့ သင်းခွေ

စကားကိုလည်း ပြန်ကြားယောင်မိသည်။

''မနက်ဖြန် မနက် လေဆိပ် လိုက်ပို့မှာလား''

သူက မေးသည်။

''ဘယ်အချိန်လည်း မေမေတို့ကို ကြိုပြောထား

မယ်လေ''

''အန်တီခင်ကို ငါ ပြောထားပြီးသားပါ''

''ဟုတ်လား''

''ဒီတစ်ခါ စင်္ကာပူက ပြန်လာရင် ငါ့ဘဝရေ

အတွက် တစ်ခုခု ဆုံးဖြတ်ရမယ်''

''ဘာရယ်''

ကြယ်လင်းစကားက သက်ရောက်မှုတစ်ခုနှင့်ပါး

''ကောင်မလေးတစ်ယောက်ကို လက်ထပ်ခွင့်တောင်း

လိုက်တော့မယ်''





''ဟင်''

အတည်ပေါက်ကြီးမို့ သူမ အံ့အားသင့်သွားရသည်။

''မယုံဘူးလား . . . ငါချစ်နေတဲ့ ကောင်မလေး

တစ်ယောက်ရှိတယ်''

'ဘယ်သူလဲ' ဟု မယ်မှူး ရုတ်တရက် မမေးရဲ။

ပျော့ပျောင်းချိုရီ နူးညံ့နေတဲ့ သူ့မျက်လုံး ရွှန်း

တောက်တောက်တွေကို ဆုံပြီးလည်း မကြည့်ရဲ၊

ကြယ်လင်းက စိတ်လှုပ်ရှားနေသလို သူမ ဆံနွယ်

တစ်မျှင်နှစ်မျှင်ကို ဆွဲယူ ဆော့ကစားနေ၏။ ခေါင်းလေးငုံ့ကာ

မယ်မှူး အသက်ရှူ အောင့်ထားမိသည်။

''ငါ မနက်ဖြန် သူ့ကို ဖွင့်ပြောလိုက်မယ်''

သူက ခပ်တိုးတိုး ဆက်ပြောသည်။

''မယ်မှူး''

''ဟင်''

"ပြောခွင့်ပေးမှာလား"

"မယ်မှူးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နင်က ငါ့အတွက် အရေးကြီးဆုံးပဲ"

"ပေါက်ကရ လျှောက်ပြောနေတယ်"

"ပေါက်ကရ မဟုတ်ဘူး၊ လုံးဝ အတည်ပါ"

ကြယ်လင်းက မယ်မှူးမျက်ဝန်းလေးထဲ ရအောင် ဆုံကြည့်၏။ သူ့မျက်လုံးထဲမှာ လေးနက် ခိုင်မာမှုတစ်ခုကို မယ်မှူး မြင်ရသည်။

ဘုရားရေ . . . သူ ဘယ်တုန်းက ဒီလို ပြောင်းလဲသွားတာလဲ။

ခါတိုင်း ပြောင်ရွှတ်ရွှတ်နှင့် နောက်တီးနောက်တောက်စကားတွေပဲ ဆိုတတ်တဲ့သူက အခု ဘယ်လိုဖြစ်ရတာလဲ။

"ငါ့ခံစားမှုကို နားလည်ပေးပါ"





"အို . . . နားမလည်ပါဘူး"

သူမ ယောင်ယမ်း ငြင်းဆန်မိ၏။

"သုံးလနေလို့ ပြန်လာရင် ငါ အိမ်ထောင်ပြုချင်ပြီ၊ ...ကို အခြေချချင်ပြီ၊ ကျောင်းလည်း ပြီးသွားပြီလေ၊ ပညာစုံ...တော့ ကြင်ယာရှာရတော့မယ်၊ ဒီမှာ သူ့ကို ထားခဲ့ရတာ...ည်း ငါ စိတ်မချဘူး၊ ဖြစ်နိုင်ရင် အတူတူ ခေါ်သွားချင်တယ်"

တစ်စတစ်စနှင့် ကြယ်လင်းစကားတွေက ပိုမို ရင်...နံစရာကောင်းလာပါသည်။

လက်ထပ်ဖို့ပါ တစ်ချီတည်း တောင်းဆိုချင်တဲ့...ဘော။

"မနက်ဖြန်ထိ မစောင့်ဘဲ ငါ အခုပြောရင် ရမလား ...ယ်မှူး"

"ဟင် . . . ဘာ . . ဘာကိုလဲ"

သူမ ရင်တုန်ပန်းတုန် လန့်ဖျပ်သွားရပါသည်။

''မယ်မှူးကို ကိုယ်ချစ်တယ်''

''နင် အဲလို မနောက်နဲ့နော်''

''ဒါ နောက်စရာကိစ္စလား။ ငါ ချစ်နေတာ အ

ဘယ်အချိန်မှာပဲ စဉ်းစားစဉ်းစား ငါ့အာရုံထဲမှာ နင့် မျ

လေး ပေါ်လာတာချည်းပဲ၊ ငါတို့နှစ်ယောက် အကြောင်းသိ

ပဲ၊ ငါကိုယ်တိုင် လူကြီးတွေကို ဖွင့်ပြောမှာပါ''

''အို . . .''

''ငါ့ကို အဖြေပေးဖို့ စဉ်းစားထားနော်၊ အန်

ကလည်း ငါ့ကို သဘောကျပြီးသားပါ၊ နင်နဲ့ဆို သဘော

မှာပါ၊ ပြန်လာရင် ငါ ဝမ်းသာပါရစေ မယ်မှူးရယ် . . .

ကိုယ့်ကို ကတိပေးပါ''

ငါဖြစ်လိုက်၊ ကိုယ်ဖြစ်လိုက်နှင့် လျှာခလုတ်

မတတ် သူ ဖွင့်ဟဝန်ခံနေသည်။ မယ်မှူးက နာ

ဆတ်ဆတ်ကြားရတာကိုပင် မယုံနိုင်သေး။





သူ့မျက်နှာကို အံ့အားတသင့်ကြည့်နေမိရင်း ညှို့ဆေး

ထားသူလို ငြိမ်သက် တောင့်တင်းနေမိ၏။

''ရှေ့လျှောက် ကိုယ်တို့နှစ်ယောက် ဘဝကို အတူတူ

က်တွဲသွားချင်တယ်''

ကြယ်လင်းက ခပ်အေးအေး ထပ်ပြောသည်။

ဒီစကားတွေကို သူပြောကိုပြောတော့မည်ဟု ရည်

ယ်ဆုံးဖြတ်လာပုံရသည်။ သူ့အမူအရာ မျက်နှာထားက

ည်ကြည်လေးနက်နေသည်။ သူ့မျက်လုံးတွေက မယ်မှူးကို

းလျှိုးခွင့်ပန်နေသည်။

''မယ်မှူး . . . ကိုယ်တို့ လက်တွဲချင်ပါတယ်နော်၊

နိုင်တယ်မဟုတ်လား၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ဘယ်

စိမ်းမှ အဝင်မခံနိုင်တော့ဘူး၊ ကိုယ့်ဖက်ကတော့ အရမ်း

သချာတယ်၊ ကိုယ် မင်းကိုပဲ လက်ထပ်ချင်တယ်၊ မင်းလို

ယ်သူ့ကိုမှ မချစ်ဘူး၊ ခေါင်းအေးအေးထားပြီး စဉ်းစားပေး

စေချင်တယ်ကွာ နော်၊ ဒီခရီးကို မျှော်လင့်ချက်တစ်ခု ပိုက်ပြီး
တော့ ကိုယ်သွားမှာ။ အခု သွားတောင်မသွားရသေးဘူး
ကိုယ်ပြန်ရောက်ချင်နေတယ်၊ ဒီတစ်ခါပြန်ရောက်လာရင်
မယ်မှူး နားမှာပဲ တစ်သက်လုံး နေသွားပါရစေကွာ၊ ကိုယ်
ပြောတာတွေ ကြားရဲ့လား''

မယ်မှူးက ဖြည်းညှင်းစွာ ခေါင်းလေးညိတ်မိ

ကြားတာက ကြားသားပဲ၊ ဒါပေမယ့် အံ့ဩနေသည်

ငယ်သူငယ်ချင်းကနေ ချစ်သူတွေ ဖြစ်သွား
သလား။ သူကတော့ ပေါ်ပေါ်ထင်ထင် တစ်ဆင့်တက်
ကြောင်း ကြေညာခဲ့ပြီ။

မယ်မှူးမှာ ရုတ်တရက် ဘာမှ မဆုံးဖြတ်တတ်
အချစ်ဟာ ဆုံးဖြတ်ချက်တစ်ခုနှင့် အဓိကသက်ဆိုင်သလား
နှလုံးသားက သူ့ဘာသာ ရွေးချယ်တာလား၊ အနားမှာ ရှိ
သင့်တော်သူကို လက်သင့်ခံတာလား၊ အဝေးမှာရှိနေ





တစ်စုံတစ်ယောက်ကို မျှော်လင့်တာလား။ ဒါမှမဟုတ်ရင်
ဖြစ်သူဆိုတဲ့ အရာက ဘယ်လိုများလဲ၊ မယ်မှူးလည်း
သေိတော့ပါ။

ကြယ်လင်း နှုတ်ဆက်ပြီး ပြန်သွားသောအခါ သူမ
င်မှာ တင်းတင်းကြပ်ကြပ်ကြီးနှင့် တွေးတောစရာတွေ
များနေရသည်။

မနက်ဖြန် သူ့ကို လေဆိပ်လိုက်ပို့ရမည်။ ပြီးလျှင်
သုံးလခန့်ကြာတဲ့အခါ သူ ပြန်လာလျှင် မယ်မှူးက သူ
စိတ်ကျေနပ်စရာ အဖြေမျိုး ပေးရမည်တဲ့။

အနည်းငယ်တော့ ပုံသေနည်းဆန်နေသလိုပါပဲ။

မယ်မှူး စိတ်တိုင်းမကျနိုင်ပါ။

❤ ❤ ❤

“ဆက်ပြောလေ မယ်မှူးရဲ့၊ နင့်ဥစ္စာ တစ်ပိုင်း
တစ်စနဲ့”

“ဒီလောက်ပဲလေ”

ခေါင်းရှုပ်အောင် နှစ်ရက်သုံးရက်ခန့် စဉ်းစားပြီးသော
အခါ သင်းဆွေနှင့်တွေ့တော့ ကော်ဖီဆိုင်မှာ ထိုအကြောင်း
ပြောဖြစ်သွားသည်။

ကော်ဖီဆိုင်လေးက ဆိတ်ငြိမ်လှပ အေးချမ်း
လေးယောက်ထိုင်စားပွဲမှာ မယ်မှူးနှင့် သင်းဆွေပဲ ရှိနေ
ဘေးချင်းကပ်ရက် စားပွဲမှာလည်း လူမရှိ။





“ကြယ်လင်း ပရိုပို့စ် လုပ်လိုက်တော့ နင့်ရင်ထဲမှာ
ယ်လိုဖြစ်သွားလဲ၊ ရင်ခုန်သွားတယ်မို့လား”

မယ်မှူးက မျက်စောင်းလေးတစ်ချက်နှင့် ...

“မခုန်ပါဘူး၊ အံ့သြတာပဲ ရှိတယ်”

“သင်းဆွေ ပြောသားပဲ၊ သူ နင့်ကို ကြိုက်နေပါ
ယ်လို့”

သင်းဆွေက သူ့ ခန့်မှန်းချက် မှန်နေသဖြင့် မျက်နှာ
းက ကျေနပ်ရိပ်များ လွှမ်းလျက် ပြုံးမြနေသည်။

“မယ်မှူးလည်း စဉ်းစားမရအောင်ပဲ၊ သူ ဘာလို့
ဒါ ပြောတာလဲပေါ့”

“ဩော် ... နင့်ကို ချစ်လို့ပေါ့”

“ဘာကြောင့် ချစ်ရမှာလဲ”

“နင် မေးကြည့်ပေါ့”

“သူ့မျက်နှာကြီးက ရယ်ရတယ် သိလား၊ နင့်ကို
စေချင်တယ် သင်းဆွေရယ်”

"ရှိလို့ ရမလား၊ ရည်းစားစကားပြောတာ နှစ်ယော
တည်းရှိမှ ဖြစ်မှာပေါ့"

"ပြန်လာရင် ငါ ဘာပြောရမလဲဟင်"

"အဖြေပေးလိုက်ပေါ့"

"မပေးချင်ပါဘူး"

"ကြယ်လင်း စိတ်ညစ်အောင် မလုပ်သင့်ပါ
ဟယ်"

"ခုထက်ထိတော့ ငါ့ရင်ထဲမှာ ဘာမှ မရှိသေးဘူ

"ကြယ်လင်းကို လက်ခံရင် နင် မမှားနိုင်ပါ
မယ်မှူးရယ်၊ သူက နင် စိတ်ချမ်းသာအောင် ထားမှာပါ

"မေမေကလည်း အဲလိုပဲ ပြောတယ်"

"နင့်အမေသိလား"

"ကြယ်လင်း လျှောက်ပြောတာပေါ့၊ လူကြီး
စကား ကမ်းလှမ်းထားတယ်"





"ဒါဆို နင်တို့ဥစ္စာ သေချာနေပြီပဲ၊ ငါ့ သူငယ်ချင်း
လေး အိမ်ထောင်ကျတော့မှာပေါ့"

"ဟင့်အင်း . . . အဲလောက်ကြီး မဟုတ်ပါဘူး"

"အရင် စေ့စပ်ထားမှာလား"

"မသိပါဘူး"

မယ်မှူးလည်း စိတ်ဒုံးဒုံးချပြီး သူ့ကို လက်ခံလိုက်
ရမလား မစဉ်းစားတတ်အောင် ဖြစ်နေသည်။

သင့်တော်မှန်ကန်တဲ့ ဆုံးဖြတ်ချက်မျိုး ဆိုပေမယ့်
သူမက အူလှိုက်သဲလှိုက် ချစ်တယ်ဆိုတာ ဘယ်လိုမျိုးလဲ
စမ်းသပ်မြည်းစမ်းကြည့်ချင်ပါသေးသည်။

အခုလို စဉ်းစားနေရတာက ပျင်းခြောက်ခြောက်
နိုင်သည်။ မယ်မှူး ရင်ထဲမှာ ဘာမှ မထူးခြား မဆန်းသစ်။

အချစ်ဆိုတာ ထူးထူးဆန်းဆန်းလေး နှလုံးသားကို
လှုပ်ခတ်တိမ်းမူးစေတာဆို . . ။

"မိန်းကလေးတစ်ယောက်ရဲ့ စိတ်က ရင့်ကျက်ဖို့လိုတယ်မယ်မှူးရဲ့ . . . သိလား၊ ဒါ နှင့်ကို ပေးလာတဲ့ အကောင်းဆုံး အခွင့်အရေးပဲ"

"ငါ ငြင်းရင် ဘာဖြစ်မလဲ သင်းဆွေ

"နှင် ဘယ်လို အကြောင်းပြချက်နဲ့ ငြင်းမလဲ၊ ကဲ ပြော . . . ကြယ်လင်း အပြစ်ထောက်ပြစမ်း၊ သူ့မိဘတွေက အစ နှင့်ကိုဆို ချစ်ခင်လိုလားပြီးသား၊ အိမ်ပါ အလိမ္မာချွေးမလေး လုပ်ရုံပဲ ရှိတာ"

သင်းဆွေက သူမရဲ့ ဘဝပေးအခြေအနေကို အားတွေပင် ကျနေသေးသည်။ မယ်မှူးက ခေါင်းလေး မသိမသာ ခါယမ်းသည်။ ပြည့်စုံ လုံလောက်ခြင်းဟာ အချစ် မဟုတ်သေးပါဘူး။ ကြယ်လင်းကို ချစ်သူလို မချစ်မိသေး။

မယ်မှူး ရင်ထဲက ယုံကြည်မှုတစ်ခုက ချစ်ခင်စုံမက်မှ လက်ထပ်သင့်တယ်ဆိုတာပါပဲ။

❤ ❤ ❤



"ဟက်လို"

"အခါလား . . . အခါ"

"အေး . . .ဟုတ်တယ်၊ နှင့်ကို စောင့်နေတာ ဝိဝိ၊ ဒီမှာ အကတိုက်ဖို့ အဆင်သင့်ပဲ၊ နှင် ဘာလို့ နောက်ကျနေဘာလဲ"

"အိုး . . . အဲဒါပြောဖို့ ဖုန်းဆက်တာပေါ့ဟဲ့၊ ဝိ ထွက်လာမလို့ပဲ၊ ရေအမြန်ချိုးလိုက်တာ၊ ရေချိုးခန်းမှာ ချော်လဲသွားလို့"

"ကျွတ် . . . ဖြစ်ရပြန်ပြီ"

"အား . . . ဒီမှာ ခြေထောက်အရမ်းနာတယ် ရောင်လည်းရောင်လာပြီ အခါရဲ့၊ ဆေးခန်းသွားမှ ရမှာ ထင်တယ်၊ နင် အမြန်လာခဲ့နော် အခါ၊ ငါ့ကို ဆေးခန်း လိုက်ပို့ပေးဟာနော်"

အကူအညီလိုတဲ့အခါတိုင်း ဝီဝီ ချက်ချင်းပြေးပြီး သတိရမိတာတာ အခါလွန်မိုးပါပဲ။

သူမအတွက် အဖော်စစ်ဟာ အခါ။

နားလည်ဖေးမမှု အရှိဆုံးလူသားလေးတစ်ယောက်။

ကြွပ်ဆတ်ဆတ်နဲ့ ဝီဝီဟာ သူမနှလုံးသားမှာ တကယ်တမ်း အားကိုးတွယ်တာရတာက အခါလွန်ပါပဲ။

ခုလည်း နာကျင်မိမှုကို ခံစားရရင်း မျက်ရည်ရစ်ဝဲလာရတော့ တမ်းတမိတာက အခါ။ အခါရယ် . . . မြန်မြန်လာပါတော့။ ခြေထောက်ထော့နင်းထော့နင်းနှင့် ဝရံတာ ထွက်မျှော်သည်။





"အား . . . တုန်တုန်ရေ . . . ငါ အရမ်းနာတယ်"

"ရေနွေးအိတ် ကပ်မလား မဝီ"

"နေပါစေ ရေခဲကပ်ရမှာလား၊ ရေနွေးအိတ်ကပ်ရမှာလား ငါမသိဘူး၊ ရေခဲကပ်တာ ပိုကောင်းမယ်ထင်တယ်၊ ဘောလုံးသမားတွေ ဒဏ်ရာရရင် ကွင်းထဲကို ရေခဲဗူးနဲ့ ဆင်းလာတာ မတွေ့ဘူးလား"

"ဟင့်အင်း . . . ကျွန်မ မသိဘူး"

"အေး . . . မသိတာပဲ ကောင်းတယ်၊ နားငြီးတယ်၊ ပါးစပ်ပိတ်ထား"

တုန်တုန် ဆက်ပြောရခက်သွားသည်။

မဝီက ဘောလုံးကန်တာမှ မဟုတ်ဘဲဟု သူမက ဆက်ပြောချင်သေးတာ။

"ကျွတ် . . . ကျွတ် . . . အား"

ဝီဝီညည်းညူပေမယ့် တုန်တုန်က ဘာမှမလုပ်ပေးတတ်။

ဒီတိုင်းပဲ ဘေးကနေ ခြေမကိုင်မိ လက်မကိုင်မိ ရပ်ကြည့်နေပါသည်။

"တုန်တုန် ... ကိုအခါရဲ့ကား လမ်းထဲ ဝင်လာပြီလား သွားကြည့်စမ်းပါ"

"ဟုတ်"

တုန်တုန်က လမ်းထဲ ငုံ့ကြည့်နေကာ တအောင့်ကြာလျှင် ...

"ဟော ... လာပြီ မဝီရေ ဟိုကားမို့လား"

"ဘယ်မှာလဲ ပြစမ်း၊ ဝီ ကြည့်ရအောင်"

ခြေသပေါင်ကျိုးနင်းကာ မှန်ချပ်ထဲက အသာငုံ့ကြည့်သည်။

ဟုတ်ပါရဲ့ ... အခါလာပြီ။

တုန်တုန်က ဒါတော့ မဆိုး ... အခါ့ကားကို မှတ်မိသည်။





မန်ယူအသင်းရဲ့ ဘောလုံးအင်္ကျီကို စတစ်ကာ ကပ်ထားသဖြင့် မှတ်မိတာလည်း ဖြစ်နိုင်သည်။

အခါက ဘောလုံးပွဲ အလွန်ကြိုက်သူပါ။ အသင်းတွေကိုလည်း အစွဲအလန်း ရှိသည်။

ဝီဝီတောင် သူနှင့် ညသန်းခေါင် ဘောလုံးပွဲ ငုတ်တုတ်ထိုင်ကြည့်ရတဲ့အခါမျိုး ရှိသေးသည်။

တစ်ခါကစ်ရုံ သူ လောင်းထားတဲ့ အသင်းက ဂိုးဝင်သွားလျှင် ညကြီးသန်းခေါင် ဝီ့ကို ဝမ်းသာအားရ ဖုန်းနှင့်လှမ်းနိုးတတ်သေးသည်။

အခါလွန် အိမ်ပေါ်တက်လာသောအခါ ဝီဝီ့မှာ နာလွန်းလို့ မျက်ရည်ပင် ကျနေရပြီ။ ခြေထောက်က တစ်ခဏချင်း မြင်မကောင်းအောင် ဖောင်းကား ရောင်တက်လာ၏။

"ကျိုးသွားပြီလား မသိဘူး အခါ၊ ဝီ လုံးဝ လျှောက်လို့ မရဘူး ..အား"

"ဒါဆို လှေကားကို တွဲဆင်းရမယ်၊ ငါနဲ့တုန်တုန်ကို လက်လျှိုပြီး ခိုဆင်းခဲ့မှ ရမယ်ထင်တယ်၊ လုပ်လုပ် ဘာယူဦးမလဲ၊ မြန်မြန်လာ။ ရေချိုးတာ ကောင်းကောင်း မချိုးဘဲ ဆော့နေ ခုန်ပေါက်နေလို့ ဖြစ်မှာပေါ့"

သူက ဝီဝီ့အကြောင်းကို သိသည်။ ဝီဝီ ရေချိုးရင် သီချင်းအကျယ်ကြီးဖွင့်ပြီး ဝုန်းဝုန်းဒိုင်းဒိုင်း အားပါးတရ ချိုးတတ်တာလေ။

အခုတော့ အခန့်မသင့်လို့ ဝုန်းကနဲ ချော်ကျသွားခဲ့တာ။ ခါးမကျိုးတာဘဲ တော်သေးတယ်လို့ ဆိုရမည်။

ဆေးရုံရောက်လို့ ဓာတ်မှန်ရိုက်ကြည့်တဲ့အခါမှာ အရိုးကျိုးသွားကြောင်း သိရသည်။

အခုမှ ဝီဝီ အော်ငိုသည်။

"ဘယ်လိုလုပ်မလဲ အခါရယ်၊ ဝီ ဆေးရုံတက်ရမှာလား"





"တက်ရလည်း တစ်ရက် နှစ်ရက်ပေါ့ဟာ"

သူက ခပ်အေးအေး လုပ်စရာရှိတာ လုပ်ပေး စီစဉ်ပေးသည်။ မမျှော်လင့်ဘဲ ဒေဝီကြော့ရှင်းမှာ ဆေးရုံရဲ့ လူနာခန်းထဲ လဲလျောင်းနေရတော့၏။

အခါလွန်ကိုလည်း သူမက ပြန်ပို့မပေး။ လိုအပ်တာ ပြေးလွှား စီစဉ်ဖို့ သူပဲရှိတာ။

"ဘာမှစိတ်မပူပါနဲ့ကွာ၊ ကျောက်ပတ်တီးကိုင်လိုက်ရင် တဖြည်းဖြည်း ပြန်ဆက်သွားမှာပါ"

အခါက ချော့မော့သေးသည်။ စိတ်ဓာတ်မာကြောသူလေးလို့ ထင်ရသူက မျက်နှာလေး ပျက်ယွင်းအားငယ်နေပါသည်။

အခါလွန်လည်း အိမ်မပြန်ရတော့ပါ။

ညနေကျတော့ သင်တန်းက သူငယ်ချင်းတွေ လာရောက်ကြည့်ရှုအားပေးကြသည်။

သက်မာတို့လည်း တစ်လှည့်စောင့်ပေးသည်။

အခါလွန်မှာ ရေပင် မနည်း အချိန်လု ပြန်ချိ

၏။

ဖြစ်ပုံကတော့ မပြောချင်။ မိဝီဝီတို့ လုပ်လိုက်မှ

မျက်ကလဲဆန်ပြာ။

ဗိစီဒီရိုက်လို့ ချိန်းထားတာတွေဖျက်၊ အကသင်တ

လည်း ဖျက်နှင့် သူတို့အားလုံး အလုပ်ရှုပ်သွားရသည်။

"အခါ . . . ဝီ ဘယ်လို က,ရမလဲ"

အရေးထဲ မိဝီဝီက ကဂျီကဂျောင် ကျနေပါသေး

"နင့်ခြေထောက် ကောင်းအောင်ပဲ အရင်ကြိုး

ပါဦး၊ လူက လမ်းမလျှောက်နိုင်သေးဘူး၊ အိပ်ရာေ

ပက်လက်ဖြစ်နေတုန်းပဲ၊ ဒါကို ဆက်ကချင်လို့ ရမလား"

"အဲဒါ ဗီဒီယိုရိုက်ဖို့အတွက် စရံယူပြီးသားလား"

"ဒါတွေ ဝီဝီ မစဉ်းစားနဲ့၊ အေးအေးဆေး





နားယူလိုက် ဟုတ်ပြီလား၊ ဖြစ်လာမှတော့ တစ်နည်းနည်း

ကြိုးစားဖြေရှင်းရမှာပဲ ဒါ ငါ့ကိစ္စ ထားလိုက်ပါ"

အခါလွန်က သူမကို နှစ်သိမ့်သည်။

အမှန်တော့ သူ့ခေါင်းထဲမှာ အလုပ်ကိစ္စတွေနှင့် ရှုပ်

သွားနေတာ။

သူ့မှာ ဒီဗီဒီဇာတ်ကား ရိုက်လက်စကလည်း တန်း

နေ၊ သူတို့ရဲ့ Damcer အဖွဲ့နဲ့ ဗိစီဒီကလည်း အားလုံး

ပြင်ဆင်ပြီးလို့ အကောင်အထည်ဖော်နေပြီ။ လကုန်ပြီးစေ

မယ်လို့ အခါ ကတိပေးပြီးသား။

အခုတော့ ဝီဝီ မဖါနိုင်တော့ သူ ဘယ်လိုလုပ်ရမည်

သိသေးပါ။

❤ ❤ ❤

“ရာပြည့်ရေ”

“ဗျာ”

“မင်းကို Damcer တစ်ယောက် ရှာခိုင်းတာ ရှာ
ပြီလား”

“ဆရာပဲ မ... ရဲ့ သင်တန်းမှာ ရှိမလား မေးကြည့်
မယ်ဆို”

“အေးကွာ အက တော်တဲ့သူမှ ဖြစ်မှာ၊ ဝီဝီကတော့
အနည်းဆုံး သုံးလေးလအိမ်မှာ နားနေရမှာ”

“ဗီစီဒီကို လုံးလုံး ရပ်ထားလို့ကလည်း မဖြစ်ဘူ





ကြိုကို ဝင်းသူရတို့က အော်မှာ၊ ဒီတော့ တခြားတစ်ယောက်
အစားထိုးပြီး ကမယ်ကွာ”

“ဘယ်သူဆို အဆင်ပြေမလဲ”

“...... အကသင်တန်းက တော်တယ်လို့ ပြော
တယ်၊ အဲဒီမှာ တစ်ချက် ရှာကြည့်ရမှာပဲ”

“ဆရာ... မဝီဝီကို ပြောပြီးပြီလား”

“ဟ... သူမှ မထနိုင်ပဲ ဒီလောက် ဒဏ်ရာကြီးနဲ့
ဘယ်လို က,မှာလဲ”

“တော်ကြာ ဆရာ့ကို စိတ်ဆိုးစိတ်ကောက်ဦးမယ်
နော်”

ရာပြည့်က အကြောင်းသိချင်းမို့ ပြုံးစိစိနှင့် သတိပေး
ကားဆိုသည်။ ဟုတ်တော့ ဟုတ်သည်။ အသစ်တစ်ယောက်
သပ်ရှာခေါ်မည့်ကိစ္စ ဝီဝီနှင့် နည်းနည်းပါးပါးတော့ တိုင်ပင်ထား
မည်။

"အေးကွာ၊ ဒီညနေ ငါ သွားလိုက်မယ်၊ သိုင်ခ်ိယူ
ရာပြည့်"

တအောင့်လောက်အကြာမှာပင် အခါလွန်က စိတ်
လက်မြန်နှင့် သူတို့ရဲ့ မီဒီယာရုံးခန်းကနေ ဝီဝီ့ဆီ ရောက်
လာပါသည်။

"ဟော့ ... သက်သာလား"

"အင်း"

"ဘာစားချင်လဲ၊ ကြေးအိုး စားမလား"

"ဟင့်အင်း... ဒိမ်ဒို သောက်ချင်တယ်၊ ရွှေပုဇွန်
သွားဝယ်ပေး"

"နင်နဲ့ ဝေးနေရလို့ အေးချမ်းမလား မှတ်ပါတယ်"

သင်တန်းမှာ ဗိုလ်မကျရတော့ သူ့ကို ဆေးရုံမှာ ဗိုလ်
ကျနေပါသည်။ အခါ တစ်ခေါက်ပြန်ထွက်ကာ ရွှေပုဇွန်
အအေးဆိုင်သို့ ပြေးရလေသည်။





တကယ်တော့လည်း ဝီဝီမှာ ကူညီစောင့်ရှောက်မည့်
မောင်နှမ သားချင်းလည်း မရှိရှာပါ။ တစ်ဦးတည်းသော သမီး
ဖြစ်ကာမှ မိဘတွေက ရခြေးမြေခြား ရောက်နေသေးသည်။

သူတို့က ဝီဝီ့သူငယ်ချင်းလို၊ အစ်ကိုလို ဖြစ်နေတဲ့
အခါလွန်မိုး' ကို စိတ်ချလက်ချ အပ်ထားခဲ့တာ။

ဒီတော့ အခါ့မှာ တာဝန်ရော၊ စေတနာရော၊
သံယောဇဉ်ရော ရှိသည်။ ဝီဝီ့ကိစ္စတိုင်း သူမပါလို့ မဖြစ်ပါ။

ဆေးရုံမှာ အတန်ကြာအောင် နေပေးပြီးမှ အခါက
စကားစ,ပါသည်။

"ဝီဝီရာ ... နင့်နေရာမှာ ဒန္ဓဆာကောင်းကောင်း
တစ်ယောက် လိုတယ်ဟ"

ဝီဝီက မျက်လုံးလေး ဝိုင်းသွားပြီး ....

"ငါ့နေရာမှာ"

"အေးလေ"

"အခါ ဘယ်သူ့ကို ခေါ်မှာလဲ၊ တော်တဲ့သူမှ …
မှာနော်"

"ဒီလိုပဲ ရှာရမှာပေါ့"

ဝိဝိ အလိုမကျစွာ နှုတ်ခမ်းလေး စူမိသည်။

အခါနှင့် တွဲကဖို့ ခေါင်းဆောင်တစ်ယောက် ပေါ်လာ… မှာ သူမ လုံးဝ မလိုလား။ အခါ့အနားသို့ ဘယ်မိန်းကလေး… ရောက်မလာစေချင်။

"ဒီ ခြေထောက်ကိုပဲ ဝိ ထုပစ်လိုက်ချင်တယ်"

"ဟာ ... အဲဒီလိုတော့ မလုပ်နဲ့လေ"

လက်သီးဆုပ်နှင့် ထုဖို့ ပြင်တာကြောင့် အခါလွ… က သူမလက်ကလေးကို ဖမ်းဆွဲထားရသည်။

"အခု လောလောဆယ်လည်း မဟုတ်သေးပါဘူ… ဝိဝိ သက်သာတော့လည်း ဝိဝိပဲ ပြန်က,ပေါ့"

"ဝိ့နေရာမှာ ဘယ်သူမှ အစားမထိုးရဘူးနော်"





"အေးပါ"

"လိုအပ်လို့ အစားထိုးရလည်း အဲဒါ ယာယီပဲနော်"

"အေးပါဟာ"

ဝိဝိ လက်ခံတာပဲ တော်လှပါသည်။ တော်ကြာ ဒီ… …ကောင်မလေးက မပြောနိုင် ဂျီကျတတ်၊ ကပ်ဖဲ့ကိုက်တတ် …သွန်းသူလေး ..။

အခုစိတ်ကောင်းဝင်နေလို့သာ ခေါင်းညိတ်တာ။

အခါလွန်ကလည်း သူမကို အရိပ်အမြွက်လောက် …သာ ပြောပြ အသိပေးတာပါ၊ အသေးစိတ်ကိုတော့ အစီရင် …လို့ ရမှာမဟုတ်။

သူမလေး ဝန်တို ပူလောင်စိတ်နှင့် ပင်ပန်းမှာလည်း …လိုချင်ပါ။

ဝိဝိ့ကို သူ ကရုဏာသက်မိတာလည်း အမှန်ပါ။

"အခါ ... ဘာခြား စကားတွေ အရင်ပြီးအောင်

ရိုက်ထားနော်၊ အဆိုတော် . . . . ရဲ့ ခွေကို ခဏ နားထား ပေါ့''

''အင်း''

အခါလွန်က သူမ အလိုကျ ခေါင်းညိတ်လိုက်သော်လည်း ခေါင်းထဲမှာတော့ အစီအစဉ်သစ်တွေက ပြေးလွှားနေသည်။

❤ ❤ ❤



ရာပြည့်က ခွေကို စက်ထဲ ထိုးပြသည်။

ဒါ မအေးမိုး သင်တန်းက ဖက်ရှင်ရှော်တုန်းက Dancer အဖွဲ့ကတဲ့ ခွေမို့ သူ အစက သေချာမကြည့်မိ။

အခါလွန်မိုးက သူ့မီဒီယာက ကလေးတွေပဲ သုံးတာပါ၊ အရင်က အပြင်လူမခေါ်။

စီးကရက်သောက်ရင်းကို ခုံကို နောက်လှန်မှီကာ တီဗွီပေါ် မျက်စိရောက်လျှင် သူ့ကိုယ်ကြီး မတ်ကနဲ ဖြစ်သွားရပါသည်။

ဆံပင်ရှည်ရှည်နှင့် ရှေ့ဆုံးမှာ အသားကပ်ဝတ်စုံ လိမ္မာရောင်ကလေးနှင့် 'က' နေတဲ့ မိန်းကလေး။

ကကွက်တွေက မာန်ပါသည်။ ပြောင်မြောက်သည့် အနုပညာ အရည်အသွေးကို မြင်ရသည်။

"ဟော့ကောင် ... ရာပြည့် ... ကြည့်စမ်း"

"ဗျာ"

"မအေးမိုး တပည့်မလေးတွေလား"

"ဟုတ်တယ်လေ ဆရာ"

"အဲဒီ ရှေ့ဆုံးက တစ်ယောက်က ဘယ်သူလဲ"

ရာပြည့်က သူလက်ညှိုးညွှန်တဲ့ ဆံပင်ရှည်လေးကို ကြည့်ပြီးလျှင် ...

"အဲဒါ သင်တန်းဆင်းပွဲမှာ ဆုရတဲ့ တစ်ယောက်လေ။ နာမည်က မနှစ်လုံးပဲ မယ်မှုံးဆရာ မယ်မှုံး"

"မင်းနဲ့ သိလား"

"တွေ့တော့ တွေ့ဖူးနေပါတယ်"

"သူ က.ပုံ မဆိုးဘူးကွ တော်တယ်"





"ဝိဝိနေရာမှာ သူ့ကို ထည့်ချင်လို့လား"

"အေးကွာ ... သူ ရိုက်ပေးမယ်ဆိုရင် မဆိုးဘူး"

"ဒါဆို မအေးမိုးဆီ ဖုန်းဆက်ပြီး မယ်မှုံးလိပ်စာ တောင်းလိုက်မယ်"

ရာပြည့်စကားကို ခေါင်းညိတ်ရင်း သူ့အကြည့်က မယ်မှုံးရဲ့ ကကြိုးကကွက်လေးတွေဆီမှ မခွာနိုင်။

လောကကြီးရဲ့ တိုက်ဆိုင်မှုတွေကိုလည်း မယုံနိုင်အောင် ဖြစ်မိသည်။ မယ်မှုံးကလည်း ဒန့်ဆာ Dancer တစ်ယောက်ပဲလား။

ဒါ သူနဲ့ မွေးနေ့တုန်းက ကိတ်ချင်း မှားယူသွားတဲ့ ကောင်မလေးပဲပေါ့။ ထိုအမည်ကို အခါလွန် ကောင်းကောင်း မှတ်မိနေသည်။ ပြီးတော့ မယ်မှုံးဟာ သူ့ရဲ့ အိမ်ပြောင်မလေး။

တိတ်တခိုး မြတ်နိုးနေရတဲ့ မိန်းကလေး။

မေးစေ့ကို ဖွဖွပွတ်ရင်း အခါ ရင်ခုန်မြန်လာရပါသည်။

ရေစက်ဆုံတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မှာပါ။

အခုတော့ မင်းကို ကိုယ်တွေ့ပြီး မင်း ဘယ်သူလဲ ဆိုတာ သိရပြီ။ မင်းနဲ့ အဆက်အသွယ် ရပြီ။

ရာပြည့်ကသာ ဖုန်းဆက်ပြီး လိပ်စာမေးနေတာပါ။ တကယ်တော့ မယ်မှူးတို့ အိမ်ကို သူသိပြီးသားပဲ။ ခြံထဲပင် ကားဝင်ရပ်ဖူးသေးတာပဲ။ အဲဒီနေ့ကသာ သူမကို မတွေ့ရတာ။

နောက်ပိုင်း ထပ်တွေ့ရပေမယ့် သူက မယ်မှူးမှန်း မသိပါဘဲ ဒီအတိုင်းလေး သဘောကျမိတာ။

အိုး ... အရာရာဟာ ဆက်စပ်ကြည့်လိုက်ရင် ရင်ထဲ နွေးထွေးစရာပါလား အိမ်မြောင်မလေးရယ် ...

မင်းနဲ့ကိုယ်နဲ့ တစ်နေရာမှာ အသေအချာ လာဆုံ တွေ့ကြမှာပါ။ ကမ္ဘာပတ်ပြေးလည်း ဖူးစာကံရှိရင် မလွတ် နိုင်ပါဘူးကွာ။ ကိုယ်တော့ ဒါကို ယုံတယ်။

❤ ❤ ❤



"မယ်မှူး ရှိပါသလား ခင်ဗျား"

ဟိုတစ်ခါ ဆုံခဲ့ဖူးတဲ့ အန်တီ ချောချောခန့်ခန့်ကို အခါ မေးလိုက်သည်။

"ဩော် ... ဘာကိစ္စများလဲ အထဲဝင်ထိုင်ပါဦး"

"ကျွန်တော်က ဒါရိုက်တာ အခါလွန်မိုးပါ"

"အခါလွန်မိုး"

အန်တီကြီးက သူ့အမည်ကို တစ်လုံးချင်း ရေရွတ် ကြည့်ရင်း မှတ်မိသွားပုံပေါ်၏။

မျက်နှာဝင်းလက်သွားပြီး ...

''ဩော် ... ဟိုတစ်ခါ ကိတ်မှားတဲ့ သူငယ်''

''ဟုတ်ပါတယ်ခင်ဗျာ''

''သားက မယ်မှူးနဲ့ သိနေလား''

''ဆိုပါတော့ဗျာ၊ ဘယ်လို ပြောရမလဲ မသိဘူး''

''အေးကွယ်၊ ဒါဆို ခဏထိုင်ပါဦး၊ အန်တီ သမီးကို ခေါ်ပေးမယ်''

ဒေါ်ခင်မမက လှည့်ဝင်သွားပြီးလျှင် ထမင်းစားခန်းမှာ သစ်သီးပွဲ ပြင်ဆင်နေသည့် မယ်မှူးကို ...

''သမီးရေ ... ညှော်သည်ရောက်နေတယ်ဟော့၊ ဒီ ညှော်သည်ကို ဘယ်သူထင်လဲ''

''မယ်မှူး ဘယ်လိုသိမှာလဲ''

''အခါလွန်မိုးတဲ့၊ ဒါရိုက်တာတဲ့''

''ရှင် ... ဟုတ်လား''

သူမလည်း အံ့အားသင့်သွားရပါသည်။





မမအေးမိုးကတော့ ရော့တီးစတား မီဒီယာက ဒါရိုက်တာတောင်းတယ်လို့ ဖုန်းဆက်ပြောထားသည်။

သို့သော် တစ်ခါက ဖုန်းမှားဝင်လာတဲ့ ဒါရိုက်တာလေး ဖြစ်မယ်လို့ သူမ မထင်။

''သွားတွေ့လိုက်လေ သမီးရဲ့''

''အင်းပါ''

မယ်မှူးက လက်သုတ်ပဝါနှင့် လက်ကို မြန်မြန်လုပ်ပြီး ဧည့်ခန်းရှိရာ ထွက်လာသည်။

''ကိုယ့်ကို မှတ်မိလား''

မယ်မှူးက ဇဝေဇဝါ ခေါင်းညိတ်လျှင် ...

''ကရဝိတ်မှာ တွေ့ဖူးတယ်လေ''

''ဩော်''

သူမရဲ့ ဩော်လေးက ရှက်ပြုံးစွက်သွားရပါသည်။

''ကိုယ်က အခါလွန်မိုးပါ၊ ကြားဖူးလား မသိဘူး''

"ဟင့်အင်း"

"မကြားဘူးရင်လည်း ကိစ္စမရှိပါဘူး၊ အခု မိတ်ဆက်တာပေါ့၊ မင်းကို ချီးကျူးတယ်ကွာ၊ မင်းက,ပုံလေးက တော်တော်ကောင်းတယ်၊ ဘယ်သူနဲ့မှ မတူဘူး"

"ကျေးဇူးပါပဲ"

"ကျေးဇူးတင်ရင် တစ်ခု ကူညီပါ"

"ဘာများလဲရှင်"

အခါလွန်မိုးက အကျိုးအကြောင်း ရှင်းပြလိုက်သည်၊ အခု လက်ခံထားတဲ့ အဆိုတော် ..... ရဲ့ အခွေမှာ ပါ က,ပြပေးဖို့ တောင်းဆိုသည်။

သူမက တခဏ နားထောင်နေပြီးလျှင် ....

"ဟိုလေ ... အားတော့ နာပါတယ်ရှင်၊ ဒါပေမဲ့ မယ်မှုံးမှာ ဗီစီဒီရိုက်ဖို့ အစီအစဉ်မရှိပါဘူး"

"ကျွန်တော် အကူအညီတောင်းတာပါ၊ မယ်မှုံး





ော်လွန်းလို့ပါ၊ ကျွန်တော့်ဆီ လာပြောနေတဲ့သူတွေ အများ ီးပါဗျာ ... ယုံပါ၊ သူတို့ကို ခေါ်သုံးဖို့ အဆင်မပြေလို့ပါ၊ ယ်မှုံး ဘာမှ အခက်အခဲမရှိစေရပါဘူး။ အားလုံး ကျွန်တော် င်ပေးပြပေးမှာပါ၊ စိတ်ချပါ။ ဒီအတွက် ကျွန်တော့်ကို ံကြည်ပါဗျာ"

"ကျွန်မ အဲလိုတစ်ခါမှ မလုပ်ဘူးတော့"

"ကိစ္စမရှိပါဘူး အဆင်ပြေသွားမှာပါ"

အခါက ဖွတ်ပင်ခွင့်တောင်းနေသည်။

တကယ်တော့ မယ်မှုံးက Dance ဝါသနာပါလို့သာ င်တန်းတက်လိုက်တာ တစ်ဦးချင်း ပြိုင်ပွဲမှာ ဆုရခဲ့ပြီး ာက်ပိုင်း မမိုးအေးဆီက အဖွဲ့နှင့် မရည်ရွယ်တဲ့ ဆက်က,နေ ခဲ့တာပါ။

ဒါကို ပရော်ဖက်ရှင်နယ်အနေနှင့် လုပ်ကိုင်သွားဖို့ ယ်မှုံးမှာ စိတ်ကူးမရှိ။

သူမကို တကူးတက လာခေါ်မည်လို့လည်း မထင်

"ကျွန်မက သိပ်မရဲဘူးလေ ဒါကြောင့်ပါ"

"မယ်မှူးမှာ အရည်အချင်းတွေ တပုံကြီးပါ။ လု
လိုက်ရင် ဖြစ်သွားမှာဗျ နာမည်ကြီး အဆိုတော်ရဲ့ အခွေမှာ
ရင် မယ်မှူးအတွက် အခွင့်အရေး အများကြီး ..."

"ဟင့်အင်း ... ကျွန်မ အခွင့်အရေး မရလည်
ဘာမှ မဖြစ်ဘူး၊ ဝါသနာပါရုံလေးပဲ ပါတာပါ"

"ဘာပဲဖြစ်ဖြစ် လုပ်ကြည့်စမ်းပါဗျာ"

"စဉ်းစားပြီးရင် အကြောင်းပြန်ပေးပါ့မယ်"

"တကယ်တော့ ကျွန်တော့်မှာ အခက်အခဲလေး
လို့ပါ၊ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင် မိန်းကလေး
ကြော့ရှင်းက မတော်တဆ ချော်လဲပြီး ခြေကျိုးသွားလို့ပါဗျ

"အို ... ဟုတ်လား"

"ကျွန်တော်ကလည်း 'ကို ....' ကို သေချာ





ပေးမယ်လို့ ကတိပေးထားပြီးသားမို့လို့ပါ။ သူ့အခွေရဲ့ အဓိက
ပါဖော့မင့်က အကတွေ ထည့်ဖို့ပဲလေ၊ ဒါကြောင့်ပါ"

အခါလွန်မိုးက မရမက ဆက်ပြောနေတာမို့ ကြာ
တော့ မယ်မှူးက ကူညီဖို့ မငြင်းနိုင်တော့ပေ။

"တခြားတစ်ယောက် ရှာကြည့်လို့ အဆင်မပြေဘူး
ဆိုရင်တော့ မယ်မှူး စမ်းကြည့်ပါ့မယ်၊ ကတိကြီးတော့ မပေး
ဘူးနော်"

"ကောင်းပြီ တစ်ရက်လောက် အကတိုက်ကြည့်
ကြမယ် စတူဒီယိုကိုပဲ လာခဲ့လိုက်ပါ"

သူက နာရီတစ်ချက်ကြည့်ပြီး ....

"မနက်ဖြန် နေ့လည်ပိုင်းဆို အိုကေမလား"

"ဟုတ်ကဲ့"

"ဒါဆို ကျွန်တော် စောင့်နေမယ်"

"ကောင်းပါပြီ"

''ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ပြန်လိုက်ဦးမယ် အန်တီ''

သူက မေမေ့ကိုပါ နှုတ်ဆက်သည်။

သူ့အမူအရာက ရွှင်လန်းတက်ကြွနေလျက် တစ်မျိုး တစ်ဖုံ ကြည့်ကောင်းတာ အမှန်။

သူ့မျက်လုံးတွေက မယ်မှုူးကို ကြည့်တိုင်း ရယ်မြူး ကြင်နာရိပ်များနှင့် တောက်ပစိုလက်နေသည်။

မယ်မှုူးရင်ထဲ တစ်မျိုးလေး လှုပ်ခတ်ရင်း နှုတ်ခမ်း တွေ အလိုလို ပြုံးနေမိသည်။

❤ ❤ ❤



ထိုနေ့က မိုးလင်း မျက်စိနှစ်ဖက် ဖွင့်လိုက်တာနှင့် သူ့စိတ်တွေက ပူနွေးရှိန်းမြလာသည်။

မယ်မှုူးနဲ့ တွေ့ရမယ်လေ။

နှလုံးသားထဲက အရှင်သခင်မလေး . . . သူမကို တွေ့ရမှာ အခါ အလိုလို စိတ်လှုပ်ရှားနေမိသည်။

နံနက်ခင်းစာ စားတော့လည်း သူမအကြောင်း၊ ရေချိုးခန်းဝင်တော့လည်း သူမအကြောင်း၊ အဝတ်အစားလဲ တော့လည်း သူမအကြောင်း၊ ကားမောင်းပြီး ထွက်လာ တော့လည်း သူမအကြောင်းပဲ။

ဘယ်လိုကြောင့်များ ခေါင်းထဲ ဒါပဲ ထပ်တလဲ
တွေးမိပြီး ကြည်နူးနေမိသလဲ မဆိုနိုင်။ သူ့ရင်ထဲကို မယ်မ
ဆိုတဲ့ မိန်းကလေးတစ်ယောက်က လျှင်မြန်စွာ ဝင်ရောက်
လာခဲ့သည်။

ရှော့ကီစတား မီဒီယာနှင့် စတူဒီယိုခန်းမကို ရောက်
တော့လည်း သူ့စိတ်ထဲ မယ်မှူးကိုသာ တစ်ချိန်လုံး မျှော်လ
နေမိသည်။

ကောင်မလေးတော့ ထမင်းစားရင်း လျှာကိုက်
လား၊ လမ်းသွားရင်း ခလုတ်တိုက်မိပြီလား မသိနိုင်။

အခါလွန်ကတော့ သတိရစိတ်စောနေမိတာအမ
နေ့ခင်းပိုင်းရောက်တော့ သူ နာရီတကြည့်ကြည့်မို့ ရာပြ
ကပင် ...။

"ပြောထားရင်တော့ ရောက်လာမှာပါ ဆရာရယ်"

"နောက်ကျနေပြီကွ"





"ဆရာက ဘယ်နှစ်နာရီချိန်းထားလို့လဲ"

"နေ့လည်ခင်း သူအားရင် ခဏထွက်လာဖို့ ပြော
ခဲ့တာ၊ လိပ်စာကဒ်လည်း ပေးခဲ့တာပဲ၊ ရှာမတွေ့ဘူးလား
မသိဘူး"

"ရှာလို့ မတွေ့စရာတော့ မရှိပါဘူးဗျာ"

သူ့ဆရာရဲ့ အမူအရာက ခါတိုင်းနှင့်မတူပါ။

အမြဲတမ်း တည်ငြိမ်အေးဆေးလှတဲ့ အခါလွန်က
ဒီတစ်ခါ လမ်းမဆီ မျှော်ကာ ဟိုလျှောက် ဒီလျှောက်နှင့်
ဂဏှာမငြိမ်လှပေ။

"ဟာ ... သူလာပြီ"

လှမ်းကြည့်ရင်း အခါ့စိတ်တွေ ပျော်ရွှင်လန်းဆန်း
သွားရသည်။

"ရာပြည့် ... မင်းစားပွဲမှာ မင်းသွားနေ"

"ဟုတ်ကဲ့ပါ"

ရာပြည့်ပင် ရယ်ကျဲကျဲ ဖြစ်သွား၏။

သူမလှမ်းဝင်လာတာနှင့် အခါက တံခါးဝမှာ ဆီးကြိုပြီး . . .

"မလာတော့ဘူးလားလို့ဗျာ"

"နည်းနည်းနောက်ကျသွားတယ် ကိုအခါ ဆောရီး"

"ရပါတယ်ဗျာ"

'ကိုအခါ' လို့ ခေါ်လိုက်သံလေးက နားထဲကနေ နှလုံးသားဆီ ဖြာဆင်းသွားရ၏။

ခေါ်သံလေးက ချစ်စရာ။

"ခဏထိုင်ပါဦး၊ ပြီးမှ အစမ်းလေ့ကျင့်တာပေါ့"

သူက ဖိုင်ထဲက အချက်အလက်တွေကို ဖတ်ပြရှင်းပြသည်။

ဘယ်နေရာမှာ ဘယ်လို စီစဉ်ထားကြောင်း၊ က,တဲ့အခါ မီးဆလိုက်က ဘယ်လို၊ အခိုးအငွေ့က ဘယ်လို ဘယ်





နေထွက်လာမှာ၊ ဘယ်လို အနေအထားနှင့် ရုတ်သိမ်းမှာ သဖြင့် အများကြီးပါ။

မယ်မှူးက သူ့အမူအရာ၊ သူခေါင်းဆတ်ပုံ၊ နှုတ်ခမ်းဖွင့်ပိတ်ပုံ၊ လက်ဟန်လှုပ်ရှားပုံ စတာတွေကို အငေးသား ကြည့်နေမိသည်။

ဒါရိုက်တာထက် မင်းသားဖြစ်ဖို့ ပိုကောင်းတဲ့သူပါ။

သူ့မှာ စတိုင်လ်ရှိ၊ တဲလင့်စ်ရှိတာပဲ။ ရိုးရိုးလေး စကားပြောဆိုနေတာပင် သဘာဝကျကျနှင့် ဆွဲဆောင်မှု တစ်မျိုး ရှိနေသည်။

ထို့နောက် မယ်မှူးက အဝတ်လဲခန်းသို့ သွားကာ ပါလာသော ဝတ်စုံကို ဝတ်လိုက်သည်။

သူက မြူးဇစ်ဖွင့်ပြီး အသင့်စောင့်နေ၏။

မယ်မှူးက ကြိုးစား က,သည်။

သူတို့ ခပ်ကြာကြာ အက တိုက်ကြ၏။

''ရဲရဲ က,ပါ မယ်မှူးရဲ့ မရှက်ပါနဲ့ဗျာ''

သူကြည့်နေလို့ကို မယ်မှူး ရှက်တာပါ။

ဖက်ရှင်ရှိုးတွေမှာ အတော်အတန် က,ဖူးနေလို့ အတွေ့အကြုံက ရှိပြီးသားပါ။ သိပ်ရှက်အမ်းမနေ။

သို့သော် ကိုအခါရဲ့ အကြည့်ကြောင့် ရင်ဖိုပြီး မှားယွင်းနေတာ။

''ကိစ္စမရှိပါဘူး ... နောက်တစ်ခေါက် ပြန်စမယ်''

အခါက စိတ်ရှည်ရှည် ညွှန်ကြားပြသ၏။

သူ့မျက်လုံးတွေက မယ်မှူးဆီမှ ခွာမရ။ နီးနီးကပ်ကပ်မြင်ရတော့ သူမအလှက အခါ့ရင်ကို တုန်ခါစေသည်။

သူမရဲ့ အကြည့်ရေဒါလေးထဲက ရုန်းထွက်ဖို့ မလွယ်ကူပါလား။ သူ့နှလုံးသားက ညှို့ဆေးမျှား မိသွားတာလား။

အကတိုက်ပြီး စကားပြောဆိုပြီးလျှင် စတူဒီယိုနားက အအေးဆိုင်လေးမှာ သွားထိုင်ဖြစ်ကြသေးသည်။





သူနှင့် မယ်မှူးတို့ အမှတ်မထင် ရင်းနှီးမှု ရလာ၏။

သူ့မျက်လုံးတွေကို မယ်မှူး နားလည်နိုင်မှာပါ။

အခါ့လွန်မိုး ရင်ထဲ အလိုလို ရွှင်ပြနေမိကာ သူမအနားမှ မခွာချင်အောင် ဖြစ်မိသည်။

နာရီတွေအားလုံး ဒီနေရာမှာ ခဏရပ်ထားပေးနိုင်ရင် ကောင်းမှာပါ။

''မနက်ဖြန်လည်း လာခဲ့ဦးနော် မယ်မှူး''

သူ့နှုတ်က အထပ်ထပ် မှာကြားနေမိသည်။

❤ ❤ ❤

ဝီဝီက သူ့ကိုတွေ့တာနှင့် ခြေကို ဖွလျက် ထော့နင်း ထော့နင်း လျှောက်လာသည်။

''ဟော့ ဝီဝီ နင် ဟိုဒီ လျှောက်မနေနဲ့လေ၊ ဆရာဝန်က ငြိမ်ငြိမ်နေရင် အကောင်းဆုံးပဲလို့ ပြောထားတယ် မဟုတ်လား''

''ပျင်းတယ် အခါရဲ့၊ ဘယ်မှလည်း မသွားရဘူး ငါ့ကို အင်းလျားကန်ဘောင်ဖြစ်ဖြစ်၊ ကရဝိတ် ကန်တော်ကြီး ဖြစ်ဖြစ် လိုက်ပို့ပေးစမ်းပါ''

''အပြင်လျှောက်သွားလို့ ဖြစ်မယ် မထင်ပါဘူး''

''ဖြစ်ပါတယ်၊ ငါ အခု လျှောက်နိုင်နေပြီ''





''နင် အဲလို လုပ်နေရင် အရှင်းပျောက်ဖို့ ပိုကြာမယ်၊ တော်ကြာ ပုံမှန်ပြန်မဖြစ်ဘဲ နေမယ်''

အခါက သူမကို နည်းနည်း ခြောက်လန့်လိုက်သည်။

''မိန်းကလေးဖြစ်ပြီး လမ်းလျှောက်ရင် အလိုင်းမင်း မညီရင်တော့ သွားပြီ၊ နင့်ကို ဘယ်ကောင်လေးမှ ကြိုက်မှာ မဟုတ်ဘူး ဝီဝီ''

''အခါနော် လျှောက်မပြောနဲ့ ဘာလို့ မကြိုက်ရမှာလဲ''

''အလိုင်းမင်း မညီရင်''

''ဟွန်း ... မပြောပါနဲ့ဆိုမှ ကဲ''

''အား... ငါ့ကို ထုဖို့ဆို နင်လက်က သိပ်မြန်တာပဲ''

''အခါ ဘယ်လို့ လိုက်စသလဲ''

''ကဲပါကွာ... မစဘူး၊ ဒီမှာ ကောင်းကောင်းထိုင်''

အခါလွန်က သူ့နံဘေးမှာ သူမကို ထိုင်စေလိုက်သည်။ မမြင်ရတာ ရက်အတန်ငယ်ရှိပြီဖြစ်သော အခါ့မျက်နှာလေးကို ဝီဝီ လွမ်းဆွတ်စွာ ကြည့်မိသည်။

"ဘယ်လောက် အလုပ်ရှုပ်ရှုပ် ဗိုဆီ ညနေတိုင်း ဝင်လာမယ်ဆို"

အခါက ရယ်ကျဲကျဲနှင့် ....

"အဲဒါ ပြောမလို့ပဲကွ၊ အခု ဗိုဗိုဒီအတွက် သရုပ်ဆောင် အသစ်ရနေပြီ"

"ဘယ်သူလဲ"

"အက အရမ်းတော်တဲ့ ကောင်မလေးပဲ၊ သူ့နာမည်က မယ်မှုံးတဲ့"

"မယ်မှုံး"

မျက်ခုံးလေးပင့်ကာ ဝိဝိက သံယောင်လိုက်သဖြင့်

"မယ်မှုံးကို ဝိဝိ သိလား"

"ဒီနာမည် ကြားဖူးလို့ပါ"

"လူကလည်း ချစ်စရာလေးပါ၊ အခွေကိုစွအဆင်ပြေသွားတာပေါ့"

သူက အဆင်ပြေတယ်ဆိုသဖြင့် ဝိဝိက ဝမ်းသာရမှာ





သို့သော် ဝိဝိ မပြုံးမရယ်နိုင်ချေ။

"ဝိဝိ တွေ့ရင် ခင်သွားမှာပါ၊ မယ်မှုံးက သဘောကောင်းတယ်"

"အခါနဲ့ သူနဲ့ ရင်းနှီးနေပြီလား"

"နေ့တိုင်း အကတိုက်ကြ၊ ဗိုဗိုဒီရိုက်ကြဆိုတော့ ဖြည်းဖြည်း ခင်လာပါပြီ"

"ခင်ရုံပဲ ခင်နော်"

ဝိဝိက သူ့ကို ခပ်ကြိမ်းကြိမ်းကြည့်ရင်း သတိပေးကြောင့် အခါ မလုံမလဲ ရယ်လိုက်၏။

"ဘာရယ်တာလဲ"

"မရယ်ပါဘူး"

"ဝိဝိနေရာမှာ သူ့ကို အစားထိုး ထည့်ရိုက်တာ မကျေပါဘူးနော်၊ ဗိုခြေထောက် သက်သာတာနဲ့ ပြန် က,မှာပဲ"

"က,ပါဗျာ"

အခါက ဝိဝိ့ ခေါင်းလေးကို ဖိမိုး အုပ်ကိုင်ချလိုက်၏။

"ဝိဝိုလောက်တော့ ဘယ်သူမှ အက, မကျွမ်းပါဘူး"

"ဟင်း . . . ဟင်း ဒီလိုပဲ ဖြစ်ရမယ်လေ၊ မစွ
အခါ ယူ သိပ်တော်တယ်"

ချီးမွမ်းလိုက်တော့ ဝိဝိက သဘောကျသွား၏။

"လာပါ အခါရယ်၊ အခါ့ကို အကြော်ကျွေးပါ့မယ်
အင်းလျားလိုက်ပို့နော်၊ စိမ်းလန်းစိုပြေ ဥယျာဉ်ရောပေါ့နော်"

ဝိဝိက ချွဲနွဲ့ကာ တောင်းဆို ပူဆာသဖြင့် အခါလွ
ခေါင်းညိတ်လိုက်သည်။

"ခဏလေး စောင့်နော်၊ ဝိဝိ အဝတ်လဲလိုက်မယ်"

ခြေထောက်ဒဏ်ရာပင် မေ့ကာ ဝိဝိက တက်တ
ကြွကြွ တေးတစ်ပိုင်းတစ်စ ဆိုညည်းလျက် အခန်း
အကြော့သား ဝင်သွားပါသည်။

❤ ❤ ❤



ချွေးစိုနေသော မယ်မှုံးမျက်နှာ နီမြန်းမြန်းလေးက
အရမ်းစွဲမက်စရာကောင်းသည်။

မျက်လွှာချပြီး ရေခဲမုန့်ခွက်လေးထဲက ခပ်စားနေပုံက
ကလေးပမာ။

"မယ်မှုံး ရေခဲမုန့် ကြိုက်တယ်နော်"

"အင်း"

"အဲဒါဆို နေ့တိုင်း ဝယ်ကျွေးမယ်"

လွတ်ကနဲ သူ့အပြောကြောင့် မယ်မှုံးက မျက်လွှာ
ကြည့်သည်။

''ကိုယ် က,ခိုင်းလို့ မောနေတာမို့လား''

''ဟင့်အင်း . . . မမောပါဘူး''

သူ့အကြည့်၊ သူ့အပြောအဆိုလေးများကြောင့် သူ့ရင်ခုန်ရပေါင်း များပြီ။ တစ်စထက်တစ်စ အချိန်တိုအတွင်းမှာ သံယောဇဉ်က ပိုမို ခိုင်မာလာသည်။

မယ်မှုံးဘဝရဲ့ သာယာကြည်နူးစရာ အကောင်းဆုံး အချိန်လေးများပဲဟု ဆိုလျှင်လည်း မမှားပါ။

ကိုအခါ အရိပ်တကြည့်ကြည့်နှင့် ဂရုတစိုက် အနေ ပေးတာကို သူမ အမြဲ ခံယူချင်နေမိပြီ။

သူ့အပေါ် မူနွဲ့ချင်၊ ဆိုးချင်လာမိ၏။

''မယ်မှုံး၊ နောက်တစ်ခွက် ယူဦးမလား''

သူက ရေခဲမုန့်ဆိုင်က သွားဝယ်ပေးဖို့ ခြေလှမ်းပြင် သည်။

''ဟင့်အင်း . . . တော်ပြီ ကိုအခါ''





''ဘာလို့လဲ အားနာလို့လား''

''မယ်မှုံး ပြန်တော့မှာ''

''ကိုယ်လိုက်ပို့ပေးမယ်လေ''

သူမအိမ်က ကားက လာကြိုပြီး ပြန်သွားပြီ။

ဒီနေ့ အလုပ်စောစော သိမ်းဖြစ်သည်။ အပြင်မှာ နေမပူ၊ မိုးမရွာဘဲ ရာသီဥတုက အလင်းဖျော့ပြီး သာသာ ယာယာရှိ၏။

အခါနှင့် မယ်မှုံးက ကားရပ်ထားရာဆီ အတူတူ လျှောက်လာကြသည်။

ထိုအခိုက်မှာ မင်္ဂလာကားတစ်စီးက ခပ်ဖြည်းဖြည်း သူတို့နံဘေးမှ ဖြတ်သန်းသွားသည်။

မာစီဒီး အနက်ရောင်မှာ ဖဲကြိုး၊ ဖဲပြား ပန်းရောင် လက်လက်များဖြင့် ကားကို အလှဆင်ထားတာ ငေးချင် စရာပါ။

"လှတယ်နော် ကိုအခါ"

မယ်မှူးက သေချာကြည့်ပြီး သဘောကျသွားသည်။ ကားလေးက အလှဆင်ထားတာ ချစ်စရာ။

ပါသွားတဲ့ သတို့သမီးမျက်နှာက ပုဝါဖြူလွှာ ဇာပါးပါးလေး ကွယ်ထားတာမို့ အသေအချာ မမြင်ရပါ။ သတို့ သားက ခိုပြာရောင် အနောက်တိုင်း ဝတ်စုံနှင့် ခန့်ခန့်ညား ညား။

နောက်မှလည်း နောက်ထပ် ကားဆယ်စီးခန့်နှင့် မိသားစု ဆွေမျိုးအသိုင်းအဝန်းကားတွေ ပါလာသည်။ ကား တွေကို ဟွန်း အဆက်မပြတ် တီးကာ သွားသဖြင့် မြင်ထဲ လူတွေ မကြည့်ဘဲ မနေနိုင်။

"မင်္ဂလာမောင်နှံကို မြင်လိုက်လား ကိုအခါ"

"သိပ် မသဲကွဲလိုက်ဘူး၊ ဘာလို့လဲ"

"သတို့သားက အရမ်းချောတယ်"





"ဟုတ်လား... ဟား... ဟား ကိုယ်နဲ့ တူတာပေါ့"

"ရှင်က သတို့သားမို့လား"

"ကိုယ်လည်း မင်္ဂလာဆောင်ရင် သတို့သားပဲပေါ့"

"ရှင့်မှာ အစီအစဉ်ရှိပြီလား"

"ကိုယ် မင်္ဂလာဆောင်ရင် အဲလို ပုံကြီးမချဲ့ပါဘူး"

"မယ်မှူးကတော့ သေချာ ခမ်းခမ်းနားနား ကျင်းပ မာပဲ"

"ကဲပါ ... ကားပေါ်တက်ဦး"

"တကယ်ပြောတာ ကိုအခါရဲ့၊ မင်္ဂလာဆောင်ဆို ဘာ စည်ကားမှ၊ ဒါမှ မှတ်တမ်းဝင်မှာပေါ့"

"မယ်မှူးရော အစီအစဉ်ရှိပြီလား"

"သိပ် မကြာခင်ပေါ့ရှင်"

အခါလွှန်မိုးက သူမဘက် အလန့်တကြား လှည့် ကြည့်လိုက်သည်။ သူမ နောက်တာလားလို့ပါ။

"တကယ်လား"

"အင်း"

"မင်း လက်ထပ်တော့မှာ"

သူမက ခပ်တိုးတိုး တစ်ချက်ရယ်ကာ သူ့ထံ

အကြည့်လွှဲရင်း . . .

"သေချာတော့ ရက်မသတ်မှတ်ရသေးပါဘူး၊ မေ

က အရမ်းသဘောတူနေတာ"

အခါ မကြားရဲသလို ဖြစ်သွား၏။

သူ့မျက်နှာ အကြီးအကျယ် ပျက်လျှက် ငိုင်သွား

ပါသည်။

သူမက ကားအပြင်ကို အကြည့်လွှဲရင်း ဆက်ပြေ

သည်။

"သူက အခု ဒီမှာ မရှိပါဘူး၊ စင်္ကာပူ ရောက်

တယ်၊ မယ်မှုံးလည်း သေချာ မပြင်ဆင်ရသေးပါဘူး၊ ရှင်





ခင်လို့ ပြောပြတာပါ၊ မယ်မှုံး တခြားဘယ်သူ့မှ ဒီအကြောင်း မပြောရသေးဘူး"

"ကိုယ်က သတင်းဦးရတာပေါ့၊ ကွန်ဂရက်ကျူလေးရှင်းပါ"

သူ ဟန်မပျက်ပင် သူမ လက်ကလေးကို ဆွဲယူ နှုတ်ဆက်ကာ တစ်ချက် ဖြစ်ညှစ်မိသည်။

ရင်ထဲမှာ ဟာတာတာကြီးလည်း ဖြစ်သွားရသည်။

အခါ အခုကြားလိုက်ရတာ ပုံပြင်တစ်ပုဒ်ဆိုရင် ကောင်းမည်။ သူ ဟန်မဆောင်နိုင်အောင် မျက်စိမျက်နှာပျက်မိ၏။

မယ်မှုံး သတိထားမိသွားမလား။

"ကိုအခါ"

"ဗျာ"

"ရှင့်ကောင်မလေးနဲ့ တစ်ခါမှ မိတ်မဆက်ပေးသေးဘူးနော်"

"ဗျာ . . .ကျွန်တော့်ကောင်မလေး"

"ဟွန်း . . . လျှို့မယ် မကြံပါနဲ့၊ ကိုရာပြည့်တို့ ပြောပြပါတယ်နော်၊ ဒန့်ဆာ ဒေဝီကြော့ရှင်းဆို"

"ဟာ . . .ကြံကြံဖန်ဖန် ဝိဝိနဲ့ ကိုယ်က သူငယ်ချင်းတွေပါ"

"ရှင်တို့ တွဲလာတာ ကြာပြီဆို"

"ရာပြည့် ကျပ်ပြီကွာ၊ မဟုတ်ပါဘူး"

အခါလွှန်မိုးက ခေါင်းခါလိုက်သည်။

"ကိုယ့်ကို လွှမ်းမိုးမယ့် ကောင်မလေးဆိုတာ ရှိပါ့မလား"

"ရှိနိုင်တာပေါ့၊ တစ်စုံတစ်ရာက ချစ်သူတွေဖြစ်အောင် ဖန်ဆင်းပေးလိုက်ရင် ခဏလေးပါ၊ ဘဝအဖော်ဆိုတာ ရှိသင့်တာပဲ"

"ကိုယ်တော့ မတွေ့သေးတာ အမှန်ပဲ"





"စောင့်ကြည့်ပါဦး၊ ရှင်ပြောတဲ့ ဝိဝိကို ရှင်ချစ်နေမှာပါ"

"မှားနေပြီ မယ်မှူးရာ"

"ရှင်တို့ချင်း နီးစပ်နေတာပဲလေ"

"နီးစပ်နေတိုင်း အချစ်ဖြစ်ရမှာလား"

အခါလွှန်မိုး သူမကို အားမလိုအားမရ ကြည့်နေမိသည်။

ကိုယ့်မျက်လုံးထဲကို ကြည့်ပါလား မယ်မှူးရယ်၊

ကိုယ့်ချစ်သူရဲ့ ပုံရိပ်တစ်ခု ရှိမှာပါ။

မသိယောင် မဆောင်ပါနဲ့လား။

အခါက သက်ပြင်းတစ်ချက်နှင့် ကားကို မောင်းထွက်လိုက်၏။

သူမမှာ ကိုယ့်ထက် ဦးသူရှိနှင့်နေသလား။ မွန်းကြပ်ကြပ်နှင့် နှလုံးသားမှာ ဝမ်းနည်း နာကျင်လာသည်။

တွေ့ဆုံကြဖို့ ရေစက် ပါလာပေမယ့် ဖူးစာဆုံဖို့ ကံ မပါခဲ့ဘူးလား။

တွေ့ကြုံတိုင်းမှာ ဆုံဆည်းခွင့်ဆိုတာ မရှိနိုင်ဘူးလား မယ်မှူးရယ်။

မင်းပြောတဲ့ တစ်စုံတစ်ရာက ဖန်တီးပေးမှုကြောင့် ကိုယ်တို့ချင်း ပတ်သက်ရင်းနှီးမှု ရှိလာပြီပဲ။

တခြားတစ်ယောက်ကို မချစ်လိုက်ပါနဲ့ကွာ။ မင်းကို ချစ်ခွင့်လေးတောင် မရခင် ချစ်စကားလေးတောင် မပြော ရခင် တိတ်တဆိတ် စွန့်လွှတ်ရမှာလား။

ကိုယ် မင်းကို ချစ်နေတယ်ဆိုတာ ဖွင့်ပြောပါရစေ

❤ ❤ ❤



''ဖြောင်း . . . ဖြောင်း . . . ဖြောင်း''

ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီပန်းရောင်အစင်းလေး ဝတ်ထားကာ ရှာထိုးဦးထုပ်ကို နောက်ပြန်ဆောင်းထားသော ဒေဝီကြော့ရှင်းက နာနေတဲ့ ခြေထောက်ကို မနာသလို ခြေခွဲ ရပ်ကာ ရှေ့က အကအဖွဲ့ကို လက်ခုပ်တီးပေးလိုက်သည်။

မယ်မှူးက ပုဝါစနှင့် ချွေးလေးသုတ်ရင်း ဝီဝီ ရပ်နေ ရာ ဝရံတာဖက်သို့ လျှောက်လာသည်။

''မယ်မှူးဆိုတာလား''

''ဟုတ်ပါတယ်''

"ကိုယ်က ဝီဝီပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ဝီဝီ၊ မင်းနာမည်ခေါ်ရတာ တစ်မျိုးလေးပဲ"

"အဟင်း . . .ဟင်း ဝီတို့ သူငယ်ချင်းဖြစ်သွားပြီဘယ်လိုလဲ"

"မယ်မှုးကလည်း ခင်တတ်ပါတယ်၊ ဝီဝီ အားရင်အိမ်ကို လာလည်ပါ၊ အခု ခြေထောက်က သက်သာသွားပြီလား၊ ကောင်းကောင်းလျှောက်နိုင်ပြီလား"

"သိပ်တော့ မလျှောက်နိုင်သေးဘူး၊ ဒါပေမယ့် ဝီဝီကအိမ်မှာနေရတာ ပျင်းလို့ ထွက်လာတာပါ"

"ကိုအခါ ဘယ်ရောက်သွားလဲ"

"ရှိပါတယ်၊ ဝီက မယ်မှုးနဲ့ စကားပြောချင်လို့ပါမယ်မှုးက အက,ပါရမီရှိတယ်နော်"

"ဒီလောက်လည်း မဟုတ်ပါဘူး"





"တော်လွန်းလို့ ဝီဝီတောင် မနာလိုဖြစ်နေတာ"

"အိုး . . ."

သူမစကားက ပွင့်လင်းလှသည်။

"အခါ့နားမှာ ဝီပဲ အမြဲတမ်း ရှိခဲ့တာပါ။ အခု မယ်မှုးက အတူကွဲက,ပေးနေတော့ မြင်ရတာ အံ့ဩစရာ ဖြစ်နေတယ်"

"ကိုအခါ အတင်းခေါ်လို့ပါ ဝီဝီရယ်၊ မယ်မှုးကကင်မရာရှေ့ မနေတတ်ပါဘူး၊ ကြောက်တယ်"

ဒေဝီကြော့ရှင်းက ဟန်ပါပါလေး နှုတ်ခမ်းကို ယောင်ယောင်မှု အမဲ့ခွက်ကာ ပြုံးလိုက်ပါသည်။

ကြောက်လို့ပဲလေ။

သဝန်တိုခြင်းက ဝီဝီ့ရင်မှာ အပြင်းအထန် ပေါက်ကွဲနေသည်။ ထိုအမျိုးသမီးကို ဟန်ဆောင်ပြီးသော စကားဆိုနေတာ။ ခင်ဖို့ကောင်းပေမယ့် ဝီဝီ မနှစ်သက်နိုင်ပါ။

ဒိမိန်းမက ဝီဝီ့အချစ်တွေကို လာလုယူ ဖျက်ဆီးနေသလို ခံစားရသည်။ ဝီနှင့် နှစ်ပေါင်းများစွာ ခင်မင်လက်တွဲလာတဲ့ 'အခါ'က အခုဆိုရင် မယ်မှူးမှ မယ်မှူး ဖြစ်နေပြီ။ ဒီအမည်ကို နှုတ်ဖျားက မချ။

ဝီဝီ့ကိုတော့င် မယ်မှူးဟု ယောင်မှားခေါ်သေးသည်။ ရင်ထဲမှာ မခံမရပ် ဖြစ်မိတာတွေက စာဖွဲ့လို့ မရနိုင်။ ဝီကိုယ်တိုင်ပဲ သိပါသည်။

''မယ်မှူးက ကင်မရာရှေ့နေလည်း လှမှာပါပဲ''

နှုတ်မှ အလိုက်သင့် ပြောမိသည်။

ဟန်ဆောင်ရတာ ပင်ပန်းလွန်းပါဘိ။

ဖြစ်နိုင်ရင် ဝီ့ချစ်တဲ့သူ အနားကနေ ထိုအမျိုးသမီးကို ဆွဲဖယ်ထုတ်လိုက်ချင်သည်။

'ရှင် ဝေးဝေးသွားနေစမ်းပါ မယ်မှူးရေ၊ အခါနဲ့ လုံးလာမပတ်သက်ပါနဲ့' ဟု တားမြစ်လိုက်ချင်သည်။





လက်တွေ့မှာတော့ ရင်ထဲက ပူလောင်မနာလိုမှုကို ကွယ်ကာ နှုတ်ခမ်းက ပြုံးထားရသည်။

''အခါ့ကို မနက်စာ လိုက်ကျွေးဖို့ ပြောထားတယ်၊ မယ်မှူးပါ လိုက်ခဲ့လေ''

''နေပါစေ ဝီဝီတို့ပဲ သွားပါ''

အခါက အနားကို လျှောက်လာပြီး . . .

''ဟုတ်သားပဲ မယ်မှူးရ၊ ကိုယ်တို့ အတူတူ သွားအောင်''

''အိမ်မှာ ဖေဖေ စောင့်နေမှာ''

မယ်မှူးက အားနာစွာ ငြင်း၏။ ဝီဝီက လက်ပိုက်ပြီလျက် မယ်မှူး အမူအရာကို မသိမသာ အကဲခတ်နေသည်။

အင်း . . . . အခါ . . . အခါ။

ဒိမိန်းမကို ကြည့်တဲ့အကြည့်တွေက နွေးထွေးသက်ဝင်ပြီး ပျာယာခတ်နေပါလား။

မျက်လုံးထဲက နွေးထွေးနစ်လိုခြင်းတွေကို မဖုံးကွယ်နိုင်ပါလား။

ဝိဝိ အခါ့အကြည့်နွေးနွေးကို ဘေးကနေ နားလည်နေသည်။ ရင်ထဲလည်း နာကျင်ဝမ်းနည်းအားငယ်လှသည်

အခုတလော ဝိဝို့ဆီ အခါ ရောက်မလာတာ မယ်မှုကြောင့်ပေါ့နော်။ စိတ်ထဲက မလိုတမာနှင့် မေးနေမိသည်

"အန့်တီခင်ဆီ ကိုယ်ဖုန်းဆက်ပေးမယ်၊ မယ်မှုကိုယ်တို့ ခေါ်သွားပြီလို့ ပြောလိုက်မယ်လေ၊ ဖြစ်ပါတယ်

မသိဆိုးရွားနိုင်လှသော အခါကတော့ မယ်မှုမလိုက်လိုက်အောင် ကြိုးစားခေါ်နေပါသည်။

'အခါ' ဝို့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ ရှင် တကယ်မကြည့်တတ်ဘူးနော် . . ။



ကားထဲမှာ very ရေမွှေးရနံ့လေးက ပျံ့သင်းနေသည်။ မကြာခဏ လိုက်စီးဖူးနေသဖြင့် အခါလွန်မိုးရဲ့ ကားလေးက သူမအတွက် ရင်းနှီးနွေးထွေးနေပါပြီ။

ဒီနေ့လည်း ဖုန်းပြောရင်းက အိမ်က ကားဝပ်ရှော့ရောက်နေမှန်းသိတော့ အခါက သင်းဆွေတို့အိမ် လိုက်ပို့ပေးတာပါ။

ဒီနေ့ သင်းဆွေတို့အိမ်မှာ အလှူရှိသည်။ သူတို့လှူဒါန်းထားတဲ့ အလှူအတွက် အိမ်မှာ ဆွမ်းကျွေးပွဲပြန်လုပ်တဲ့ သဘော။

စောစောစီးစီး ရောက်မသွားရင် အပြစ်တင်မှာစိုးတာ
မို့ မယ်မှူးက အခါကို လာကြိုဖို့ပြောကာ အိမ်ကနေ မနက်
ကတည်းက ထွက်လာတာ ဖြစ်သည်။

တော်သေးတာက အခါက ခါတိုင်းလို ဘောင်းဘီရှည်
နှင့် စပို့ရှပ်ကို ဝတ်မလာဘဲ ပိုးချည်အရော ပုဆိုး
လည်ကတုံးရှပ်အင်္ကျီပေါ်က တိုက်ပုံအဖြူလေး ထပ်
လာတာပဲ။

ဒီလို မြန်မာဆန်သော အဝတ်အစား တိုက်ပုံတို့
လည်း အခါက ထူးခြားစွာ ကြည့်ကောင်းသည်။

မွန်ရည်ရှင်းသန့်နေပုံက လူကြီးလူကောင်းဆန်
သည်။ မယ်မှူးမှာ သူ့ကို မြင်လိုက်ရတော့ ငေးမော ကြည့်
သွားရတာ။ မယ်မှူးကိုယ်တိုင်လည်း ပန်းထိုးထားသော
ရွှေရောင်ဝတ်စုံလေးနှင့် ပဝါခြုံထားတာမို့ သူက ကြည့်
ပြုံးစိစိ။





ယဉ်စစနှင့် ချစ်စရာသဏ္ဍာန်လေးကို အခါ ကြည့်လို့
ပါ။ မယ်မှူးက ဘာလေး ဝတ်ဝတ် ကြည့်ကောင်း တင့်
တယ်သော ရုပ်ကာရှိသည်ပဲ။ ဒီလို လည်ပင်းအကပ် စိန်လည်
ဆွဲလေးနှင့်ဆိုတော့ မျက်နှာလေးက ပိုပြီး တောက်ပ ရွှန်းတင့်
နေသည်။

နှုတ်ခမ်းလေးကလည်း ရွှေရောင်၊ အိုင်းရှဲဒိုးလေးက
လည်း ရွှေရောင်၊ သူ့နံဘေးမှာ ရွှေနတ်သမီးလေး ရောက်နေ
သလိုပါ။

"မယ်မှူးကို လိုက်ပို့ရတာ၊ ကိုအခါ အလုပ်ပျက်နေပြီ"

"ရပါတယ်ဗျာ၊ ဆန်းဒေးပဲ"

"ဟိုက်ဂျရင် သင်းခွေက ဆွဲထားရင် ခက်မှာ၊ ကိုအခါ
ကို အားနာတယ်"

"ကိစ္စမရှိပါဘူး၊ တစ်နေ့လုံး နေပေးရမယ်ဆိုလည်း
ဖြစ်ပါတယ်"

သူက အလွန် သဘောကောင်းနေလေသည်။ သူ
လေသံနှင့် သူ့အမူအရာက မယ်မှုးအတွက်ဆို တစ်ဘဝလုံး
ပေးဆပ်နိုင်ပါတယ်လို့ အဓိပ္ပာယ် ဖော်ဆောင်နေသည်။

မယ်မှုး ရင်မှာ နှစ်သိမ့်ကြည်နူးခြင်းတွေက အနိုင်
အဆမသိ ဖြစ်ထွန်းလာသည်။

သူနှင့် လမ်းအတူသွားရတဲ့ ခရီးတာလေးက ကြည်နူး
စိတ်ချမ်းမြေ့စရာပါ။ ရင်ထဲ အလိုလို ပျော်နေသည်။

ကားလေးထဲက နှစ်ယောက်ကမ္ဘာမှာ နေလို့မဝ။

နေရောင် စူးရှလို့လည်း စူးရှတယ် မထင်။ ယာဉ်
ကြောပိတ်ပြီး ရှည်ကြာလည်း ရှည်ကြာတယ်လို့ မထင်၊ မိနစ်
စောင့်ရလည်း စောင့်ရတယ်လို့ မထင်။

ဘေးဘီဝဲယာမှာ လမ်းဖြတ်ကူးကြတဲ့ လူတွေကို
ကြည့်ပြီး အဝါမျဉ်းကြားမှာ ဖြည်းဖြည်းမောင်းရလည်း
စိတ်ရှည်ရှည်ပါပဲ။





အချစ်ဆိုတာ စိတ်ကိုကြည်လင်လန်းဆန်းစေတဲ့
...ရာ။ အို . . . မယ်မှုးဘာတွေ တွေးနေမိပါလိမ့်။

ခေါင်းထဲမှာ ရှိသင့်တာ ကြယ်လင်းအကြောင်းပါ။

သူပြန်လာရင် အဖြေပေးရဦးမှာလေ။

တစ်ခါတစ်ခါ ကြယ်လင်းကို သူမ မေ့နေသည်။

ကြယ်လင်းမျက်နှာကို မြင်ယောင်မိရင် သူမဟာ
...နောင်တဲ့မှု တစ်ခုထဲ ကျရောက်သွားသလို ခံစားရသည်။

မေမေက ကြယ်လင်းနဲ့ပဲ လက်တွဲစေချင်တာ၊ ပွင့်
...ပွင့်လင်းလင်း မယ်မှုးကို ပြောထားပြီ။

ဒါပေမယ့် အခု မယ်မှုးရဲ့ စိတ်တွေက တခြားကို
...ပျံ့လွင့်နေခဲ့ပြီ။ ဘာမှ မတတ်နိုင်။

သူ့မှာလည်း နီးစပ်ပတ်သက်နေတဲ့ ဝိဝိ ရှိသားပဲလေ။
...မယ်မှုးတို့ရှေ့ဆက် မတက်သင့်ပါဘူးဟု အလိမ္မာ အတွေး
...ဝင်တဲ့အခါလည်းဝင်။

ပြေးလွှားတွက်ချက်နေတဲ့ ခံစားချက်တွေက လိုက်မမီပါဘူး။

"အင်းလျားလမ်း ဘယ်နားလဲ၊ လမ်းညွှန်ဦးနော်"

"အင်း"

သူပြောမှ သတိဝင်သည်။

"မီးပွိုင့်ရဲ့ ဟိုဘက်၊ ရှေ့ဆုံးက လာတဲ့လမ်းကျယ်ကြီးပဲ၊ လမ်းက နှစ်ဖက်လေ"

မယ်မှူးက သင်းဆွေအိမ်ကို ညွှန်ပေးသည်။

သင်းဆွေတို့ ခြံရှေ့ရောက်တော့ ကားတွေ အတော်များနေပါသည်။ ကားတံခါးဖွင့်ပြီး ဆင်းလိုက်တယ်ဆိုရင် သင်းဆွေက ဆင်းပြီး ခရီးဦးကြိုဆိုသည်။

"ဟယ် ... ဘယ်က ကားလဲလို့ မယ်မှူးလေးကို"

"ဧည့်သည်လည်း ပါလာတယ်၊ အိမ်ပေါ် ကြွပါဦး၊ အခုမှ မြင်ဖူးပေမယ့် သင်းဆွေ ရှင့်နာမည် ကြားဖူးပါတယ်။ ဦးအခါလွန်မိုးရေ သိလား"





"ကျွန်တော်လည်း မယ်မှူးပြောလို့ သိနေပါတယ်"

သင်းဆွေက အိမ်ပေါ် အတူလှမ်းတက်ရင်း မယ်မှူးကို 'ဘယ်လိုလဲ' ဟု မျက်စပစ်ပြီး မေးခွန်းထုတ်သည်။

မယ်မှူးက အသာအယာ ပြုံးနေမိသည်။ အတူတူ ပွဲတက်လာတယ်ဆိုတော့ သင်းဆွေလေးက စိတ်ဝင်စားပြီပေါ့။

ဘယ်လို ရှင်းပြရမှာလဲကွယ် မိတ်ဆွေအဖော်မွန် ကောင်လေးတစ်ယောက်ပါ။ အထင်မလွဲပါနဲ့ဦး ...။ အခုထိ ရိုးသားနေဆဲပါ။

သင်းဆွေတို့ အလှူမှာ ကြာဇံကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းပေါင်း၊ ဘဲပေါင်း၊ ဟင်းချိုစသဖြင့် အတော်စုံလင်လှသည်။ လက်ဖက်နှင့် အချိုပွဲတွေ၊ သစ်သီးပွဲတွေကလည်း အလျှံပယ်။

မယ်မှူးမှာ သူ့ရှေ့မှ သစ်သီးပွဲ၊ လက်ဖက်ပွဲသာ စားပြီး နှုတ်ခမ်းကို ကျယ်ကျယ်မဟပဲအောင် ရှက်ရွံ့နေမိသည်။

သူ့ရှေ့ရောက်ပြီဆိုတာနှင့် လူက ဘာကိုမှန်းမသိ ရှက်သလိုလို ကြောက်နေသလိုလို ဖြစ်ရသည်။ တကယ်တမ်း ဘာမှလည်း ဟုတ်တာမဟုတ်။ ရင်ဖို ရှက်ခွေးရတဲ့ ခံစားချက်ကြီးက အတော်ဆန်းကြယ်သည်။

"မယ်မှူးနော်၊ ပြောစရာတွေ ရှိတယ်၊ မပြန်နဲ့ဦးနော်၊ လူရှင်းသွားရင် အေးအေးဆေးဆေး ပြောစရာတွေ ရှိတယ်"

သင်းဆွေက တီးတိုးလာမှာ၏။

အခါလွန်မိုးက ပြုံးနေသည်။ မယ်မှူးနှင့်ပတ်သက်ရင် သူဟာ စိတ်ရှည်သဘောကောင်းစွာ ပြုံးငြိမ်နေစမြဲ။

တကယ်လည်း သင်းဆွေက လူရှင်းတိတ်သွားချိန်မှာ အခါ စီးကရက် ထွက်သောက်နေတုန်း မယ်မှူးကို အတွင်းဖက် ထမင်းစားခန်းဆီ လက်ဆွဲခေါ်သွားသည်။

"ကဲ . . ရှင်တို့က ဘယ်လိုတုန်း"

"ဘာကို မေးတာလဲ သင်းဆွေရဲ့"





"အမယ် . . . မသိချင်ယောင်ဆောင်နေသေးတယ်၊ ကြယ်လင်း ပြန်လာရင် ငါတိုင်ပြောမှာနော်"

"မကြောက်ပါဘူး"

"ရှင် အခု သူနဲ့ တွဲနေတာလား မယ်မှူး"

"မဟုတ်ပါဘူးနော်"

"ကြယ်လင်းကို ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုမှ မလုပ်ဘူး"

"ကိုအခါလွန်မိုး ကြည့်ရတာ ရှင့်ကို သဘောကျနေပုံပဲ မယ်မှူး"

မယ်မှူး မျက်နှာလေးနီမြန်းသွားရကာ . . .

"ရိုးရိုးပါပဲ သင်းဆွေရယ်၊ နင်ထင်သလို မဟုတ်ပါဘူး"

"အခု မဟုတ်လည်း တော်ကြာ ဟုတ်တော့မှာပါ"

"ခက်ပါလားနော်"

"နင် ဆုံးဖြတ်ရခက်နေပြီမို့လား၊ အင်းပေါ့လေ၊ ရွေးရခက်သွားမှာပေါ့၊ ဟိုဖက်ကလည်း သူငယ်ချင်းသံယောဇဉ်က ရှိတယ်၊ ဒီဖက်မှာလည်း လွယ်လွယ်နဲ့ မပြတ်သားနိုင်ဘူး"

"နင် ထင်တာတွေ လျှောက်ပြောမနေနဲ့"

"မဟုတ်ဘူးလား"

"ကိုအခါက ငါ့အတွက် မိတ်ဆွေကောင်းတစ်ယောက်ပါ၊ အလုပ်အတူတူ တွဲလုပ်နေတဲ့ သူငယ်ချင်းသဘောပါ။ သူ့ဗိုစီဒီပြီးရင် တွေ့စရာ အကြောင်းလည်း သိပ်မရှိတော့ပါဘူး"

"တွေ့စရာအကြောင်း မရှိတော့မှာ စိုးရိမ်နေတယ်ပေါ့"

"မစ,ပါနဲ့ သင်းဆွေရယ်၊ သူ ကြားသွားဦးမယ်"

"နင် ဗိုစီဒီရိုက်တယ်ဆိုတာ ကြယ်လင်းသိရင် အံ့ဩသွားမှာပဲ"





"ကိုအခါ အကူအညီတောင်းလို့ ဒီတစ်ခွေပဲ လုပ်ပေးတဲ့သဘောပါ၊ မယ်မှူး ဝါသနာ မပါဘူး"

"အခွေပြီးရင် နင်တို့လည်း ဇာတ်လမ်းဖြစ်ပြီပေါ့"

"ဘာဇာတ်လမ်းလဲ . . သွား"

မယ်မှူးက သင်းဆွေကို တွန်းပစ်လိုက်၏။

"သူလည်း ချောပါတယ်၊ အရည်အချင်းလည်း ရှိတယ်၊ နင့်ကို ချစ်ပုံလည်း ရပါတယ်။ ဒါပေမယ့် ငါတော့ ကြယ်လင်းကြီးလည်း သနားမိသေးတယ်"

သင်းဆွေက ခံစားချက်နှင့် တွေးတွေးဆဆ ပြောနေသည်။ အခါလွှန်မိုးကိုလည်း သူ အမှတ်ပေးတဲ့သဘော။

မယ်မှူးရင်မှာ အားတက်မိ၏။

"ဒါပေမယ့် ငါ ကြယ်လင်းကိုပဲ လက်ခံမှာပါ၊ စိတ်မပူပါနဲ့"

"စိတ်ချမ်းသာသလို ဆုံးဖြတ်ပေါ့၊ နင် ဘယ်သူ့ဘက်ပိုလဲဆိုတာ သင်းဆွေ သိပါတယ်"

ယယ်သူငယ်ချင်းဖို့ သင်းဆွေက ရိပ်မိနေသည်။

မယ်မှူးက ခေါင်းလေး အသာယမ်းသည်။

ကျေးဇူးရှင်မိဘတွေရဲ့ သဘောထားက မယ်မှူး အတွက် ပိုအရေးကြီးပါတယ်။ ကိုယ်ရေးကိုယ်တာ ခံစားချက်တွေကို ဦးစားပေးဖို့ မဖြစ်နိုင်ပါ။

ဒါကြောင့်လည်း မယ်မှူးမှာ ကြယ်လင်းရှိကြောင်း သူ့ကို ကြိုတင်အသိပေးခဲ့တာပေါ့။ သူလည်း မယ်မှူးအပေါ် မျှော်လင့်ချက် ဝင်မလာတော့ဘူးပေါ့၊ အေးရောလေ။

သို့သော် အရာရာသည် မယ်မှူးထင်သကဲ့သို့ မဟုတ်ပါ။ ဒါကို သူမ မကြာခင် သိရသည်။ သင်းဆွေတို့အိမ်က အပြန်ခရီးလေးမှာ သူတို့နှစ်ဦး နီးကပ်သွားဖို့ တစ်စုံတစ်ရာက ဖန်တီးခဲ့ဟန် တူပါသည်။

❤ ❤ ❤



''မယ်မှူး အိမ်ပြန်မှာလား''

''အင်းလေ''

''BLAZON ခကာ ဝင်ရအောင် ဓာတ်ခဲ ဝယ်ချင်လို့''

အခါက အကြောင်းပြသည်။

တကယ်တော့ ဒီလို အခွင့်သာတုန်းလေး သူမနှင့် ခပ်ကြာကြာ အတူနေချင်လို့ပါ။ သူမကို အိမ်ပြန်ပို့ပြီး ဘစ်ယောက်ထဲ ငေါင်ပြီး ပြန်မသွားချင်သေး။

မယ်မှူးနှင့် မခွဲခွာချင်သေးတာအမှန်။ ဒါကြောင့် သူ အချိန်ဆွဲလိုက်တာ။

BLAZON က ဂျေဒိုးနတ်မှာ ခဏ ဝင်ထိုင်ဖို့ အကြ
အစည်နှင့်ပါ။

မယ်မှုးက သူ့ဖက်တစ်ချက်စောင်းငဲ့ကြည့်ပြီး . . .

"ဝင်လေ၊ အချိန်ရပါသေးတယ်"

အခါက ကားကို ဒီဘက် ဦးဝိစာရလမ်းဘက် ဖြတ်ဖို့
ရွှေလီလမ်းထဲသို့ ချိုးဝင်လိုက်သည်။

သူတို့ထွက်လာတုန်းက မိုးမအုံ့ပေမယ့် အခုထွက်
လာတော့ မိုးလေး ခပ်အုံ့အုံ့နှင့် လေပြေညင်းတို့ တိုက်ခတ်
နေသည်။

ရွှေလီလမ်းထဲ ကားတစ်ဆင့်ချိုးပြီးချိန်မှာ မယ်မှုးက
သူမရဲ့ ဘယ်ဘက်လက်ကောက်ဝတ်လေးကို အမှတ်မထင်
မြှောက်ကြည့်ပြီး အလန့်တဖျပ် အသံလေးဖြင့် . . .

"ဟင် . . . မယ်မှုး နာရီလေးရော"

အခါက ကားကို အရှိန်လျှော့ ဘေးကပ်လိုက်၏။





သူမရဲ့ ရွှေရောင်ရာဒိုနာရီလေးကို လက်မှာ မတွေ့
တော့သဖြင့် ဟိုဒီ ရှာရင်း . . .

"မယ်မှုး နာရီလေး ဘယ်ပျောက်သွားလဲ မသိဘူး"

"ကျကျန်ခဲ့တာလား"

"သင်းခွေတို့ အိမ်က ထွက်လာတုန်းက ရှိပါသေး
တယ်၊ ပုဝါနဲ့ငြိလို့ မယ်မှုးတောင် ဖြုတ်လိုက်သေးတာ"

"ဟုတ်လား"

အခါက ကားကို လမ်းနံဘေးဆင်းချ ကပ်ရပ်လိုက်ပြီး
သူမနှင့်အတူ နာရီပိုင်းကူရှာပေးရသည်။

"အဲဒီနာရီက မယ်မှုး အရမ်းကြိုက်တာ၊ ဒုက္ခပါပဲ
ပျောက်သွားပြီလား မသိဘူး"

သူမရဲ့ နှမြောဝမ်းနည်းသံကြောင့် အရေးတကြီး
ပြန်တွေ့မှုကို ဖြစ်တော့မှာပါ။ အခါက သူမခြေထောက်အောက်
မြှိုင်းခုံးပေါ် ငုံ့ကြည့်၏။

သူမက ကိုယ်လေး ကျုံ့ထားသည်။

မယ်မှူး အသက်ရှူမြန်သွားရပါသည်။ သူက ဖြူ

ဖြတ်ဖြတ်ဖြင့် ဟိုဒီ လှည့်ပတ်ရှာဖွေတာမို့ နှစ်ယောက်သ

လူချင်းထိကပ်မတတ် ဖြစ်သွားသည် မဟုတ်လား။

အခုမှ ကားထဲက ဆင်းဖို့ကလည်း သူ့ကို အား

စရာ။ မယ်မှူးရင်ထဲ ဗိုက်နွေးလှိုက်တုန်လာရသည်။

ထိုင်ခုံကို ကျော်ကိုင်၍ အခါက ငုံ့မိုးရှာဆဲ။

ဒီမှာပဲ ပြုတ်ကျတာဆိုရင်တော့ ဒီမှာပဲ ရှိရမည်

ဘယ်ဘက်လက်ကောက်ဝတ်မှာမို့ ကားတံခါးနား

ပိုပြီး ဖြစ်နိုင်သည်။

တံခါးဘောင်ဘက် သေချာကြည့်၏။

မယ်မှူး ရင်တွေဖိုကာ အသက်ရှူအောင့်ထား

သည်။ အခါလည်း မယ်မှူးဆီက ကိုယ်သင်းနံ့လေးတစ်မျိုး

ရှူရှိုက်နေမိကာ လူက ရီဝေယစ်မူးချင်သည်။





ဘယ်လိုကြောင့် သူမအနား တိုးကပ် ထိတွေ့ချင်နေ

ပါလိမ့် ... ပြဿနာ။

သူမဟာ သံလိုက်တုံးကလေးပမာ အခါ့ကို ညှို့ယူ

နေပါလား။

အခါ သူ့ကိုယ်သူလည်း အံ့သြမိသည်။ မယ်မှူးကို

အရမ်းချစ်မိနေပြီ။

''ဟော ... ဒီမှာ ... တွေ့ပြီ''

''ဟင် ... ဟုတ်ပါရဲ့''

သူမရဲ့ ဘယ်ဘက်ခြေရင်းကနေ အခါက နာရီ

ရောင်လေးကို ကောက်ယူလိုက်ပါသည်။

သူမ လက်လှမ်းတာကို ထည့်မပေးဘဲ သူမ လက်

လေးကို ဆွဲယူကာ နာရီ ပြန်ပတ်ပေးလိုက်သည်။ ထို့နောက်

က်ကလေးကို မလွှတ်ချင်ဘဲ လက်ဖမိုးလေးကို ဆွဲယူ

ရှိုက်လိုက်မိသည်။

လမ်းကလေးမှာ လူရှင်းကာရှင်းနေသဖြင့် မယ်မှုံ မသိမသာလေး နောက်တွန့်သွားပါသည်။

သူမ လက်ဖမိုးနှင့် အခါ့ နှုတ်ခမ်းနွေးနွေးထိတွေ့လိုက်တာကို မယုံနိုင်ဘဲ ဖြစ်နေသည်။

မယ်မှုံရဲ့ စိတ်လှုပ်ရှား တုန်ရီသွားသော ပုံစံလေးကြောင့် အခါ့ရင်ထဲ ပိုပြီး မချင့်မရဲ ဖြစ်သွားရကာ ကိုယ်လုံးလေးကို သူ့ဖက်ဆွဲယူပြီး ဖက်ထားလိုက်မိသည်။

တစ်ခဏတော့ မယ်မှုံက ငြိမ်သက်သွားသည်။

ပါးပြင်လေးကို သူ့ အထပ်ထပ် နမ်းပစ်လိုက်တော့မှ သတိဝင်လာသလို သူ့ရင်ဘတ်ကို တွန်းဖယ်သည်။

“ချစ်တယ် မယ်မှုံရယ်”

“အို . . . ဖယ်ပါ”

အလန့်တကြားလေး ရုန်းဖယ်သည်။ အခါက မလွှတ်ချင်ဘဲ နှုတ်ခမ်းလေးဆီ ထိကပ်ဖို့ ရည်ရွယ်သည်။





“ဟင့်အင်း”

သူမ ခေါင်းလေးတိမ်းပြီး သူ့ရင်ခွင်က ရုန်းထွက်သွားသည်။

ပြီးလျှင် မယ်မှုံက အခါ့ကို မကြည့်ရဲတော့သလို ရှက်ရှက်နှင့် ကားတံခါး ဖွင့်ဆင်းလိုက်သည်။

အရေးထဲ ပုဝါစက ငြိနေသေးသဖြင့် မယ်မှုံက ငြိသွားတဲ့ ပုဝါကို ဆွဲဖယ်ပြီး ထိုင်ခုံပေါ် ပစ်ချလိုက်၏။

သူမ အပြုအမူကို အခါ တစ်ခဏ ကြောင်ငေးကြည့်နေပြီးမှ တံခါးလော့ခ်လုပ်ကာ သူပါ နောက်မှ ပြေးလိုက်လာသည်။

“မယ်မှုံ”

“သွား . . . လာမခေါ်နဲ့”

“ကိုယ့်ကို စိတ်ဆိုးသွားတာလား”

မယ်မှုံက မဖြေ။

လှည့်လည်း မကြည့်၊ ခွာချွန်ဖိနပ်လေးနှင့် ဆတ် တောက်ဆတ်တောက် လျှောက်သာနေ၏။

အခါလွန်လည်း ဘေးက တကပ်ကပ် ပါလာပါသည် မယ်မှုံးမျက်နှာလေးကိုလည်း သူ မရဲတရဲ ကြည့်နေမိသည်

ထိုအချိန်မှာ မိုးက ခပ်ဖွဲဖွဲလေး ရွာလာသည်။

မယ်မှုံးက ရွှေလီလမ်းထိပ်ထွက်ပြီး BLAZON ရှိ ဘက်သို့ ခပ်သွက်သွက် လျှောက်သွားသည်။

ရှက်ရှက်နှင့်သာ စွတ်လျှောက်သွားနေတာ။

အခါလွန်မိုးကလည်း မချော့တတ် ချော့တတ် သူမကို တတွတ်တွတ် ချော့မော့လာပါသည်။

"မိုးတွေ ရွာလာပြီ မယ်မှုံး"

"ရွာပစေ"

"စိုကုန်လိမ့်မယ်"

"စိုပစေ"





"ခဏလေးစောင့်၊ ကားယူလာမယ်"

"ရှင့်ဘာသာ ယူချင်ယူ မယူချင်နေ"

"ကိုယ် မယ်မှုံးကို ချစ်လို့ပါကွာ"

"အို ... လာမပြောနဲ့"

"ကိုယ့်ကို မချစ်ဘူးလား"

သူ့ကိုယ်သူ ရုပ်ရှင်မင်းသားလို ဘေးကနေ တကောက်ကောက် လိုက်မေးနေတာ ကြည့်ဦး။

မယ်မှုံးက မကျေမနပ်လေး မျက်စောင်းရွယ်သည်။ မပြင်းထန်သော မျက်စောင်းလေးပါ။

အခါက BLAZON ထိ ပါလာသည်။ သူမ ဝင်ရင် လိုက်ဝင်။

သူမ ရပ်ရင် ရပ်၊ သူမ လျှောက်ရင် လျှောက်၊ လှေကားတက်ရင် အတူလိုက်တက်၊ ဒီလိုနှင့် တစ်ထပ်ပြီး တစ်ထပ် အပေါ်ရောက်သွားပါသည်။

''ကြည့်လို့ မမောသေးဘူးလား မယ်မှူးရယ်၊ ကိုယ်တောင် ညောင်းနေပြီ''

''ရှင့်ဘာသာ ပြန်ပါလား။ ဘာလို့ လျှောက်လိုက်နေလဲ''

''စိတ်မချဘူးကွ . . . ချစ်သူလှလှလေးကို ဘယ်ယောက်ျားက စိတ်ချလက်ချ ထားခဲ့နိုင်ပါ့မလဲ''

''ဘာချစ်သူလဲ ရှင်နော်''

မယ်မှူးက သူ့ကို တိုးတိုးကြိတ်ကြိတ် မာန်မဲပေမယ့် သူက ပြုံးစိစိနှင့် ပျော်နေမိသည်။

သူ့အပေါ် မယ်မှူး ဟန်ဆောင်တင်းမာထားတာ သူသိသည်။ သူမနှလုံးသားကို သူမ ညာနိုင်မလားလေ။

❤ ❤ ❤



''ဟက်လို''

''ဖုန်းမချလိုက်နဲ့နော်၊ မယ်မှူး''

''ဘာကိစ္စရှိလို့လဲ''

''မနက်ဖြန် ရိုက်ကွင်းရှိတယ်လေ''

''ကျွန်မ သိပါတယ်''

အေးစက်စက်လေသံကြောင့် အခါလွန် သက်ပြင်းရှိုက်မိသည်။ သူမက အသည်းယားစရာ ကောင်းအောင် ကိုယ့်ကို ရှောင်ဖယ်နေသည်။

''ကိုယ့်ကို ဘာလို့ ရှောင်နေတာလဲကွာ''

သူ မချိမဆန့် အသံနှင့် မေးလိုက်သည်။ မယ်မှုံကို မတွေ့ရတာ သူနေလို့ အဆင်မပြေ။ စားစားသွားသွား သူမ ကိုပဲ သတိရနေသည်။

"မရှောင်ပါဘူး၊ နည်းနည်း အလုပ်ရှုပ်နေလို့ပါ"

"မညာပါနဲ့ မယ်မှုံရယ်"

"ရှင်ပြောမှာ ဒါပဲလား"

"ခဏနေပါဦး"

အခါက ခပ်ရှရှ အသက်ရှူနေပြီးလျှင် . . .

"ကိုယ့်ကို ချစ်ဖို့ မင်းတွေဝေနေတယ်၊ အဲဒါ ဘာကြောင့်လဲ"

"ကိုအခါ ဘာတွေ မေးနေတာလဲ"

"မယ်မှုံဘက်မှာ ဘာပြဿနာရှိလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကြယ်စင်လင်းထွန်းကြောင့်လား"

"အဲဒါတွေ မယ်မှုံ မပြောချင်ဘူး"





မယ်မှုံ ပင့်သက်ငွေ့ငွေ့ရှိုက်မိသည်။

ဘယ်လိုပြောရမလဲ ကိုအခါ . . . ကျွန်မ မပြောပါရစေနဲ့။

တစ်ခါတလေမှာ အချစ်ဆိုတာ ဖွင့်ချမပြဘဲ သိမ်းဆည်း ထားလိုက်ရတာလည်း ရှိတတ်ပါတယ်။

ရင်ထဲမှာပဲ သိမ်းလိုက်ပါရစေတော့။

"ကိုယ့်ကို မင်းချစ်နေပါတယ် မယ်မှုံရယ်၊ မင်း မပြောလည်း ကိုယ်သိပါတယ်။ မင်းမျက်လုံးလေးတွေကို ကြည့်တာနဲ့ ကိုယ်သိတယ်"

"အဲဒါတွေ မပြောပါနဲ့ ကိုအခါ"

"မယ်မှုံ . . . ကိုယ့်ကို ချစ်တယ်လို့ ပြောပါ"

"ဟင့်အင်း . . . မချစ်ပါဘူး"

"တကယ် ငြင်းနိုင်လား၊ မလိမ်ပါနဲ့ကွာ"

"မဖြစ်နိုင်ဘူးလေ"

"ဘာကြောင့်လဲ မင်းနဲ့ ကြယ်စင်လင်းထွန်းက စေ့စပ်ထားတာလည်း မဟုတ်ပါဘူး။ ကိုယ် စုံစမ်းပြီးပြီ"

"လူကြီးချင်း စကားပြောထားပြီးပြီ ကိုအခါ၊ ကဲပါလေ... အဲဒါတွေ မပြောပါနဲ့တော့"

"မယ်မှူး... တစ်ခုခုတော့ အမှန်ပြော"

"ဘာကိုလဲ"

"ဟိုနေ့က ကိုယ့်လက်မောင်းပေါ် မှီလိုက်မိမှာစိုးပြီး မင်း ကားပေါ်က ရုတ်တရက် ဆင်းသွားတာ မဟုတ်လား။ တကယ်အမှန်က မင်း ကိုယ့်ပခုံးပေါ် မှီလိုက်ချင်တာ မဟုတ်လား"

"အို... အဓိပ္ပာယ် မရှိလိုက်တာ"

သူမ ဇွတ်အတင်း လိမ်ညာလိုက်သည်။

တကယ်တော့ သူ ပြောသလိုပါပဲ။ သူ့ပခုံးတစ်ဖက်မှာ စိတ်ချလက်ချ မှီကပ်လိုက်ချင်မိတာ အမှန်ပါ။





ဒါကို သူ ဘယ်လိုကြောင့် သိနေရတာလဲ။

မယ်မှူး ရင်မှာ ရှက်စိတ်နှင့် ပူနွေးရှိန်းမြလာရသည်။ သူမရဲ့ သွေးလည်ပတ်မှုတွေလည်း မြန်ဆန်သွားရသည်။

သူ့ရဲ့ အကြင်နာ အယုအယတွေကို မယ်မှူး တောင့်တပေမယ့် ဒါဟာ မဖြစ်နိုင်တဲ့ လမ်းတစ်ခုပဲလေ။

ဒီထက် ပိုပြီး မမေးပါနဲ့ ကိုအခါရယ်...

တောင်းပန်ပါရစေနော်....

❤ ❤ ❤

တစ်နေ့နေ့တော့ အခါ ဝိဝိ့ကို ချစ်လာမှာပါဆိုတဲ့ မျှော်လင့်ချက်ဟာ အတော်ကြီး အဓိပ္ပာယ်မဲ့လှတာ အခုတော့ ဝိဝိ သိပါပြီ။

သူ မယ်မှူးကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သိရပြီ။ သူကိုယ်တိုင် မယ်မှူးအကြောင်းတွေ နားညည်းအောင် လာပြောတာပဲလေ။

အခါရယ်... ရှင့်နှုတ်ဖျားကနေ တခြားမိန်းကလေး တစ်ယောက်ကို ရှူးသွပ်စွာ စွဲလန်းတမ်းတနေကြောင်း ရှင်ကိုယ်တိုင် ဝန်ခံတယ်နော်။





"ဝိဝိ သူ ငါ့ကို ရှောင်နေတယ်၊ ငါ မခံစားနိုင်ဘူးကွာ၊ သူ့ကို အရမ်းတွေ့ချင်တယ်"

အခါက ရင်ဖွင့် ညည်းညူနေတာမို့ သူမ ဘာမှ လုပ်မပေးတတ်။

ကရဝိတ်ဉယျာဉ်ထဲက ဆိုင်လေးမှာ အခါက ဘီယာ သောက်ရင်း တဖွဖွ ပြောနေတာပါ။

ဝိဝိ့ရင်ထဲ ဘာတွေဖြစ်နေသလဲ သူမသိနိုင်။ ခံစားနားလည်မပေးနိုင်။

သူ့နှုတ်က တမ်းတ ရေရွတ်နေတာ မယ်မှူးပါ။

ဝိလည်း လက်လျှော့လိုက်ပါပြီ အခါရယ်...

အခါ ချစ်တဲ့သူနဲ့ပဲ ပျော်နိုင်ပါစေတော့..။

"အခါ ဝိဝိ မယ်မှူးကို ရအောင် ခေါ်ပေးမယ်"

"အခု သူ့နားမှာ ကြယ်စင်လင်းထွန်း ပြန်ရောက်နေပြီဟ"

"အို . . ပြန်ရောက်လည်း မဆိုင်ပါဘူး၊ သူ နင့်ကို တွေ့ချင်ရင် လာတွေ့မှာပဲပေါ့"

"ဝိဝိ မသိပါဘူးကွာ၊ မယ်မှူးကိုင်တိုင်က မတွေ့ချင်တော့တာ"

"အဲဒီတော့ အခါ ဘာလုပ်ချင်လဲ"

"ငါ ဘာလုပ်ရမလဲ ဝိဝိ၊ အကြံပေးစမ်းပါဦး"

အခါက ဆံပင်တွေထဲ လက်ထိုးဖွကာ သူမ အကြံဉာဏ်ကို အားကိုးမျှော်လင့်နေ၏။

"သူနဲ့ အေးအေးဆေးဆေး ဆွေးနွေးကြည့်မလား ဝိဝိ ရအောင် စီစဉ်ပေးမယ်"

ဒေဝီကြော့ရှင်းသည် သူမရဲ့ ခံစားမှုကို ကြိတ်မှိတ်မျိုသိပ်ကာ အခါ အဆင်ပြေဖို့ပဲ ကြိုးစား ဖန်တီးပေးချင်မိတော့သည်။

အခါ မျက်နှာညှိုးရော်နေတာ သူမ မကြည့်ရက်ပါ။





ဒါဟာ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်အတွက် ကြေကွဲပက်လက် ခံစားဖူးတာ မဟုတ်ပါ။

အခု သူ့ခမျာ တကယ် အရမ်းချစ်လွန်းလို့သာ အရူးအမူး ဖြစ်နေရှာတာပါ။ အခါလွှန်မိုးရဲ့ ဝေဒနာက ဝိဝို့ထံသို့ပါ ကူးစက်လာသည်။

သူ ဝိဝို့ဆီ ရောက်မလာတာ ကြာပြီ။ အခု ရောက်လာတော့ သူ့မှာ နာကျင်မှုတွေ၊ လွမ်းဆွတ်တမ်းတမှုတွေနှင့်ပါလား။

သူ့မျက်လုံးတွေက ရီရီဝေဝေ ဆွေးနင့်နေသည်။

စားပွဲပေါ်က လက်ကျန်ဘီယာဖန်ခွက်ကို မော့သောက်လိုက်သည်။ ပြီးလျှင် စားပွဲထိုးကို လက်ပြကာ နောက်တစ်လုံးမှာ၏။

"အခါ . . . ဘီယာ ကြိုက်တာလည်း မဟုတ်ဘဲနဲ့၊ အဲဒီလောက် မသောက်နဲ့လေ"

မယ်မှုူးရှေ့မှာ သူ ဒီလို လွတ်လွတ်လပ်လပ်
သောက်ရဲမှာ မဟုတ်။

ဒါဟာ ဝိဝိကို အလေးမထား၊ ထည့်မတွက်၊ ဂရုမစိုက်
တဲ့ သဘောလား၊ ဒါမှမဟုတ် ပိုမို ရင်းနှီး ခွေးထွေးပွင့်လင်းတဲ့
သဘောလား။

ဘယ်လို ယူဆရင် ဝိဝိ စိတ်ချမ်းသာမလဲ။

ပိုပြီး ခွေးထွေးနီးကပ်မှု ရှိတယ်လို့ပဲ ထင်လိုက်
တော့မယ် အခါရယ်... ဝိဝိ ရှင့်ကြောင့် မကြေကွဲချင်ပါဘူး

"အခါ...ဝိ အခုပဲ သူ့ဆီ ဖုန်းဆက်မယ်၊ ပေး"

အခါ့ ခါးကြားက ဖုန်းကို လှမ်းတောင်းမိသည်။

"မလုပ်နဲ့၊ ဒီအချိန် သူ ဖုန်းမကိုင်ဘူး"

"ဘာကြောင့်လဲ"

"ဒီနံပါတ်ပေါ်တာနဲ့ သူ လုံးဝ လျစ်လျူရှုမှာပဲ၊ ကိုယ်
သိတယ်၊ မယ်မှုူး ကိုယ့်အပေါ် ရက်စက်နေပြီ"





ဝိဝိသည် မယ်မှုူးနှင့် သီးသန့်တွေ့ကြည့်ဖို့ တိတ်
တိတ်ကြိတ်ဆုံးဖြတ်လိုက်သည်။

အခါအတွက် တစ်စုံတစ်ရာတော့ ကူညီပေးချင်မိ
သည်။ သူမစိတ်ကိုပင် သူမ နားမလည်ချင်။

တကယ် ချစ်တယ်ဆိုတာဟာ ကိုယ်ချစ်မိသူရဲ့
ကောင်းကျိုးကို လိုလားတာပဲ၊ ချစ်သူပျော်နေရင် ကိုယ်ပါ
ဝမ်းမြောက်ကြည်နူးရတယ်ဆိုတဲ့ စကား တယ်မှန်ပါလား။

ဝိဝိ လက်တွေ့ ခံစားရပါပြီ။

ဒါဟာ အချစ်စစ်၊ အချစ်မှန်ပါပဲ။ သူ ပြန်မချစ်လည်းပဲ
အချစ်စစ်ဆိုတာ ဘာလဲ ဝိဝိ သိခွင့်ကြုံခဲ့ပါပြီ။

ဒီလောကကြီးမှာ သိပ်ကံကောင်းတဲ့သူတွေဟာ
အချစ်ခံရတတ်တယ်တဲ့၊ အဲဒီလိုပဲ ကိုယ့်နှလုံးသားမှာ အချစ်
စစ်မှန်ခြင်းတစ်ခု မွေးဖွားလာရင်လည်း ကံကောင်းတာပဲတဲ့။

ဝိဝိက ဒုတိယနည်းနှင့် ကံကောင်းသူပဲ ဆိုပါတော့။

ရင်ထဲက အူတုန်သည်၊ တုန်ချစ်ရတဲ့ ယောကျ်ား
မျက်ဝါးထင်ထင် တွေ့နေရပြီလေ။

ဝိဝိ့အနားမှာ မိတ်ဆွေသူငယ်ချင်းလို ထာဝရ ရှိသွား
လျှင်လည်း မဆိုးလှပါဘူး။

ဒီလိုပဲ ရောင့်ရဲ ကျေနပ်ရတော့မည်။

ဝိဝိက ဝေ့သီလာသော မျက်ရည်စများကို မျက်
တောင်လေးပုတ်ခတ်၍ သိမ်းဆည်းလိုက်သည်။

အခါကတော့ ငါးကင်တစ်ဖဲ့ မြည်းလိုက်၊ ဘီယာ
တစ်ငုံသောက်လိုက်၊ သီဟိုဠ်ဆန်လေး ဝါးလိုက်၊ ချိစ်
စားလိုက် လုပ်နေပါသည်။ ဝိဝိ့ရှေ့ ဖန်ခွက်ထဲမှာတော့
ကိုကာကိုလာ တစ်ဝက်ပင် မလျော့သေး။

စိတ်တွေက လေးလံမွန်းကြပ် ရှုပ်ထွေးနေသည်။

မနာလိုခြင်းနှင့် ပူလောင်စိုးထိတ်ခြင်းတွေ ပြီးဆုံးခဲ့ပြီ

ရင်မှာ ဘာမှ မကျန်တော့ပါ။





သူ မယ်မှုးဆီ သွားချင်လည်း သွားပါစေတော့။

ဝိဝိတို့မှာ ချစ်သူဖြစ်ခွင့် ပါမလာခဲ့ဘူးပဲ ထားပါတော့၊
ာများ တတ်နိုင်မှာလဲ။

နှလုံးသားမှာ တင်းကြပ်နာကျင်စွာနဲ့ပဲ ဝိ ခွင့်ပြုပါ
တယ် အခါရယ် . . . ချစ်ချင်တဲ့သူကိုပဲ ရှင် လွတ်လပ်စွာ
ချစ်ပါ။

ဒါဟာ ရှင့်ရဲ့ အခွင့်အရေးပါပဲ။

ဝိကတော့ သူငယ်ချင်း . . . ထာဝရအတွက်
သူငယ်ချင်းပါ။

❤ ❤ ❤

အန်တီချိုလင်းက မနက်ကတည်းကပင် ကားလေး ကိုယ်တိုင်မောင်းပြီး ရောက်လာပါသည်။

ကြယ်လင်းအမေသည် ကြယ်လင်းလိုပင် ပေါ့ပါး ရွှင်ပြစွာ သွက်သွက်လက်လက် နေထိုင်တတ်သူပါ။

ဘယ်သွားသွား သူ့ကား သူမောင်းတတ်သည်။

ပုံစံကလည်း ခေတ်မီသားနားသည်။

မဟော်ဂနီရောင် ဆံနွယ်တွေကို အဖျားလေး ခွေကောက်ကာ ပခုံး တစ်ဖက်တစ်ချက်မှ ချထားတတ်သည်။

အသက် ငါးဆယ်နီးပါးဟု မထင်ရအောင်ပင် နုပျို တက်ကြွ ဖျတ်လတ်နေသည်။





မေမေ့အပြင်အဆင်က အန်တီချိုထက် လူကြီးဆန်သည်။

သူတို့နှစ်ယောက်ဟာ ငယ်ပေါင်းသူငယ်ချင်းတွေမို့ ဒီလို သားရေးသမီးရေး ကိစ္စရှိလာသောအခါ ပိုစည်းလုံးပြီး ပျော်ရွှင်နေကြပါသည်။

မေမေနှင့် အန်တီချိုတို့ ပထမ ဧည့်ခန်းမှာ ထိုင်ပြောပြီးရင် ထမင်းစားခန်းဘက် ရွှေ့သွား၊ ထိုမှ မီးဖိုခန်းထဲထိ တွတ်တွတ် ပြောနေကြတုန်းပါ။

သူတို့ တိုင်ပင်နေတာ မင်္ဂလာကိစ္စပါ။

မယ်မှူးက မယောင်မလည် ခြံထဲဆင်းရှောင်ပြီး သစ်ခွအိုးလေး ရေဖြန်းနေဆဲမှာ အန်တီချိုလင်းက သူမအနားသို့ ရောက်လာသည်။

"သမီးလေး... ဘာတွေ လုပ်နေတာလဲ"

"ဒီလိုပါပဲ အန်တီ"

"ငါ့သမီးကတော့ အိမ်နေရင်းလည်း လှနေတာ ပဲဟော့"

မယ်မှူးက ချည်သား ဂါဝန်ဖက်ဖူးစိမ်းရောင်လေး ဝတ်ထားသဖြင့် သူမပုံစံလေးက လင်းလက်တောက်ပနေသည်။

ဖြူသော အသားအရေလေးနှင့် ချပ်ရပ်သော ကိုယ်လုံးသွယ်သွယ်မှာ ဘယ်လိုပဲကြည့်ကြည့် အင်မတန် ကြည့်ကောင်း၏။

"အန်တီက ပိုလှပါတယ်နော်"

"ဟုတ်လား... ဒါမျိုးလေး ကြားချင်တာ၊ မယ်မှူး သားက ဘာတွေပြောလဲ"

"ရှင်"

"မရှက်ပါနဲ့ကွယ်၊ အန်တီချို အားလုံး သိပြီးသား၊ အိမ်မှာ သားက ခုန်ပေါက်မြူးတူးနေတာပဲဟော့၊ မကြီးမယ်က ကျွမ်းတောင်ထိုးတာ၊ သမီးဆီက အဖြေရပြီတဲ့"





"အို"

ကြည့်စမ်းပါဦး။ ကြွယ်လင်းက အကုန်ဖွင့်ဟ ကြေညာနေပါလား။ မယ်မှူး မျက်နှာလေး နီရောင်ပြေးသွား ရသည်။ မျက်လွှာလေး ကမန်းကတမ်း ချလိုက်သည်။

"သမီးကို သူ သိပ်ချစ်တာ မယ်မှူးလေးရယ်၊ မယ်မှူး အကြောင်း အမြဲတဖွဖွ ပြောနေမယ်၊ အခုလည်း မာမီရေးတဲ့ မင်္ဂလာကိစ္စ အမြန်ဆုံး စီစဉ်ပေးပါတဲ့၊ အဲဒါ ကြောင့် အန်တီချို သမီး မေမေနဲ့ လာတိုင်ပင်တာဟော့၊ ဆီဒိုနားပဲ လုပ်မယ်မို့ လား"

မယ်မှူးက ရှက်ပြုံးလေးနှင့် ငြိမ်သက်နေမိ၏။

"အခုမှပဲ အန်တီချို့ဆန္ဒပြည့်တော့မယ်၊ သားနဲ့ သမီး ချစ်ခင်သင့်မြတ်ပါ့မလားလို့ လူကြီးတွေက တစ်ချိန်လုံး စိတ် ပူနေကြတာ၊ လူကြီးဆန္ဒနဲ့ပဲ မပြီးဘူးလေ၊ သမီးတို့ချင်း တစ်ယောက်နဲ့တစ်ယောက် လိုလား လက်ခံဦးမှ မဟုတ်လား။

အခုတော့ ကလေးတွေချင်း အဆင်ပြေတယ် ကြားရတော့ အန်တီဖြင့် ဝမ်းသာလိုက်တာ၊ ခင်မကို ပြောနေတာ၊ ချို ရင်တွေတောင် ခုန်နေတယ်လို့ ဟင်း ... ဟင်း''

အန်တီချိုက ရယ်ရင်း သူမ ပခုံးလေးကို အသာ အယာ ဖက်ထွေးလိုက်သည်။

သူ မယ်မှူးကို သမီးလိုချစ်တာ မယ်မှူး ခံစားမိပါ သည်။ ဒီလမ်းဟာ မယ်မှူးအတွက် ပန်းခင်းသော လမ်းပါ။

အခါရေ ... ခွင့်လွှတ်ပါကွယ်။

စိတ်ထဲက တောင်းပန်လိုက်မိသည်။

ကြယ်လင်းနှင့် မယ်မှူးဆိုတာ နားလည်မှုရှိခဲ့ပြီးသား သူငယ်ချင်း အရင်းအချာတွေပါ။ ဒီလို ဆုံးဖြတ်ခြင်းဟာ မယ်မှူးအတွက် ဘယ်သောအခါမှ မမှားနိုင်။

မေမေ့ကျေးဇူးကို ဒီနည်းနှင့်ပဲ ဆပ်ပါရစေတော့ အခါရယ် ... မယ်မှူးဘဝနဲ့ မယ်မှူးပါ။





အခါနဲ့ လက်မတွဲနိုင်ခဲ့တာ နားလည်ပေးပါ။

မယ်မှူး ရင်ထဲမှာ ဝမ်းနည်းသလိုလည်း ခံစားရ သည်။

ချစ်ခွင့်ကြုံပေမယ့် ဖူးစာက မဆုံနိုင်ဘူး အခါရယ်။

မယ်မှူးကို မေ့လိုက်ပါ။

မယ်မှူးလည်း ရှင့်ကို ရအောင် မေ့ထားလိုက်ပါ့မယ်။

ကြယ်လင်းကို ရွေးချယ်ပြီးတဲ့နောက် အခါ့ကို မေ့ နိုင်အောင် မေ့ပစ်ရမှာပါ။

❤ ❤ ❤

"မယ်မှူး သူ့ကို မတွေ့ချင်တော့ဘူး ဝီဝီ၊ စိတ် မရှိပါနဲ့"

"ဘယ်လိုပြောတာလဲ မယ်မှူးရယ်၊ အခါ မယ်မှူးကို အရူးအမူး ချစ်နေတာ မယ်မှူး မသိဘူးလားဟင်"

ဝီဝီက မယ်မှူးလက်ကလေးကို ဆွဲယူ လှုပ်ခါ၍ မေးလိုက်သည်။ သူမ အမူအရာနှင့် ဟန်ပန်က တည်ငြိမ် အေးစက်နေပါသည်။

"ဟင်... ပြောစမ်းပါ၊ သူ ဘယ်လောက် အစွဲအလန်း ကြီးတဲ့ လူစားလဲ သိလား"





"သိပါတယ် ဝီဝီ"

"သိရင် ဘာလို့ ဒီလို ဆုံးဖြတ်တာလဲ"

"ဒီမှာ ဝီဝီ၊ တစ်ခါတလေမှာ စိတ်ထဲရှိတဲ့အတိုင်း လုပ်လို့ မရဘူး။ အခြေအနေနဲ့ ကာလဒေသကို ထည့်တွက် ရသေးတယ်၊ မယ်မှူးက မွေးစားသမီးပါ၊ မိဘတွေ စိတ်ချမ်း သာဖို့ နံပါတ်တစ် ထားရတဲ့ အခါမျိုးမှာ ကိုယ့်ဘက်ကိုယ် မကြည့်နိုင်ဘူး"

"ဒါဆို အခါက ဘယ်လိုလုပ်မလဲ"

"မယ်မှူးကို ချစ်လို့ သူ သေမသွားပါဘူး ဝီဝီရယ်"

ဩော် ... ပြောရက်ပါပေ့ ... အခါ ကြေကွဲခံစား ရသမျှနှင့် မတန်တဲ့ အမျိုးသမီးပါလားနော်။

ဝီဝီ သူမကို စိတ်ပျက်လက်ပျက် ကြည့်နေမိ၏။

မယ်မှူးကတော့ ခပ်တည်တည် ခပ်အေးအေးပါပဲ။

မျက်လုံးထဲမှာ မျက်ရည်တစ်စက်မျှပင် မရှိ။

သူ့လမ်းသူလျှောက်ဖို့ သွေးအေးအေး ဆုံးဖြတ် ရွေးချယ်ပုံရသည်။

လူပုံလေး ကြည့်တော့ နူးညံ့သိမ်မွေ့သလောက် စိတ်ဓာတ်က မာကြောခက်ထန် ပြတ်သားသူပါလား။

ဝိဝိ မယုံနိုင်။

အခါပြောတုန်းက ဒီလောက် အပြတ်ကြီးဟု မထင်မိ၊ အခု မယ်မှူးကို မြင်မှ အခါပြောတဲ့ 'ရက်စက်တယ်' ဆိုတဲ့ စကား မှန်လှချည်လားဟု နားလည်သဘောပေါက် ရသည်။

"ဝိဝိ မယ်မှူးကို နားလည်မှာ မဟုတ်ပါဘူး"

သူမက ခပ်တိုးတိုး ဆက်ပြောသည်။

"တို့ မိန်းကလေးတွေဟာ တစ်ခါတလေမှာ ရင်ထဲမှာ ရှိတဲ့အချစ်ကို ထုတ်ဖော်ပြောပြလို့ မရတာမျိုး ရှိတယ် ဝိဝိ ဥပမာအားဖြင့် ဝိဝိ ကိုအခါလွန်မိုးကို သိပ်ပြီး ချစ်မြတ်နိုးမိတယ် ဆိုပါတော့ သူသိအောင် ဖွင့်ပြောမလား၊ ဒါမှမဟုတ် တိတ်





တိတ်လေးပဲ ရင်ထဲက ချစ်နေမလား၊ ဘယ်လိုပဲဖြစ်ဖြစ် မျိုသိပ်သိမ်းဆည်းထားရမှာပဲ မဟုတ်လား ဝိဝိရယ်၊ ပြောပါဦး"

ဝိဝိ သူမကို အံ့အားသင့်စွာ မျက်လွှာပင့်ကြည့်လိုက်မိသည်။ ဒီစကားက ဘာကိုဆိုလိုပါလိမ့်... ဝိဝိ့နှလုံးသားထဲက ချစ်ခြင်းမေတ္တာအကြောင်း မယ်မှူး ခန့်မှန်းရိပ်မိနေလို့လား။

ဝိဝိ မလုံမလဲနှင့် မျက်နှာလေးငယ်သွားရပါသည်။

"အဲဒီ သဘောပါပဲ၊ မယ်မှူးလည်း သူ့အချစ်ကို လက်ခံလို့ မဖြစ်သလို၊ မယ်မှူး ရင်ထဲက အကြောင်းတွေလည်း ဘယ်သူမှ သိခွင့်မပေးနိုင်ဘူးလေ"

မယ်မှူးက ကြေကွဲမှုကို ဟန်ဆောင်ဖုံးဖိကာ လေသံအေးအေးနှင့် ပြောလိုက်သည်။

အခါနှင့် မျက်နှာချင်းဆိုင်ရလျှင် သူမ ဒီလိုသွေးအေးအေးနှင့် ငြင်းပယ်ဖို့ မလွယ်ကူနိုင်။

အခါ့မျက်လုံးကို ကြည့်မိတာနှင့် ဆုံးဖြတ်ထားသမျှ ယိုင်နဲ့ အရည်ပျော်သွားနိုင်သည်။

ဒီတော့ အခါနှင့် တွေ့ဆုံဖို့ မဖြစ်နိုင်။

ဝီဝီကတစ်ဆင့်သာ အသိပေးရမည်။

"ရှေ့လဆန်းထဲမှာပဲ မယ်မှူး လက်ထပ်မယ် ဝီဝီ သူ့ကို ပြောလိုက်ပါ"

"ဟင် . . .တကယ်လား"

ဝီဝီ စိတ်လှုပ်ရှားသွားမိသည်။ အေးစက် ပြတ်သား နိုင်ပါဘိ မယ်မှူးရယ် . . .

ဒါဟာ အချစ်တွေကို သိမ်းဆည်းသော့ခတ်လိုက်ပြီး ပြောထွက်တဲ့ စကားတဲ့လား။

မယုံနိုင်စရာပါ။

"ဝီဝီနဲ့ ကိုအခါကို ဖိတ်စာပို့ပေးမှာပါ၊ သူ့ကို ဆက်ဆက်တက်ဖို့ ပြောပေးပါနော်"





"မင်္ဂလာဆောင်ပါ ဖိတ်မယ် . . . ဟုတ်လား"

"မဖိတ်ရဘူးလား . . . မဖိတ်သင့်ဘူးလားဟင်"

"အို . . . ဝီဝီ မပြောတတ်ဘူး၊ မယ်မှူးသဘောပါ"

ဝီဝီ့ရင်ထဲ အခုပင် ငိုချင်စိတ်ပြင်းပြမိသည်။ အခါ ကြားရင်လည်း ရင်ထဲမှာ ငိုချင်သွားမှာပါ။

"မယ်မှူးဘက်ကတော့ ဖိတ်မှာပါ၊ တက်ရောက်တာ မတက်ရောက်တာကတော့ သူ ဆုံးဖြတ်ပေါ့၊ မဟုတ်ဘူးလား"

ဝီဝီ ဘာမှ မပြောနိုင်တော့ဘဲ မယ်မှူးမျက်နှာလေးကိုသာ ငေးကြည့်နေမိသည်။

အခါလွှန်မိုးရဲ့ နှလုံးသားရေးရာကဏ္ဍက ဒီလို ဝမ်းနည်းကြေကွဲစရာနှင့် အဆုံးသတ်သွားမှာလား။

အို . . . သူ့နှလုံးသားမှာ ကြီးမားစွာ နာကျင်ဒဏ်ရာ ရသွားမှာပေါ့၊ ဒီလို မလုပ်လို့ မဖြစ်ဘူးလား မယ်မှူးရယ်။

မင်း တကယ် ချစ်တယ်ဆိုရင် အခါလွန်မိုးရဲ့ အသည်း ကို မခွဲသင့်ပါဘူး။ လက်ထပ်ပြီးတဲ့နောက်မှာ တစ်ဘဝ ကိုယ့်လမ်းကိုယ်လျှောက်ကြရတော့မှာ။

"တစ်ခု မေးပါရစေဦး"

"မေးပါ ဝီဝီ"

"မယ်မှူး ကြယ်လင်းကို လက်ထပ်ပြီးရင် နောင် မရနိုင်ဘူးလားဟင်"

"ဟင့်အင်း... မယ်မှူးက ဆုံးဖြတ်ပြီးရင် အဲဒီကိစ္စ ဘယ်တော့မှ နောင်တရလေ့မရှိဘူး"

"ဩော်... ဟုတ်လား"

သူမက ခေါင်းလေးညိတ်သည်။

ချီးကျူးပါတယ် မယ်မှူးရယ်.. မင်း သိပ်တော် တယ်။ အကပညာမှာ တော်သလိုပဲ မင်းဘဝနဲ့ ကကြိုး ကွက်တွေကလည်း လှပခန့်ညားပါတယ်။





သေသပ်ပိရိပါတယ်။ အလဲထိုးပြီး တစ်ချီတည်းနဲ့ အပြတ်အသတ် အနိုင်ရပါတယ်။

"ကောင်းပြီလေ၊ မယ်မှူးဘက်က ပြင်ဖို့ မရှိတော့ရင် အခါကို ဝီဝီ ပြောပြလိုက်ပါ့မယ်"

"သူ့ကို ဖြောင်းဖြပေးပါဝီဝီ၊ မယ်မှူးကို မနှောင့်ယှက် ဖို့ရော"

"ဒါကတော့ စိတ်ချပါ၊ အခါက မယ်မှူးထင်သလို လူစားမျိုးတော့ မဟုတ်ပါဘူး၊ ဝမ်းနည်းထိခိုက်သွားရင်လည်း သူ့ဘာသာ ကြိတ်မှိတ်ပြီး ခံစားလိုက်မယ့်သူပါ"

"ကျေးဇူးတင်ပါတယ် ဝီဝီ"

"ဝီဝီလည်း မယ်မှူးစိတ်ဓာတ်ကို ချီးကျူးပါတယ်"

ဒေဝီကြော့ရှင်းက ခပ်မဲ့မဲ့လေးသာ နှုတ်ဆက်စကား ဆိုလိုက်သည်။

အပြန်လမ်းမှာ ခြေလှမ်းတွေက အားမပါ။

မျှော်လင့်ချက်နှင့် စောင့်စားနေမည့် အခါ့မျက်နှာ ခပ်ညှိုးညှိုးကို ဝီ ဘယ်လို ရင်ဆိုင်ရမလဲဟင်။

ငိုတော့မလို နီရဲ နာကျင်နေတဲ့ မျက်လုံးတွေကို ဘယ်လို အင်အားနဲ့ ကြည့်ရမှာလဲ။

ဘယ်လို စကားလုံးနဲ့ နှစ်သိမ့်ပေးရမှာလဲ။



''မပြောချင်ပါဘူး အခါရယ်''

ဝီဝီက စိတ်ဓာတ်ကျကျနှင့် ပင့်သက်ကလေး ရှိုက်ရင်း အခါ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

အခါက သူမ မျက်နှာကို အဖြေရှာသလို ကြည့်နေ၏။

မယ်မှူးကို ခေါ်လာမည်ဟု ကတိပေးခဲ့ပေမယ့် တကယ်တမ်း ခေါ်မလာနိုင်တဲ့အပြင် 'မင်္ဂလာဆောင်တော့မယ်' ဆိုသော သတင်းစကားပင် ဟိုက ပါးလိုက်သေးတာ။

သူ့ကို ဘယ်လို ပြန်ပြောရမည်တောင် မသိတော့ပါ။

မယ်မှူးက ဝိဝိဒီကိစ္စတွေ ရှင်းသွားပြီးကတည်းက အခါလွန်မိုးကို အတွေ့မခံတော့တာပါ။ အခါ့ဘက်ကသာ အလူးအလိမ့် သတိရတမ်းတနေရတာ။

'သူမက မေ့လိုက်ပါ' တစ်ခွန်းနှင့် ဇာတ်လမ်းက ပြီးလိုက်ပြီလေ။ ခုထက်ထိ အခါ မယုံကြည်နိုင်သေးပါ။

သူမရင်ထဲက အချစ်ကို သိထားတာ မှန်ပေမယ့် အပြင်မှာ လက်မခံတော့ ဘာမှ မတတ်နိုင်ပါ။ သူကြိုးစား နေသမျှက အချည်းနှီး ဖြစ်နေပြီလား။

ဝိဝိက သူ့ကို မကြည့်ဘဲ အဝေးကို မျက်လုံးရှုံ့ ထားသည်။

"နင် မယ်မှူးနဲ့ တွေ့ခဲ့လား ဝိဝိ"

ဝိဝိ မဖြေ။ ပင့်သက်တစ်ရှိုက်နှင့် .... ပြီးမှ ...

"တွေ့ပါတယ် အခါရယ်"

"သူက ဘာတဲ့လဲ"





ဝိဝိ မျက်နှာလေး ပျက်နေသည်။ သတင်းကောင်း မဖြစ်နိုင်တော့ဘူးဆိုတာ အခါလွန် ရိပ်မိသည်။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် မယ်မှူးဆီက စကားတစ်ခွန်းတော့ သူ မျှော်လင့်သည်။

"ပြောလေ ဝိဝိ"

"ငါ စိတ်မကောင်းပါဘူးဟယ်"

"ပြောမှာသာ ပြောစမ်းပါ"

"အခါနဲ့ မတွေ့ချင်တော့ဘူးတဲ့"

အခါလွန်မိုးက ဆတ်ကနဲ ရှေ့တိုးလာသည်။

"ဘာလို့လဲ"

"သူ ကြယ်လင်းနဲ့ ယူတော့မှာလို့ ပြောတယ်"

"ကျွတ် ... အဓိပ္ပာယ် မရှိတာ"

အခါက ခါးခါးသီးသီးနှင့် နားမခံနိုင်သလို ပုံစံမျိုး ဖြစ်သွားသည်။

"မသိဘူးလေ၊ မယ်မှူး ကိုယ်တိုင်ပြောတာပဲ၊ မင်္ဂလာဆောင်ဖို့ စီစဉ်နေပြီတဲ့"

"တောက် . . . သူ တကယ် လုပ်မယ်ပေါ့"

"အို . . . မသိဘူးလေ"

"ငါပြဿနာ ရှာပစ်မယ် သိလား၊ မယ်မှူး ငါ့ကို ချစ်ရဲ့သားနဲ့ သူ့အမေစကား နားထောင်တာပါ၊ သူလည်း ခံစားနေရမှာပါ"

"အဲလိုတော့ အရမ်းကြီး မပေါက်ကွဲနဲ့လေ၊ အေးအေးဆေးဆေး ဖြေရှင်းမှပေါ့ အခါရယ်"

"အေးအေးဆေးဆေး . . ဟုတ်လား၊ အခု သူများလက်ပဲ ပါတော့မယ်၊ ငါက ကျန်ရစ်ဖြစ်လည်း အေးဆေးနေရမယ်ပေါ့"

"မယ်မှူးက တောင်းပန်လိုက်တယ်"

ထိုစကားကြောင့် အခါ ငြိမ်သက်သွားသည်။





အံတစ်ချက် ကြိတ်လျက် သူ လက်သီးနှင့် စားပွဲကို ထုသည်။

"အခါ"

ဝီဝီက သတိပေးသလိုလေး ခေါ်သည်။

အခါလွန်မိုးရဲ့ နှုတ်ခမ်းတွေက တင်းတင်း စေ့လျက်။

တကယ်ဆို သူနှင့် မယ်မှူးက ချစ်သူတွေလည်း မဟုတ်ပါ။ မယ်မှူးဘက်က ချစ်နေတယ်ဆိုတာ သူ့နှလုံးသားကသာ ခံစားပြီး သိရှိနေတာ။ အပြင်မှာ သက်သေပြစရာ ဘာမှ မရှိပါ။ လက်ဆုပ်လက်ကိုင်ပြစရာ ထင်ထင်ရှားရှား မရှိပါ။

ဒါပေမယ့် မယ်မှူး သူ့ကို အရမ်းချစ်တာ သေချာသည်။ ဒါပဲ ပြောနိုင်သည်။

သူ့အထင်တစ်ခု မဟုတ်ပါ။ မညာစတမ်း ဝန်ခံခိုင်းလိုက်ပါ။

နောက်ဆုံးတော့ 'ချစ်တယ်' ဆိုတာလေး တစ်ခွန်းပဲ ဖြစ်ဖြစ်၊ သူရနိုင်ဖို့ အခါ မျှော်လင့်သည်။

"မယ်မှူး သတ္တိမရှိဘူးကွာ၊ သိပ်ပျော့ညံ့တယ်"

အခါက မှတ်ချက်ချသည်။ တကယ်တော့ သိပ်ညံ့တာမဟုတ်ဘဲ သိပ်အတွေးအခေါ်ကောင်းတာလည်း ဖြစ်နိုင်ပါသည်။

စိတ်ဓာတ်မာကြောနိုင်မာတာကိုတော့ လေးစားရမှာပါ။ လုပ်စရာရှိတာကို မတွေဝေဘဲ ရဲရဲဝံ့ဝံ့ လုပ်ဆောင်စီစဉ်နိုင်သည်။ စိတ်ကူးယဉ်အချစ်ကို ဦးစားမပေး။

နားလည်မှုရှိပြီး အဆင်ပြေတဲ့ လက်တွဲဖော်ကို ခပ်အေးအေး ရွေးချယ်နိုင်သည်။

အချစ်နှင့် ဆော့ကစားဖို့ သူမမှာ စိတ်ကူးမရှိ။

အသည်းခွဲတယ်လို့ ဆိုရအောင်လည်း အခါလွန်မိုးကို ချစ်ခဲ့ တွဲခဲ့ပြီးမှ ထားရစ်ခဲ့တာ မဟုတ်ဘူးလေ။





အစကတည်းက အပြစ်ကင်းအောင် နေသူလေးပါ။

ထိခိုက်စရာရှိ သူမအသည်းနှလုံးကိုပဲ ထိခိုက်ခံပြီး ဝေးရှာတာပါ။ မယ်မှူးကို အပြစ်တင်လို့လည်း မရနိုင်တာ ဝိုဝို စဉ်းစားမိလာသည်။

သူမကိုယ်တိုင် အချစ်ကို သိမ်းဆည်းမြိုသိပ်ပြီး အနစ်နာခံ စွန့်လွှတ်တာဖြစ်ကြောင်း ဝန်ခံခဲ့တာပဲလေ။

"မယ်မှူးက သူ ချစ်နေလည်း အခါ သိအောင် ဖွင့်ပြောမှာ မဟုတ်ဘူး"

"အဲဒါကို ငါ့စိတ်က သိတာပေါ့"

"ဘာတတ်နိုင်မလဲ၊ စိတ်လျှော့လိုက်ပါ အခါရယ်"

"သူတို့ ဘယ်တော့ လက်ထပ်မှာလဲ"

"ဘာဖြစ်လို့ မေးတာလဲဟင်"

"ဝိုဝို့ကို မပြောလိုက်ဘူးလား"

"ဖိတ်စာရရင် ပို့ပေးမယ်တဲ့"

"ဘာ"

ဝိဝိ့အသံ တိုးသက်သက်ကို အခါ့အသံက ဖုံးလွှမ်းသွား၏။

"ငါတို့ကို ဖိတ်ဦးမယ်"

"အင်းလေ... အခါ သူ့မင်္ဂလာပွဲကို မတက်ချင်ဘူးလား"

"သူပြုံးနေနိုင်လားဆိုတာ ငါ့မျက်စိနဲ့ မြင်ချင်ပါသေးတယ်ကွာ"

"ဒါဆိုလည်း ဖိတ်စာရရင် သွားလိုက်ပေါ့"

"နင်လည်း လိုက်ခဲ့နော် ဝိဝိ၊ ငါ နင်နဲ့ အတူတူ တက်ချင်တာပါ၊ သူ့ပွဲမှာ ဒါမှ ငါ အားနည်းနည်း ရှိမှာ"

"အခါ လိုက်စေချင်ရင် လိုက်ခဲ့ပါ့မယ်"

"ဟား...ဟား ငါရိုက်ခဲ့တဲ့ ဇာတ်လမ်းတွေလို ချစ်သူတွေ ပျော်ရွှင်စွာ ညားလေသတည်း မဖြစ်တော့ဘူးပေါ့"





"သူတို့ချင်းတော့ ညားတဲ့သဘောပေါ့"

"ဒါဆို အခါလွန်မိုးက ဘာလဲ... ဗီလိန်လား"

"အို... နင်လည်း အဓိက ဇာတ်ဆောင်ပါ"

ဝိဝိက လျင်မြန်စွာ ပြန်ပြောလိုက်၏။

အခါ... ရှင်က ဝိဝိအတွက်တော့ မင်းသားပါ။ ဘဝပါးသော မိန်းကလေးကို ချစ်စိတ်ဝင်နေတဲ့ တစ်ဖက်သတ်မင်းသားလေးပါ။

ဒါကို ရှင် မသိဘူးနော်။

သိအောင်လည်း ဝိ မပြောရဲပါဘူး အခါရယ်...

မယ်မျှ စကားလိုပဲ တစ်ခါတလေ ဖွင့်ပြောလို့မဖြစ်တဲ့ စကားလုံးတွေ ရှိပါတတ်ပါတယ်။

တစ်နေ့နေ့တော့ ရှင် နားလည်လာမှာပါ။

❤ ❤ ❤

''လာပါ အခါရယ်၊ ဝီတို့ ပြန်ရအောင်နော်''

ဒေဝီကြော့ရှင်းက အခါလွှန်မိုး လက်မောင်းကို ချော့ချော့မော့မော့ ဆွဲခေါ်သည်။

ယုဇနေဂါးဒင်းမှာ ထိုင်နေပြီးမှ ဒီဘက် ရန်ကုန် ဂရုစ်ပလာဇာဘက် ဆက်ပြီး ရောက်လာတာ။

သူ စိတ်ညစ်နေချိန်မို့ ဝီဝီက သူ့အနားမှာ အဖော်အဖြစ် တစ်ချိန်လုံး နေပေးတာပါ။ မြူးဇစ်ကလပ်ထဲ ဝင်သွားပြီး သူ့အပေါင်းအသင်းများနှင့် က,လိုက်သေးသည်။

ဝီဝီက ဒီအတိုင်းပဲ ထိုင်ကြည့်နေသည်။





အခါနှင့် ဝင်မက၊ ခြေထောက် ထိနိုက်ပြီး နောက်ပိုင်း ဝီဝီ သိပ်ပြီး ခုန်ပေါက်မကု,နိုင်။

အရိုးအဆစ်မို့ သတိထားရသည်။

အင်းလေ... ဒီဒဏ်ရာကြောင့်ပဲ အခါနှင့် မယ်မှူးတို့ တွေ့ဆုံပတ်သက်မိတာပဲ။

ဝီသာ ဒီလို မဖြစ်ရင် အခါက မယ်မှူးကိုလည်း သွားခေါ်မှာ မဟုတ်။

သူတို့ ဒီလို နီးစပ်ပတ်သက်ခွင့်လည်း ရမှာမဟုတ်။

မပတ်သက်ခဲ့၊ မချစ်ခဲ့ရင် အခါ အခုလို အသည်းကွဲ သမားကြီး မဖြစ်ရဘူးပေါ့။

ဝီဝီသည် ဒစ္စကိုမီးရောင်လက်လက်ဖြာဖြာများကြားမှ အခါ့ကို ငေးမောကြည့်ကာ ကရုဏာသက်နေမိသည်။

ရှင် ကျေနပ်နေပျော်မယ်၊ စိတ်သက်သာရာရမယ်ဆို ဝီ ဘာမဆို ပေးဆပ်ဖြည့်ဆည်းပေးချင်ပါတယ်။

ရှင့် အတွက် လိုအပ်မယ်ဆိုရင် ဝီ အနှံ့အတားခံပြီး ချစ်သွားနိုင်ပါတယ် အခါရယ် . . ။ ဒီလိုနှင့် နည်းနည်း ညဥ့်နက်လာတော့ ဝီက သူ့ကို ဆွဲခေါ်ရတာပါ။

သူက နာခံပါသည်။ မြူးဇစ်ကလပ်ထဲမှ ထွက်ကာ မြေအောက် (Under Ground) ထဲက ကားပါကင်ရှိရာ လိုက်လာသည်။

ဝီ့လက်ကို သူ အမှတ်တမဲ့ တွဲထားသည်။

မျက်လုံးများက ရီဝေဝေ နက်ရှိုင်းနေသည်။

"ဝီဝီ"

"ဟင်"

"မယ်မှူး မနက်ဖြန် လက်ထပ်မယ်"

"အဲဒါ ဘာဖြစ်လဲ၊ ဒါပဲ တစ်ချိန်လုံး ပြောနေတာပဲ"

"ငါ ဂစ်တာပြန်ယူမယ်၊ သူ့ခြံရှေ့မှာ သီချင်းတွေ အော်ဆိုပစ်မယ်"





"မလုပ်စမ်းပါနဲ့ အခါရယ်"

"ငါ့ရင်ထဲမှာ မခံနိုင်ဘူး ဝီဝီရာ၊ သူ ဘာလို့ ငါ မဟုတ်တဲ့ တခြားယောက်ျား ရင်ခွင်ထဲ ဝင်ချင်ရတာလဲ၊ မိန်းမတွေက ဒီလိုပဲလား၊ လိုအပ်ချက်နဲ့ လက်ထပ်တာလား၊ သူ့ရင်ထဲမှာ အချစ်ဆိုတာ မရှိဘူးလား"

"တိတ်တိတ်နေစမ်းပါကွာ"

ဒီည ဝီဝီက ကားမောင်းပြီး သူက ဘေးမှ ထိုင်စီးသည်။ ညသည် တိတ်ဆိတ်အေးမြပြီး လူသူကင်းရှင်းနေ၏။

"ဝီဝီ . . . မယ်မှူးတို့ အိမ်ဘက်မောင်း"

"အို . . . ဘာလုပ်ဖို့လဲ"

"ဘာမှမလုပ်ဘူး၊ မောင်းမှာသာ မောင်းစမ်းပါ"

သူက အတင်းအကျပ် တောင်းဆိုသည်။ သူစေခိုင်းသော အရာမို့ ဝီက မငြင်းရက်။

"အခါ ကားပေါ်က လုံးဝ မဆင်းရဘူးနော်"

"အိုကေ ... မဆင်းဘူး"

"တကယ် ကတိနော်"

"ကတိ"

ကားက မယ်မှုးတို့ အိမ်ဘက်သို့ ပြန်ဦးတည်သည်။

ဒီတစ်ညတော့ သူ စိတ်ချမ်းသာသလိုသာ နေပါစေတော့။ ဒိဝိ သူ့ကို အပြစ်လည်း မတင်ချင်။

သူ့စိတ်ကြိုက် မယ်မှုးတို့ ခြံရှေ့ညဉ့်နက်နက်ကြီးမှာ ကားနှင့် ဖြတ်မောင်းပြသည်။

ခြံဝမှာ မီးထွန်းထားရုံမှတစ်ပါး တစ်ခြံလုံး တိတ်ဆိတ်ငြိမ်ကျမှောင်မဲလို့ပါပဲ။

ဘာသံမှပင် မကြားရ။

ခပ်ဝေးဝေးမှ ခွေးဟောင်သံသဲ့သဲ့ ကြားရလျှင် ...

"ပြန်မယ်နော် အခါ"

"သူ အိပ်နေမလား၊ အိပ်ပျော်နိုင်လား"





"အိပ်ပြီပေါ့"

"သတို့သမီးလေး အိပ်ပျော်နေပြီပေါ့"

"နင်လည်း ပြန်အိပ်လိုက်တော့ အခါရယ်၊ လိမ္မာပါတယ်၊ မနက်ဖြန်လည်း မယ်မှုး မင်္ဂလာဆောင်သွားရဦးမှာ မို့လား"

အခါက ဘာမှ ထပ်မပြောဘဲ နှုတ်ဆိတ်သွားသည်။ မယ်မှုးတို့ အိမ်မှ ပြန်ထွက်လာလမ်းမှာ လမ်းမကြီးပေါ်သို့ တက်ရသေးခင် အခါ ဘာစိတ်ကူးပေါက်သည်မသိပဲ။

"ဒိဝိ ... ကားခဏရပ်"

"ဟင် ... ဘာလို့လဲ"

"ငါ ပြောစရာ ရှိလို့ပါ"

"ဩော် ... ပြောစရာရှိတာများ၊ ဒီတိုင်း ပြောလည်းရတဲ့ဥစ္စာ"

"နင် ကားမောင်းနေတော့ နင့်မျက်နှာက ငါ့ဘက်မှ

မလှည့်တာ၊ ငါက နင့်မျက်နှာကို တည့်တည့်ကြည့်ပြီးမှ ပြောချင်တာ''

ရော် . . . ခက်ပါလားနော်။

သူက စတီယာရင်ပေါ်က ဗိုလက်ကို လာဆုပ်ကိုင်ပြီး ဟန့်တားသဖြင့် ကားကို ဘေးကပ်ရပ်လိုက်သည်။

''ကဲ . . . ဘာလဲ . . . အရေးတကြီးနဲ့''

''ဗိဗိ . . . နင် ငါ့ကို အရမ်း ဂရုစိုက်တယ်နော်''

သူ့စကားကြောင့် ရင်ထဲ ဖြာကနဲ နွေးကာ တုန်ယင်သွားမိသည်။ အမှောင်ထဲမှာ အခါ့မျက်လုံးတွေက စိုရီနူးညံ့ပျော့ပျောင်းနေသည်။

''ငါမှားတယ် ဗိဗိ''

''ဟင်''

''အစကတည်းကသာ နင့်ကိုချစ်ခဲ့ရင် ငါ ဒီလို ခံစားရမှာမဟုတ်ဘူးနော်''





''အို . . . ဘာတွေ လျှောက်ပြောနေတာလဲ''

''ဗိဗိ . . . နင် ငါ့ကို ချစ်ပါလား''

''အခါ . . . နင်မူးနေပြီ''

''နိုး . . . နိုး . . . ငါ လုံးဝ မမူးဘူး''

သူက ဗိဗိ လက်မောင်းလေးကို အသာဆုပ်ကိုင်လိုက်သည်။

''ပြောစမ်းပါ . . . နင်ရော မာယာများတဲ့ မိန်းမပဲလား''

''အခါရယ်''

''ငါ့ကို မချစ်နိုင်ဘူးလား ဗိဗိ''

ဗိဗိက စကားလွှဲသောအနေဖြင့် . . .

''မနက်ဖြန် မယ်မှုူး မင်္ဂလာဆောင်မှာ နင်ဘာဝတ်မှာလဲ M.K အမ်ကေ ဖက်ရှင်က ဝယ်ထားတဲ့ ခရင်ကလာနဲ့ အနောက်တိုင်းဝတ်စုံပဲလား၊ အဲဒါလေး နင်နဲ့ အရမ်းလိုက်တယ် သိလား''

"ဝိဝိ ဝတ်စေချင်တာ ကိုယ်ဝတ်မယ်"

"မနက်ကျ ထည့်ယူလာခဲ့နော်၊ ဝိ မီးယူတိုက်ပေးမယ်၊ ပြီးတော့ နက်ခ်တိုင် အဝါစင်းလေးလည်း မမေ့နဲ့ဦး"

"ဝိဝိ ... ငါ စိတ်ထိခိုက်အောင် နင် တမင်ပြောနေတာလား"

"မဟုတ်ပါဘူး ... မနက်ဖြန် အစီအစဉ်"

"အဲဒါ ခဏထားလိုက်"

"နင်မပြောစေချင်ရင် ဝိ ထပ်မပြောပါဘူး"

သူ့မျက်လုံးတွေက ငိုချလိုက်တော့မလို အပြင်းအထန် စိုလက်ရီဝေလာသည်။ မယ်မှုုးအတွက်နဲ့ ရှင့်မျက်ရည်ကျမလို့လား အခါရယ် ...

ဒါဆိုလည်း ဝို့ပခုံးကိုမှီပြီး လိုက်ပါ။

နာကျင်မှုတွေ သက်သာရာရအောင် ...။

မှောင်ပျပျမှာ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာ မျက်လုံးချင်းဆုံကြည့်မိကြသည်။





"ဝိဝိရယ် ...ငါလေ ..."

သူက ဆက်မပြောဘဲ ငို့ပခုံးထက်မှာ ကလေးတစ်ယောက်လို မှီချလိုက်သည်။

ငိုချင်တာကို တင်းထားတဲ့ပုံ။

မတင်းထားပါနဲ့ အခါရယ် ... ဝို့ကို မရှက်ပါနဲ့ ...

ရှင့်မျက်ရည်တွေ ကျခွင့်ပေးလိုက်ပါ။

ဒီအင်္ကျီလေးကို စိုစွတ်သွားလည်း ရှိပါစေ။

ပြီးရင်တော့ ဝို့ကို ချစ်ကြောင်း ထပ်ပြောပါ။

အစားထိုးပြီး ချစ်မိတာလားဆိုတာ အမှန်ကို ဝန်ခံပါ အခါရယ် ... ဝိ စိတ်မဆိုးပါဘူး ...

ပြီးရင် အဲ့ဒါအချစ်တွေ ရွာလိုက်ပါ။

တစ်သက်လုံး မျှော်လင့်စောင့်စားခဲ့ရတာပါ။

ရင်ခွင်တစ်ခုလုံးကို အခါလွန်မိုးရဲ့ အချစ်တွေနဲ့ စိုအောင် ရွာသွန်းပေးပါကွယ်။

❤ ❤ ❤

ဆုလေးနွယ်